ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် ကြာသပတေးနေ့။ Thursday, 23 March 2017 (၈၈၇၄)

# ဂျပန်နိုင်ငံ၏ အဆင့်မြင့် ကြွေထည်ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Noritake Co., Ltd.၏ ဥက္ကဋ္ဌ Mr. Tadashi OGURA နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ၏ အဆင့်မြင့် ကြွေထည်ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် Noritake Co., Ltd.၏ ဥက္ကဋ္ဌ Mr. Tadashi OGURA နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

## ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# YBS အတွက် ဘတ်စ်ကားသစ်များ ဧပြီလကုန်ခန့်တွင် တရုတ်နိုင်ငံမှ ရောက်ရှိမည်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့ YBS ယာဉ်လိုင်းများအတွက် ဘတ်စ်ကားသစ်များ ဝယ်ယူရန် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရကြား အစိုးရချင်းချိတ်ဆက်မှုစနစ်ဖြင့် ဝယ်ယူသွားရန် သဘောတူ လက်မှတ်ထိုးမည်ဖြစ်ပြီး ဧပြီလကုန်ပိုင်းခန့်တွင် ဘတ်စ်ကားသစ်များ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

## YBS ယာဉ်လိုင်းများတွင် ယာဉ်များ လိုအပ်ချက်ရှိနေရာ ပြည်ပမှ ခရီးသည်တင် ယာဉ်များ ဝယ်ယူရန်အတွက် ငွေကျပ် ဘီလီယံ ၆၀ အသုံးပြုသွားမည်

YBS ယာဉ်လိုင်းများတွင် ယာဉ်များ လိုအပ်ချက်ရှိနေရာ ပြည်ပမှ ခရီးသည်တင်ယာဉ်များ ဝယ်ယူရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ငွေကျပ် ဘီလီယံ ၆၀ အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားထားသည်။

"လက်ရှိ တရုတ်နိုင်ငံမှာ အသုံးပြုနေတဲ့ ဘတ်စ်ကားအမျိုးအစားတွေလိုပဲ ကားသစ်တွေ ဝယ်သွားဖို့ အစိုးရချင်း ညှိနှိုင်းနေတာဟာ သဘောတူ လက်မှတ်ထိုးဖို့ရှိပါတယ်။ ဧပြီလကုန်ပိုင်းလောက်တော့ **စာမျက်နှာ ၃ ကော်လံ ၅ သို့**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ငြိမ်းချမ်းရေးတပ်ဖွဲ့

တခြားသော အာဆီယံနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အမီလိုက်ရန် ကြိုးပမ်းနေသော မြန်မာနိုင်ငံအနေဖြင့် တိုင်းပြည်၏ လိုအပ်ချက်များစွာကို ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်များအနက် ပြည်သူတို့၏ ပညာရေးအဆင့်အတန်း မြင့်မားရေးသည် အခြေခံကျသော လိုအပ်ချက်ဖြစ်ပါသည်။ ပညာရေးအဆင့်အတန်းမြင့်မားရေး၌လည်း အင်္ဂလိပ်စာတတ်မြောက်မှုအဆင့်အတန်းမြင့်မားရေးသည် အာရုံစိုက်ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံသူနိုင်ငံသားတို့၏ အင်္ဂလိပ်စာတတ်မြောက်မှုအဆင့် မြင့်မားမှသာ နိုင်ငံတကာမှခေတ်မီပညာရပ်တို့ကို သင်ယူဆည်းပူးနိုင်မည်ဖြစ်သကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် စီးပွားရေးဆက်စပ်ဆောင်ရွက်မှုကို အဆင်ချောချော အဆင့်မြင့်မြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၏ စေတနာ့ဝန်ထမ်းအဖွဲ့ဖြစ်သော ငြိမ်းချမ်းရေးတပ်ဖွဲ့(Peace Corps)ဝင် ၂၅ ဦးသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် အင်္ဂလိပ်စာသင်ကြား၍ ၎င်းတို့၏ စေတနာ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်ခဲ့ကြပါသည်။ ဤငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၂၅ ဦးသည် မြန်မာဆရာ ဆရာမ ၁၁၅ ဦးကို အင်္ဂလိပ်စာလေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်သာမက အပတ်စဉ်ကျောင်းသား ကျောင်းသူ ၂၁၀၀ ခန့်ကို အင်္ဂလိပ်စာသင်ကြားပေးနိုင်ခဲ့ပါသည်။ ဤသည်မှာ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တို့၏ ကျောင်းတွင်းပညာသင်ကြားရေးအတွက် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှုဖြစ်ပါသည်။

ကျောင်းပြင်ပလှုပ်ရှားမှုများအတွက်လည်း ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်အား ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တို့က သင်တန်းများပို့ချသင်ကြားခဲ့ပါသည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့ကို အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီက ဦးဆောင်၍ ၁၉၆၁ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ထူထောင်ခဲ့သည်ဖြစ်၍ ငြိမ်းချမ်းရေးတပ်ဖွဲ့၏သက်တမ်းသည် ၅၆ နှစ်ရှိပြီဖြစ်ပါသည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့သည် အမေရိကန်အစိုးရ၏အောင်မြင်မှုဖြင့် ဖွဲ့စည်းထားသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့၏ ရည်ရွယ်ချက်သည် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးရန်ဖြစ်သကဲ့သို့ အမေရိကန်နိုင်ငံသားများနှင့် ကျန်ကမ္ဘာ့နိုင်ငံတို့၏ နိုင်ငံသားများကြား နိုင်ငံအလိုက် တည်ရှိနေသော ယဉ်ကျေးမှုတို့ကို အပြန်အလှန်နားလည်မှုရှိစေရေး ဖြစ်ပါသည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ရန် အမေရိကန်နိုင်ငံသားကောလိပ်ဘွဲ့ရဖြစ်ရန်လိုအပ်ပြီး သင်တန်းကာလ သုံးလအပြီး နိုင်ငံရပ်ခြားတွင် နှစ်နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

စတင်ဖွဲ့စည်းခဲ့သော ၁၉၆၁ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်အထိ ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်နိုင်ငံသူနိုင်ငံသား ၂၂၀၀၀၀ ရှိပြီး နိုင်ငံပေါင်း ၁၄၁ နိုင်ငံတွင် စေတနာ့ဝန်ထမ်းတာဝန်တို့ကို ထမ်းဆောင်ခဲ့ကြပါသည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်နိုင်ငံသားများအား စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးတာဝန်များအတွက် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်ပြီး လေးနှစ်တာကာလအထိ ပိတ်ပင်ခြင်းနှင့် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်ခဲ့သောနိုင်ငံတွင် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်ဟောင်းတို့အား စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ခြင်းကို ရာသက်ပန်ပိတ်ပင်ခြင်းတို့သည် ငြိမ်းချမ်းရေးတပ်ဖွဲ့လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ္ဘာ့နိုင်ငံတို့က ငြိမ်းချမ်းရေးတပ်ဖွဲ့အပေါ် ယုံကြည်မှုရှိစေသော စည်းကမ်းများဟု ယူဆပါသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်ခဲ့သော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၂၅ ဦး၏ လက်ဆင့်ကမ်းတာဝန်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၆ ဦးတို့က ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်ကြသော အမေရိကန်နိုင်ငံ၏ စေတနာ့ဝန်ထမ်း ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တို့ကို ဂုဏ်ပြုကြိုဆိုကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း မတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေး၊ အချိန်မီပြီးစီးရေးနှင့် အဆောက်အအုံအရည်အသွေးပြည့်မီစေရေးအတွက် မြို့နယ်အဆင့်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းနိုင်အောင်သည် မတ် ၂၁ ရက်က အဖွဲ့ဝင် ဦးစိုင်းဟိန်းလွမ်းမိုး၊ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ထွေးနှင့်သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းမှ ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒီပဲယင်းမြို့နယ်အတွင်းရှိ ဆောင်ရွက်နေသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဒီပဲယင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများကို မတ် ၂၁ ရက်တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်နှင့် အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ သန်းဖြင့် မှန်သာ-အင်တိုင်းလေး-ပေါင်းတော်ကူလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ သန်းဖြင့် နဂါးတွင်း-ချောင်းမကြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၀ သန်းဖြင့် အင်တိုင်းလေးရွာအဝင် တံတားတစ်ခန်းချဲ့ခြင်းနှင့် ရေလယ်တိုင်အသစ်တည်ဆောက်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် နဂါးတွင်း စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို စစ်ဆေးခဲ့ပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးနိုင်ရေးအတွက် ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။ **(ခင်ဦးစိုးဝေ)**

## မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း လုပ်ငန်းညှိနှိုင်း

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံညွှံ့ခံဆောင်၌ကျင်းပရာ ဥက္ကဋ္ဌ ဦးဘတင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းသည် ဇန်နဝါရီ ၂၀ ရက်က UMFCCI ၌ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအသင်း အမှတ်တံဆိပ်မူပိုင်ခွင့်အသင်းကြီး (International Trademark Association)၏ အာရှပစိဖိတ်ရုံးခွဲ (Asia Pacific Office)၊ မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းနှင့် ပူးတွဲကာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပညာပြန့်ပွားရေး ဆွေးနွေးပွဲကိုကျင်းပခဲ့ပြီး ဧပြီ ၂၀ ရက်မှ ၂၃ ရက်အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် ASEAN IP Annual Meeting ၏ 'IP in ASEAN Region in Changing Global Landscape ဆွေးနွေးပွဲတွင်လည်း အသင်း အနေဖြင့် ပါဝင်တက်ရောက်ရန် ဖိတ်ကြားထားကြောင်း အထွေထွေအတွင်းရေးမှူးဦးအောင်ဌေးဦး၏ ဆွေးနွေးချက်အရ သိရသည်။

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းသည် ဧပြီ ၁၈ ရက်တွင် ထိုင်းနိုင်ငံသို့သွားရောက်၍ လိပ်ကျွန်းလူသတ်မှုစွပ်စွဲခံ မြန်မာနိုင်ငံသား ဝင်းဇော်ထွန်းနှင့်ဇော်လင်းတို့အပေါ် ချမှတ်ထားသော ပြစ်ဒဏ်လျှော့ပေါ့ပေးရေးအတွက် ထိုင်းဘုရင်နှင့် အမိန့်ချမှတ်မည့် တရားရုံးကိုလိပ်မူကာ ဥပဒေကြောင်း အချက်အလက်များအရ အသင်းအနေဖြင့် တင်ပြစာပေးပို့ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖိလစ်ပိုင်နိုင်ငံဆွေးနွေးပွဲတက်ရောက်ရေးကိစ္စ၊ လိပ်ကျွန်းလူသတ်မှုစွပ်စွဲခံ ဝင်းဇော်ထွန်းနှင့်ဇော်လင်းတို့နှင့်ပတ်သက်သော တင်ပြစာများကိစ္စနှင့် ရှေ့လုပ်ငန်းစဉ်များကို ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံညွှံ့ခံဆောင်၌ ဆက်လက်ဆွေးနွေးမည်ဖြစ်ရာ အသင်းဝင်များ၊ ဥပဒေဘွဲ့ရသူများ၊ စိတ်ပါဝင်စားသူများ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **(ခင်မောင်သော်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၂**

ရန်ကုန်(ရွှေဈေး) ၉၀၂၀၀၀ - ၉၀၂၀၀၀ မန္တလေး(ရွှေဈေး) ၉၀၂၀၀၀ - ၉၀၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၃၅/၇၆၅ ကျပ်၊ | ၈၇၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၅/၇၃၅ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၄၀ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၈/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၃၀/၆၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၇၂.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၁၈၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၂၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၄၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁၀.၂၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၄.၁၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဗေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်





**နေပြည်တော် မတ် ၂၂**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံပြီး ဥပဒေပြုရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကာလသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီ စနစ်ထွန်းကားရန်၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီအခွင့်အရေးများရမှ တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည် ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့် အဆိုများသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ပါရှိသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့်ကိုက်ညီရန်လိုကြောင်း။

ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန် လိုကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှပိုင်းခြား သုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပြန်အလှန်ထိန်းကျောင်းမှု ပြုလုပ်သည့်နေရာတွင် ကန့်သတ်ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးသမားများဖြစ်ပြီး ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်ရန် အထူးသတိပြုစေလိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်အောင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခွင့်ရှိပါကြောင်း။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာဥပဒေတို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း။

ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတိုင်းတွင် လွှတ်တော်သည် ဒီမိုကရေစီ၏အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာကို ပြည်သူကသာ ပိုင်ဆိုင်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာလည်ပတ်နိုင်ရန် အစဉ်ကြိုးပမ်းရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများကို အလေးထားဆောင်ရွက်နေသည်မှာလည်း အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများတွင်လည်း တိုင်းရင်းသားများကို ထိုက်သင့်သည့် နေရာများပေး၍ ထည့်သွင်းဖွဲ့စည်းထားရှိပါကြောင်း။

ဒီမိုကရေစီဝါဒနှင့် ဖက်ဒရယ်လမ်းစဉ်ပေါ်ပေါက်ရေးကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ထူထောင်နိုင်ရန်အတွက် ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လီဆူတိုင်းရင်းသားရေးရာဝန်ကြီး တိုက်ပွဲရှောင်စခန်းသို့ ဆန်နှင့်ရိက္ခာခြောက်များ လှူဒါန်း

**မြစ်ကြီးနား မတ် ၂၂**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခါရှီ တိုက်ပွဲရှောင်စခန်းရှိ တိုက်ပွဲရှောင်ပြည်သူများအား လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်နှင့် အဖွဲ့ဝင်များသည် မတ် ၂၁ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် ခါရှီ



တိုက်ပွဲရှောင်စခန်းရှိ တိုက်ပွဲရှောင်ပြည်သူများထံသို့ ဆန်အိတ် ၆၀၊ ရိက္ခာခြောက် ၂၂ ဖာ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ တိုက်ပွဲရှောင်စခန်းတွင် တိုက်ပွဲရှောင်အိမ်ထောင်စု ၅၆ စု၊ လူဦးရေ ၂၀၀ ကျော်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# စစ်တွေမြို့တွင် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**စစ်တွေ မတ် ၂၂**
ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကိုယ်စား ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် ညနေပိုင်းတွင် ပြုလုပ်မည်ဖြစ်ပြီး ပွဲတော်ကို လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ရခိုင်ရိုးရာ နံ့သာသွေးပွဲကို ဧပြီ ၁၂ ရက် မှ ၁၃ ရက်ထိ ဦးဥတ္တမခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဘုရားရေသပ္ပါယ်ရေးကိုဧပြီ ၁၃ ရက် ညနေပိုင်းတွင် မြို့တွင်းစီတန်းလှည့်လည်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ရခိုင်ရိုးရာထိန်းသိမ်းဖော်ထုတ်ရေးကော်မတီမှ တာဝန်ရှိသူများက အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌကိုယ်စား ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရခိုင်ရိုးရာထိန်းသိမ်းဖော်ထုတ်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

❒

❒ ရွှေ့ဖုံးမှ
ရောက်မယ်လို့ မျှော်မှန်းထားပါတယ်။ ကား အမှာစာတင်တာနဲ့ သင်္ဘောတင်တဲ့အခါ အချိန် နှစ်လလောက်ရှိတတ်တော့ ဧပြီလကုန်လောက်ကို မှန်းထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တရုတ်နိုင်ငံမှ ခရီးသည်တင်ယာဉ်အသစ် Brand New အစီး ၁၀၀၀ ကို ပထမဦးစွာ စတင်ဝယ်ယူသွားမည်ဖြစ်ပြီး ယင်းသို့ အစိုးရချင်း ချိတ်ဆက်မှုဖြင့် ဈေးနှုန်းသင့်တင့်ကောင်းမွန်သောကားများ ဝယ်ယူရန် ညှိနှိုင်းအဆင်ပြေပါက ဒုတိယအဆင့် ယာဉ်အစီးရေ ၃၀၀၀ ထပ်မံ ဝယ်ယူသွားမည်ဟု သိရသည်။ လက်ရှိတရုတ်နိုင်ငံမှ ဝယ်ယူရန် လျာထားသော ဘတ်စ်ကားအမျိုးအစားမှာ Yutong အမျိုးအစား ဖြစ်ကြောင်း သိရသည်။

"အသုံးပြုပြီးသားကားတွေမှာ ပြုပြင်ထိန်းသိမ်းရတဲ့စရိတ်ကလည်း မနည်းပါဘူး။ ဒါကြောင့် ကားကောင်းကားသစ်တွေဖြစ်ဖို့လိုပါတယ်။ ဒီကားတွေ ရောက်လာပြီဆိုရင် ကတ်စနစ်နဲ့ ကားခပေးနိုင်မှာဆိုတော့ YBS မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ အဆင်ပြေသွားနိုင်ပါတယ်။ အပြောင်းအလဲကာလမှာ အခက်အခဲတွေ ကြုံတွေ့နေရတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

YBS စနစ် ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးတွင် အဓိက လိုအပ်ချက်ဖြစ်သော ယာဉ်အစီးရေလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပြီး ကတ်စနစ်သုံး ငွေပေးချေစနစ်ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ YBS စနစ်ကို သုံးလတစ်ကြိမ် အဆင့်မြှင့်တင်မှုအဆင့်ဆင့် ပြုလုပ်သွားမည်ဖြစ်ပြီး လာမည့်ဧပြီလကုန်ပိုင်းတွင် YBS စနစ်၏ ဒုတိယ မြောက်ခြေလှမ်းများကို စတင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက YBS စနစ် ဆောင်ရွက်မှု တစ်လပြည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။ **(ဝဝ၁)**

## ပြင်ဆင်သိမှတ်ပါရန်

မတ်လ ၂၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃)တွင် ဖော်ပြထားသည့် "တရားမဝင်သစ်တောထွက်ပစ္စည်းများ. . ." သတင်း၏ သတင်းခေါင်းစဉ်နှင့် သတင်းစာသားကို "တရားဝင်သစ်တောထွက်ပစ္စည်းများ. . ." ဟုပြင်ဆင်သိမှတ်ပါရန်။ **(ပုသိမ်လှကြည်)**

# နေတိုးထိပ်သီးအစည်းအဝေးပွဲသို့ သမ္မတ ထရန့် တက်ရောက်မည်

**ဝါရှင်တန် မတ် ၂၂**

ဘယ်လ်ဂျီယံနိုင်ငံ မြို့တော်ဘရပ်ဆယ်၌ မေ ၂၅ ရက်တွင် ကျင်းပမည့် နေတိုးထိပ်သီးအစည်းအဝေးသို့ အမေရိကန် သမ္မတ ဒေါ်နယ်လ်ထရန့် တက်ရောက်မည်ဟု အိမ်ဖြူတော်က ယနေ့ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် အနောက်မဟာမိတ်နိုင်ငံများအကြား ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအပေါ် ပိုမိုခိုင်မာတိကျမှုရှိရန် နေတိုးအဖွဲ့ဝင်ခေါင်းဆောင်များက ဆွေးနွေးမည်ဖြစ်ကြောင်း ယုံကြည်ရသည်။

မဟာမိတ်နိုင်ငံများက ကာကွယ်ရေးအသုံးစရိတ်များကို မျှဝေကျခံရမည်ဆိုသည့် အမေရိကန်၏ တောင်းဆိုထားမှုအပါအဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် နေတိုးအဖွဲ့၏ ပါဝင်ပတ်သက်မှုများကိုလည်း အဖွဲ့ဝင်ခေါင်းဆောင်များက ဆွေးနွေးမည်ဖြစ်သည်။

နေတိုးအဖွဲ့ဝင်နိုင်ငံအများစုသည် ကာကွယ်ရေးအသုံးစရိတ်ကို နှစ်ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲမည်ဆိုသည့် သဘောတူညီမှုနှင့်ကွဲလွဲနေကြောင်း သမ္မတ ဒေါ်နယ်လ်ထရန့်က ကနဦးတွင် ဝေဖန်ထောက်ပြခဲ့သည်။

အရှေ့ဥရောပနိုင်ငံအချို့နှင့် အခြားသောနိုင်ငံများက ရုရှားနိုင်ငံ၏ခြိမ်းခြောက်မှုလုပ်ရပ်များကို သတိကြီးစွာစောင့်ကြည့်နေချိန်တွင် နေတိုးအဖွဲ့ဝင် နိုင်ငံများက အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား သုတ်သင်ချေမှုန်းရေးကိုသာ အာရုံစူးစိုက်လျက်ရှိကြောင်း သမ္မတ ထရန့်က ပြောကြားခဲ့သည်။ ထို့ပြင် ဝါရှင်တန်နှင့် မော်စကို၏ ဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်ရန် ဆန္ဒရှိကြောင်းကိုလည်း သမ္မတထရန့်က ဆိုသည်။



သမ္မတထရန့်၏ ပထမဆုံးသော နေတိုးထိပ်သီးအစည်းအဝေးပွဲတွင် သမ္မတထရန့်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ရုရှားနိုင်ငံအား မည်သည့်နည်းလမ်းများ အသုံးပြုပြီး ချဉ်းကပ်မလဲဆိုသည်ကို သံတမန်ရေးရာလေ့လာသူများက စောင့်ကြည့်နေမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

## အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ ပိုလန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဖြန့်ကြက်မည်

**ဘရပ်ဆယ် မတ် ၂၂**

တပ်ဖွဲ့ဝင်အင်အား ၁၁၀၀ ကျော်ပါဝင်မည့် အမေရိကန်ဦးဆောင်သော တပ်ရင်းတစ်ခုကို ဧပြီလမှ အစပြု၍ ပိုလန်နိုင်ငံ၌ ဖြန့်ကြက်မည်ဖြစ်ကြောင်း အမေရိကန်တပ်မှူးတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၄ ခုနှစ်က ခရိုင်းမီးယားဒေသကို ရုရှားက ယင်း၏နယ်မြေနှင့် ချိတ်ဆက်ခဲ့ခြင်းကို တုံ့ပြန်သည့်အနေဖြင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ပိုလန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ဖြန့်ကြက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း အမေရိကန်ကြည်းတပ် ဒုတိယဗိုလ်မှူးကြီး စတီဗင်ဂဗန်တာက ပြောကြားသည်။

ပိုလန်၌ ဖြန့်ကြက်မည့် တပ်ဖွဲ့တွင် အမေရိကန်စစ်သည် ၉၀၀ ကျော်၊ ဗြိတိန်စစ်သည် ၁၅၀ ခန့်နှင့် ရိုမေးနီးယား စစ်သည် ၁၂၀ ခန့်ပါဝင်မည်ဆို၏။

ဘော်လ်တစ်ဒေသတစ်ဝန်းတွင် နေတိုးက နိုင်ငံစုံတပ်ဖွဲ့လေးဖွဲ့ ဖြန့်ကြက်ရန်ရှိသည့်အနက် ပိုလန်တွင် ဖြန့်ကြက်မည့် တပ်ဖွဲ့လည်း ပါဝင်သည်။ **ရိုက်တာ။**

# သမ္မတရာထူးမှ ဖယ်ရှားခံခဲ့ရသူ ပတ်ကွမ်ဟေးအား အစိုးရရှေ့နေများက ၁၄ နာရီကြာ စစ်ဆေးမေးမြန်း

**ဆိုးလ် မတ် ၂၂**

တောင်ကိုရီးယားနိုင်ငံ၌ သမ္မတရာထူးမှ ဖယ်ရှားခံခဲ့ရသော ပတ်ကွမ်ဟေးသည် ပြည်သူလူထုအား မတ် ၂၁ ရက်တွင် ဝန်ချတောင်းပန်လိုက်ကြောင်း၊ အဂတိလိုက်စားမှု အရှုပ်တော်ပုံအတွင်း ဥပဒေချိုးဖောက်သူအဖြစ် သင်္ကာမကင်းခံရသူ ပတ်အား အစိုးရရှေ့နေများက ၁၄ နာရီကြာမျှ မနားမနေ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်(၆၅)နှစ်အရွယ်ရှိ ပတ်သည် တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံး ဒီမိုကရေစီနည်းလမ်းနှင့်အညီ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်ခဲ့ပြီး အဂတိလိုက်မှုအရှုပ်တော်အရ ရာထူးမှဖယ်ရှားခံခဲ့ရသူဖြစ်သည်။

ပါလီမန်က ပတ်အား ဒီဇင်ဘာလအတွင်း စွပ်စွဲပြစ်တင်မှုပြုလုပ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတော်က ပါလီမန်၏ စွပ်စွဲပြစ်တင်မှုကို မတ်လအစောပိုင်းတွင် အတည်ပြုပေးခဲ့ကာ ရာထူးမှ တရားဝင်ဖယ်ရှားခဲ့သည်။

အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ထူထောင်ထားသော ဖောင်ဒေးရှင်းနှစ်ခုသို့ စီးပွားရေးလုပ်ငန်းများက ရန်ပုံငွေလှူဒါန်းလာကြရေးအတွက် ပတ်၏မိတ်ဆွေ ချွိုင်ဆွန်းစီက ဖိအားပေးခဲ့ရာတွင် ပတ်အနေဖြင့် ၎င်းနှင့်ပူးပေါင်းကြံစည်မှုရှိခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ပြည်သူလူထုအား မိမိဝန်ချတောင်းပန်ပါကြောင်း၊ အစိုးရရှေ့နေများ၏ စုံစမ်းစစ်ဆေးမှုတွင် မိမိ အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပတ်က အစိုးရရှေ့နေများရုံးတွင် သတင်းယူရန် စောင့်ဆိုင်းနေကြသော သတင်းထောက်များကို ပြောကြားသည်။

ပတ်အား အစိုးရရှေ့နေများက စစ်ဆေးမေးမြန်းမှုမှာ ညသန်းခေါင်ယံထိုးလုအချိန်အထိ ရောက်ရှိခဲ့ကြောင်း ပတ်၏ ရှေ့နေတစ်ဦးဖြစ်သူ ဆိုဘမ်ကျူးက ပြောကြားသည်။



ပတ်အား စွဲချက်တင်ခြင်း မရှိသော်လည်း အကယ်၍ ၎င်းအနေဖြင့် ဆမ်ဆောင်းအုပ်စုအကြီးအကဲ ဂျေဝိုင်လီအပါအဝင် ထိပ်တန်းကုမ္ပဏီအုပ်စုကြီးများ၏ ပိုင်ရှင်များထံမှ လာဘ်ထိုးမှုကို လက်ခံခဲ့သည်ဟု အထောက်အထား အခိုင်အမာတွေ့ရှိရပါက ထောင်ဒဏ် ၁၀ နှစ်ထက်မနည်း ပြစ်ဒဏ်ချမှတ်ခံရနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

နိုင်ငံတွင်းရှိ ထိပ်တန်းကုမ္ပဏီအုပ်စုကြီးများသည် သမ္မတထံမှ မျက်နှာသာပေးမှုရရှိနိုင်ရန်အတွက် လာဘ်ပေးခဲ့ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ရိုက်တာ။**



# တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တရုတ်နှင့် အစ္စရေးခေါင်းဆောင်များ သဘောတူညီ

**ပေကျင်း မတ် ၂၂**

တရုတ်နှင့် အစ္စရေးနိုင်ငံတို့အကြား အဆင့်မြင့်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောညီလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတ ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံသို့ ရောက်ရှိနေသော အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် မတ် ၂၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ရာတွင် အထက်ပါအတိုင်း ခေါင်းဆောင်နှစ်ဦး သဘောတူညီခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၂၅ နှစ်မှစ၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစ၍ အပြန်အလှန်ဆက်ဆံမှုများ မြင့်မားတိုးတက်လာခဲ့ကြောင်း၊ နယ်ပယ်ကဏ္ဍပေါင်းစုံ ဆက်ဆံရေးမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအားလုံး အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

တရုတ်နှင့် တရုတ်တိုင်ပေ ပြန်လည်ပေါင်းစည်းရေးကို ထောက်ခံသော တရုတ်နိုင်ငံ တစ်စည်းတစ်လုံးတည်းမူဝါဒကို မိမိထောက်ခံသည်ဟု ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

အစ္စရေးနိုင်ငံသည် တရုတ်နိုင်ငံနှင့်အတူ သန့်ရှင်းသော စွမ်းအင်၊ ခေတ်မီလယ်ယာစိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ဆေးဖက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဇီဝဆေးပညာလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံ မိတ်ဖက်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောကြားသည်။

နှစ်နိုင်ငံမှ လူငယ်နည်းပညာရှင်များ အပြန်အလှန်ဖလှယ်ရေး၊ သိပ္ပံဓာတ်ခွဲခန်းများ ပူးတွဲထူထောင်ရေး၊ တစ်ကမ္ဘာလုံးဆိုင်ရာ နည်းပညာ လွှဲပြောင်းပေးရေးဌာန ဖွင့်လှစ်ရေး၊ တီထွင်ဆန်းသစ်ရေးဆိုင်ရာ နည်းပညာဇုန်များ ဖွင့်လှစ်ရေး၊ တီထွင်ဆန်းသစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန ဖွင့်လှစ်ရေးတို့နှင့် ပတ်သက်၍ သဘောတူညီမှုရရှိကြောင်း ခေါင်းဆောင်များ၏ ဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**

## အီရန် အစိုးရကို ခါမေနီ ဝေဖန်

**တီဟီရန် မတ် ၂၂**

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီ ခါမေနီက ရိုဟာနီအစိုးရသည် ကျဆင်းနေသည့်စီးပွားရေး ပြန်လည်ကောင်းမွန်လာအောင် စွမ်းဆောင်နိုင်ခြင်းမရှိဟု ပြစ်တင်ဝေဖန်လိုက်သည်။

အဆိုပါ ဝေဖန်ပြောကြားချက်ကို ခါမေနီက အီရန်အရှေ့မြောက်ပိုင်းရှိ မက်ရှ်ဟက်မြို့၌ မတ် ၂၁ ရက် အီရန်နိုင်ငံ၏ နှစ်သစ်ကူးအခါသမယတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်ရရှိပြီးနောက်ပိုင်း အီရန်သမ္မတ ဟက်ဆန် ရိုဟာနီ အစိုးရ၏ ရေနံတင်ပို့မှုမှ တစ်ဆင့် စီးပွားရေးတိုးတက်ရန်ကြိုးပမ်းမှုကို ခါမေနီက ရည်ရွယ်ပြောကြားခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်က အီရန်နှင့် အမေရိကန်နိုင်ငံတို့ ရရှိခဲ့သည့် သဘောတူညီချက်တွင် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားပေးခဲ့ပြီး ကုန်သွယ်မှုပြန်လည်ပြုလုပ်ရန် လမ်းဖွင့်ပေးထားသည်။

အလုပ်လက်မဲ့ဦးရေ အခြေအနေဆိုးရွားနေဆဲဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းမရှိကြောင်းနှင့် အစိုးရသည် ပြည်သူများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ခါမေနီက ပြောကြားသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုကို အကာအကွယ်ပေးနိုင်ရန်အတွက် ပြည်ပမှကုန်ပစ္စည်း တင်သွင်းမှုကို ကန့်သတ်သင့်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံသည် မေလတွင် သမ္မတရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်သည်။ နိုင်ငံတွင်းရှိပြုပြင်ပြောင်းလဲရေးသမားများက နိုင်ငံတကာအသိုင်းအဝိုင်းနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ သမ္မတ ရိုဟာနီထောက်ခံမှုရရှိရန် ကြိုးပမ်းလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၂**

မြန်မာဒုက္ခသည်များ နေရပ်ပြောင်းရွှေ့သူများအတွက် နေရပ်ပြန်လာရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းစဉ်မှာ သိမ်မွေ့သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကို လုံခြုံမှုရှိစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်ခြင်းမျိုးဖြစ်စေရန် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးရာတွင်လည်း တိုင်းရင်းသားအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ၎င်းတို့ကိုလက်ခံမည့် လူထုပတ်ဝန်းကျင်များ၊ ဒုက္ခသည်များနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ကုလသမဂ္ဂကနေ တာဝန်ပေးအပ်ထားသည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ တိုးတက်မှုများ လျင်မြန်စွာဖြစ်ပေါ်တိုးတက်လာသည့်အတွက် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားအချို့မှာ နေရပ်သို့ပြန်ရန် စီစဉ်နေကြသည်ကိုလည်း သိရှိရပြီးဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နေပြည်တော်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် တွေ့ရှိချက်များအား UNHCR က သုံးသပ်တင်ပြရန်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် နေရပ်ပြန်လာသည့်သူများအတွက် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်ရန်နှင့် ကူညီပံ့ပိုးပေးမည့်လုပ်ငန်းများအား ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်းများအား ရှာဖွေဖော်ထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများအား နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ အိမ်မိုးသွပ်များနှင့် အပ်ချုပ်စက်များအား ထောက်ပံ့ပေးခဲ့ခြင်း၊ ယခုအခါ မြန်မာဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများ မိမိတို့ဆန္ဒအလျောက် နေရပ်ပြန်လာနိုင်ရေး၊ အကူအညီပေးရေးစီမံကိန်းအား ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄ သန်းဖြင့် စီမံကိန်းသက်တမ်း သုံးနှစ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာတမ်း ထပ်မံရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေးနှင့်ပတ်သက်ပြီး လုပ်ငန်းများနှင့်ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ UN အဖွဲ့အစည်းများ၊ INGOs များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအား ဖိတ်ကြားပြီး ယခုဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဒုက္ခသည်များ နေရပ်ပြန်လာနိုင်ရေးလုပ်ငန်းများနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများအား ပံ့ပိုးနိုင်မည့် လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲသွားနိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။




ဆက်လက်၍ UNHCR ဌာနေကိုယ်စားလှယ် Mr.Giuseppe De Vincentiis က နေရပ်ပြန်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာများအား ဆွေးနွေးတင်ပြသည်။

ထို့နောက် UNHCR ၏ မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် စပ်လျဉ်း၍ အနာဂတ်တွင် နေရပ်ပြန်လာမည့်သူများအတွက် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးသွားနိုင်မည့် အစီအမံများ၊ အခြားသော နယ်စပ်ဖြတ်ကျော်နေရာများကို နေရပ်ပြန်ခြင်းများအတွက် အနာဂတ်တွင် အသုံးပြုနိုင်မည့် အခြေအနေများ၊ ယာယီလက်ခံကြိုဆိုသည့် နေရာများတွင် နောက်နောင်နေရပ်ပြန်ခြင်းများအတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ပံ့ပိုးမှုများနှင့် နေရပ်ပြန်လာသူများအတွက် အနာဂတ်တွင် ကူညီထောက်ပံ့ပေးသွားမည့် အခြေအနေများ၊ နေရပ်ပြန်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းနေထိုင်ရေးဆိုင်ရာကိစ္စရပ်များအား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ၎င်းစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ သင်္ဂဟဟိုတယ် (Grand Ballroom)၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်စုံစမ်းမေးမြန်း

**နေပြည်တော် မတ် ၂၂**

ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်မှ ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်၊ ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဦးညွန့်ဆွေ၊ ဒေါ်ကျိန်ငိုက်မန်တို့ပါဝင်သော အဖွဲ့သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာဖြစ်စဉ်များနောက်ပိုင်း မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ကျေးရွာသူ၊ ကျေးရွာသားများအား စုံစမ်းမေးမြန်းပြီး ပြဿနာများကို ညှိနှိုင်းတိုင်ပင်၍ မှန်ကန်စွာဖြေရှင်းနိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မတ် ၁၈ ရက်မှ ၂၂ ရက်အထိ သွားရောက်၍ ကော့ဘဇားခရိုင်အတွင်းရှိ ဒုက္ခသည်စခန်းသုံးခု၌ မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင် Kutupalong ဒုက္ခသည်စခန်းတွင် IOM အစီအစဉ်ဖြင့် ကော်မရှင်အဖွဲ့ဝင်များ စုံစမ်းမေးမြန်းနေစဉ်။

ကော်မရှင်အဖွဲ့ဝင်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စုံစမ်းစစ်ဆေးနေစဉ်မှာပင် ကျန်ရှိသော ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောဒေသသို့ စတုတ္ထအကြိမ် ထပ်မံသွားရောက်ကာ ထိခိုက်နစ်နာမှုရှိသော ကျေးရွာများ၏ တိုးတက်မှု၊ ကော်မရှင်၏ညှိနှိုင်းဆောင်ရွက်ပေးမှုများအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် မိမိကျေးရွာများမှ အခြားဒေသများသို့ ရောက်ရှိနေခဲ့သော ကျေးရွာသူ၊ ကျေးရွာသားများ နေရပ်ပြန်လည်ရောက်ရှိမှုနှင့် ဒေသတည်ငြိမ်အေးချမ်းမှုတို့ကို မေးမြန်းစုံစမ်းခဲ့သည်။

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်သို့ အစီရင်ခံစာတင်ပြရာတွင် ပြဿနာများကို လွှမ်းခြုံသုံးသပ်၍ လက်တွေ့ဖြေရှင်းချက်များ ပါဝင်သော အကြံပြုချက်များကို တင်သွင်းနိုင်ရန်အတွက် ဖြစ်ကြောင်း၊ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ဒုက္ခသည်စခန်းများကို တာဝန်ယူထားသော သက်ဆိုင်ရာနိုင်ငံတကာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရယူ၍ ၎င်းတို့နေထိုင်ရာ စခန်းများသို့ ခက်ခဲစွာသွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကော်မရှင်အဖွဲ့သည် မတ် ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့သို့ ရောက်ရှိပြီး ပထမဦးစွာ ကော့ဘဇားခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ အရေးပိုင် Mr. MD. ALI HOSSAIN နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ကော့ဘဇားခရိုင်အတွင်းရှိ ဒုက္ခသည်စခန်းများ၌ လုပ်ငန်းများ ဆောင်ရွက်နေသည့် IOM၊ UNHCR အဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်များသည် Kutupalong ဒုက္ခသည်စခန်းရှိ အမျိုးသမီး ၁၇ ဦးကို ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဒေါ်ကျိန်ငိုက်မန်တို့က လည်းကောင်း၊ အမျိုးသားများကို ဦးဇော်မြင့်ဖေနှင့် အဖွဲ့ဝင်များကလည်းကောင်း သီးခြားစီ တွေ့ဆုံမေးမြန်းစုံစမ်းခဲ့သည်။

ကော်မရှင်အဖွဲ့ဝင်များသည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် Balukhali ဒုက္ခသည်စခန်းသို့ သွားရောက်ပြီး International Organization for Migration (IOM) အစီအစဉ်ဖြင့် အမျိုးသားငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးတို့အား ခန်းဆီးအပိုင်းကာရံလျက် တစ်ဦးချင်းမေးမြန်းခြင်း၊ အချို့အမျိုးသားများကို အုပ်စုလိုက် မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် Leda ဒုက္ခသည်စခန်းသို့ ဆက်လက်သွားရောက်၍ အမျိုးသမီး ငါးဦး၊ အမျိုးသား သုံးဦး စုစုပေါင်း ရှစ်ဦးတို့အား IOM အစီအစဉ်အရ ခန်းဆီးအပြည့်ကာရံလျက် မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ကော်မရှင်အဖွဲ့သည် မတ် ၂၁ ရက်တွင် ဒါကာမြို့သို့ ပြန်လည်ထွက်ခွာလာပြီး ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် ဒေါက်တာအောင်ထွန်းသက်တို့သည် ဒါကာမြို့ရှိ IOM နှင့် UNHCR ဌာနေကိုယ်စားလှယ်များဖြင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ကော်မရှင်၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ် တစ်လျှောက်လုံးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းက ကြိုတင်စီစဉ်မှုများပြုလုပ်၍ သံရုံးဝန်ထမ်းများက အတူတကွ လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဟာသင်္ကြန်သီချင်း၊ သံချပ်များ ကြိုတင်စိစစ်နိုင်ရန် အသိပေးကြေညာ

**နေပြည်တော် မတ် ၂၂**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်မှ ၅ ရက်အထိ (ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ) ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရိုးရာယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိရာ မဟာသင်္ကြန်သီချင်း၊ သံချပ် စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီသည်လည်း အပါအဝင်ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ဖျော်ဖြေတင်ဆက်မည့်အဖွဲ့များ၏ သီချင်းများ၊ သံချပ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အရေးသုံးပါးကို ထိခိုက်မှုမရှိစေရေး၊ ဘာသာရေး၊ လူမျိုးရေး ထိခိုက်စေမည့် အသုံးအနှုန်းများ မပါဝင်စေရေး၊ နိုင်ငံတော်၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အကြောင်းအရာများ မပါဝင်စေရေး၊ ရိုင်းစိုင်းသည့် ဆဲဆိုသောစကားအသုံးအနှုန်း ဟန်ပန်အမူအရာများ မပါရှိစေရေးတို့ကို သတိပြုအလေးထား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ဖျော်ဖြေမည့်သီချင်း၊ သံချပ်များအား ကြိုတင်စိစစ်နိုင်ရန်အတွက် ကော်မတီသို့ မတ် ၂၈ ရက် နောက်ဆုံးထားပြီး ပေးပို့ကြပါရန် ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်သီချင်း၊ သံချပ် စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီမှ အသိပေးကြေညာထားသည်။ **(ကြေးမုံ)**

## ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရွှေကူ မတ် ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွှေကူ-ရေပျံလေး-တူးချောင်း-တောင်ကုန်း-တောပုန်း-မြောက်ရွာ ကျေးရွာချင်းဆက် ကတ္တရာလမ်း လေးမိုင် ခြောက်ဖာလုံခွဲ လုပ်ငန်းများကို Super Frequency၊ စိန်သစ္စာ၊ ကံထူးမနော၊ Luxury Gallop စသည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက် ကတ္တရာလမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့် ရုံးဝန်ထမ်းများက လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရန်နှင့် လုပ်ငန်းအချိန်မီ ပြီးစီးဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်းတိုင်းတာကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# အညာသူနှင့် ရန်ကုန်သားကလေးများ

## ယောနက ဘိုးထောင်

အညာသူမလေး မရွှေဖဲနှင့် ရန်ကုန်သားလေး မောင်ရေခဲတို့သည် ဒေါက်တာမောင်ဖြူး၏ အဓိကကလေးဇာတ်ဆောင်များဖြစ်ကြသည်။ မောင်ဖြူး၏ ကလေးကဗျာပေါင်းချုပ်စာအုပ်တွင် သူတို့ကို ပထမဦးစွာတွေ့မြင်ရသည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း မူလတန်းသင်ပုန်းကြီးဖတ်စာတွင် သူတို့နှစ်ယောက် အဓိကပါဝင်လာခဲ့သည်။ မောင်ရေခဲနှင့် မရွှေဖဲကလေးကဗျာများသည် ထိုခေတ်က ကလေးငယ်များနှုတ်ဖျားတွင် စွဲမြဲသွားခဲ့သည်။ မြန်မာနိုင်ငံ ကျောင်းသုံးစာအုပ်တွင် ဤကဗျာလေးများကို ပြဋ္ဌာန်းလိုက်တော့ ပို၍ပို၍ လူသိများလာသည်။ ကျောင်းသုံးမူလတန်းကဗျာစာအုပ် သရုပ်ဖော်ပုံကို ဆရာကြီးပန်းချီဦးဘကြည်က ရေးဆွဲသရုပ်ဖော်ထားသည်။

ကျွန်တော် အညာသူမလေးမရွှေဖဲကို ယနေ့အထိ ရင်ထဲစွဲနေဆဲပင်။ ရေးဖွဲ့ဖန်တီးသူ ဒေါက်တာမောင်ဖြူး၏ အသံသာကာရန်လှ မြန်မာ့လူနေမှုဘဝကို ထင်လင်းစွာမြင်တွေ့ရသည်။ ဒေါက်တာမောင်ဖြူး၏ ကဗျာပုံရိပ်ကို ဆရာဦးဘကြည်က ပန်းချီအနုပညာဖြင့် သရုပ်ဖော်ထားသည်။ ကဗျာကောင်းသလို အညာသူမလေးမရွှေဖဲသည် အသက်ဝင်လာခဲ့သည်။ မူလတန်းကလေးတိုင်း ရွတ်ဆိုနေကြသည်။ မြန်မာ့ဓလေ့၊ မြန်မာ့ရိုးရာသက်ဝင်နေသဖြင့် သီဆိုရာတွင် ပြေပြစ်သည်။ အသံကာရန် ဟန်အမူအယာလုပ်နိုင်သည်။ ကလေးကဗျာကို အမေးအဖြေပုံစံဖြင့် ဒေါက်တာမောင်ဖြူးက ရေးဖွဲ့ထားသည်။

**မရွှေဖဲ**

- ဘယ်သွားနေလဲ မရွှေဖဲ
  ဘုရားပွဲကို လှည်းနဲ့ဆို
  ဘာဝယ်ခဲ့လဲ မရွှေဖဲ
  ပင်နီအင်္ကျီ ယောထဘီ။
- ဘာစားခဲ့လဲ မရွှေဖဲ
  ကြာဆံလက်သုပ် မုန့်ဖက်ထုပ်
  ဘယ်လောက်ကုန်လဲ မရွှေဖဲ
  စက္ကူတစ်ကျပ် ငွေတစ်မတ်။
- ဘာမြင်ခဲ့လဲ မရွှေဖဲ
  ဈေးသည်ဈေးဝယ် စုံလို့ကွယ်
  ဘာလုပ်သေးလဲ မရွှေဖဲ
  ဘုရားရှင်သော် ဖူးပါသော်။
- အမည်ဘာလဲ မရွှေဖဲ
  မကွေးမြို့စွန် မြသလွန်
  ဘာဆုပန်လဲ မရွှေဖဲ
  နိဗ္ဗာန်ရွှေပြည် ဆုပန်သည်။ ။

ဒေါက်တာမောင်ဖြူးသည် အညာသူမရွှေဖဲကို ကလေးသူငယ်တစ်ဦးခံစားချက်ဖြင့် ရေးဖွဲ့ထားသည်။ ကလေးကဗျာကို ဆန်းသစ်သော အမေးအဖြေပုံစံဖြင့် ကာရန်အသံဟန်အမူအယာယူထားသည်။ ကလေးတို့အကြိုက်သိသော ဒေါက်တာမောင်ဖြူးကလောင်သွားတွင် ကဗျာအသက်ဝင်လာသည်။ အညာသူမလေး မရွှေဖဲ၏ ဟန်သဏ္ဌာန်သရုပ်ကို မြင်ရသည်။ အညာဘုရားပွဲကို လှည်းဖြင့်လာကြသည်။ ထို့ကြောင့် လှည်းဝင်ရိုးသံ တညံ့ညံ့ ပုဂံဘုရားပေါင်းဟူ၍ ဆိုခဲ့ကြသည်။

အညာမြန်မာလူ့ရပ်ရွာတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံကို ပြဆိုထားသည်။ မြန်မာမှုဝတ်စုံ ပင်နီအင်္ကျီ ယောထဘီကို သရုပ်တင်ထားသည်။ မြန်မာ့ရိုးရာ အစားအစာ၊ ကြာဆံလက်သုပ် မုန့်ဖက်ထုပ်ကို မြတ်နိုးစေသည်။ ထိုတစ်ချိန်က မြန်မာငွေကြေးစနစ် ကျပ်ပြားခေတ်သမိုင်းကို ပြောပြနေသည်။ ယနေ့အချိန်တွင် ပြားပျောက်၍ ကျပ်ခေတ်သို့ရောက်နေခဲ့သည်။

အညာဘုရားပွဲတွင် ဈေးသည်ဈေးဝယ်အစုံစုံအဖုံဖုံတွေ့ရှိမှုကို အညာသူမရွှေဖဲက လက်တွေ့အမြင်နှင့် ပြောပြထားသည်။ မရွှေဖဲ၏ အဓိက လုပ်ဆောင်ချက်ကို ပြသည်။ မရွှေဖဲက "ဘုရားရှင်သော် ဖူးပါသော်"ဟူ၍စကားပြန်ကြားခဲ့သည်။ အညာဓလေ့၊ အညာဟန်၊ အညာစရိုက်ကို ပီပီပြင်ပြင်တွေ့ရသည်။ ဒေါက်တာမောင်ဖြူးသည် ကလေးများထဲက မရွှေဖဲကို ပွဲထုတ်ခဲ့သည်။ အညာဘုရားပွဲတွင် နာမည်ကြီးသော မကွေးမြို့အစွန်က မြသလွန်စေတီတော်ကို ပြောပြခဲ့သည်။ ဧရာဝတီမြစ်ကြီး၏ ကမ်းနဖူးတွင် ရှုခင်းလှလှ သဘာဝကျသော အညာဘုရားပွဲ မြသလွန်ကို ပုံဖော်ကျူးထားသည်။ နောက်ဆုံးပိတ်အဖြစ် ဗုဒ္ဓဘာသာဝင်တို့ ဘုရားဖူးအလုပ်မှာ နိဗ္ဗာန်ချမ်းသာရွှေပြည်မြတ်ကို ရောက်ရပါလို၏ ဆုတောင်းဖြင့် အနှစ်ချုပ်ထားသည်။ ဆင်းရဲခြင်းကင်းသော မြန်မာ့အညာစရိုက် အလှပသာဒကို ဖွဲ့ထား၊ နွဲ့ထား၊ သွဲ့ထားရစ်ခဲ့သည်။ မရွှေဖဲ အညာသူကလေးမှာ ယနေ့တိုင်အောင် ကလေးသူငယ်နှုတ်ဖျားတွင် ဝင့်ဝင့်ကြွားကြွား ပျံသန်းကူးခတ်နေဆဲပင်။ အညာသူမလေး မရွှေဖဲမှာ မြန်မာမလေး မြန်မာပီပီ ဟန်ချီချီတွေ့မြင်မှတ်သားထားရစ်ခဲ့သည်။

မြန်မာအညာသူမလေး မရွှေဖဲနှင့် မိတ်ဆက်ပေးပြီးသော် ရန်ကုန်သားလေး မောင်ရေခဲကို သတိရလာသည်။ မူလတန်းကျောင်းသုံးစာအုပ်တွင် ဒေါက်တာမောင်ဖြူးရေးဖွဲ့ခဲ့သော မောင်ရေခဲကား ခေတ်စနစ်ပညာရေးအပြောင်းအလဲကြောင့် ပျောက်ဆုံးသွားခဲ့ပြီဖြစ်သည်။ သို့သော် ယနေ့အသက် ၅၀ ကျော် ၆၀ ပိုင်း ၁၉၇၀ နှစ် မူလတန်းသင် လူကြီးတို့က ရင်ထဲအသည်းထဲ စွဲမြဲနေဆဲဖြစ်သည်။

**မောင်ရေခဲ**

- ဘယ်သွားနေလဲ မောင်ရေခဲ
  ကန်တော်ကြီးကို ကားနဲ့ဆို
  ဘာသွားလုပ်လဲ မောင်ရေခဲ
  လေညင်းခံဖို့ ဆိုပါစို့
- ဘာမြင်ခဲ့လဲ မောင်ရေခဲ
  ကုလားဗမာ စုံလို့ဗျာ
  ဘာမြင်သေးလဲ မောင်ရေခဲ
  အပျိုအအို မြင်သဗျို
- ဘာလုပ်သေးလဲ မောင်ရေခဲ
  ကန်တော်တစ်ပတ် ခရီးတစ်ထပ်
  ဘယ်သွားသေးလဲ မောင်ရေခဲ
  တရုတ်တန်းကို သွားသေးဆို
- ဘာစားခဲ့လဲ မောင်ရေခဲ
  ခေါက်ဆွဲဆန်ပြုတ် ဝက်သားသုပ်
  အိမ်ပြန်ပါစ မောင်လူလှ
  ညဥ့်နက်သန်းခေါင် မနေပေါင်။ ။

ဒေါက်တာမောင်ဖြူး၏ မောင်ရေခဲကဗျာကိုလည်း မူလတန်းကျောင်းသုံးစာအုပ်ထဲတွင် ပန်းချီဦးဘကြည်က သရုပ်ဖော်ထားပြန်ပါသည်။ ထိုခေတ်က ကလေးသူငယ်များသည် မောင်ရေခဲကို ချစ်ခဲ့မြတ်နိုးခဲ့ကြသည်။ မောင်ရေခဲကလေးကဗျာကလေးမှာ အမေးအဖြေပုံစံသစ်ဖြင့် ရေးဖွဲ့ထားသည်။

**ယနေ့ကလေးစာပေတစ်ခေတ်ဆန်းချိန်တွင် အညာသူ မရွှေဖဲနှင့် ရန်ကုန်သား မောင်ရေခဲတို့ကို စံပြုထားစေချင်သည်။ အလိမ္မာစာမှာ ရှိဆိုသလို ဒေါက်တာမောင်ဖြူးကို ကလေးကဗျာခေတ်တွင် ကလေးသူငယ်တို့ယဉ်ကျေးမှုစရိုက်ကို ခေတ်ကြေးမုံ တွင်မြင်တွေ့ရသည်။**

ကလေးသို့ အသိ၊ သတိမူစရာအကြောင်းကို စိတ်ဝင်စားဖွယ်တင်ပြထားသည်။

ဟိုတစ်ခေတ်တစ်ခါက ရန်ကုန်မြင်ကွင်းကို မောင်ရေခဲနှင့်အတူ လိုက်ကြည့်နိုင်သည်။ ကန်တော်ကြီး၏ အလှဗိမာန်ကို မြင်သိရသည်။ ရန်ကုန်သားနှင့် ကားခရီးသွားကို စာဆိုဒေါက်တာမောင်ဖြူးက ထည့်သွင်းခဲ့သည်။ ကန်တော်ကြီး လေနဲ့ ရေသည် ယခင်က သန့်ရှင်းစင်ကြယ်နေသည်။ အပန်းဖြေလေညင်းခံအနားယူစရာတစ်ခုအဖြစ် တွေ့သိရသည်။ မောင်ရေခဲတို့ခေတ် ရန်ကုန်မြင်ကွင်းမှာ လူမျိုးခြားတို့ချစ်ခင်ညီညွတ်စွာ နေထိုင်ခဲ့ပုံကို သိရသည်မှတ်ရသည်။ လူမျိုးစွဲ၊ ဘာသာစွဲမရှိ အတူလက်တွဲကာ တိုင်းပြည်ကောင်းစားရေးကို လုပ်ဆောင်နေကြသည်။ ညီညွတ်သဖြင့် တိုင်းပြည်သစ်ခဲ့ပုံသိရသည်။ ဘာသာလူမျိုးမခွဲခြားဘဲ အေးအတူပူအမျှ မြန်မာရန်ကုန်အလှကို ဆင်ခဲ့ကြသည်။

ရန်ကုန်မြို့ထဲမှာ အပျိုအအိုတို့၏ အလှအပ ပသာဒကို မောင်ရေခဲက ပြောပြထားသည်။ မြန်မာစရိုက် မြန်မာဓလေ့ မြန်မာမှု မြန်မာ့ဟန်ကို အသိအလေးမူထားသည်။ ပြည်ထောင်စုတိုင်းရင်းသားတို့နှင့် ကမ္ဘာသူကမ္ဘာသားတို့လေးစားချစ်ကြည်နေထိုင်ပုံ ငြိမ်းချမ်းရေးကို ပြဆိုထားသည်။ ရန်ကုန်မြို့က မြန်မာအစားအစာ "ခေါက်ဆွဲဆန်ပြုတ် ဝက်သားသုပ်" ကိုလည်း သိရှိမှတ်သားရသည်။ ထိုခေတ်ထိုအခါက မောင်ရေခဲတို့ ကလေးသူငယ်တို့၏ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံမြင်ကွင်းစုံကို ဖော်ပြရေးဖွဲ့ထားသည်။ ငြိမ်းချမ်းသော၊ အေးချမ်းသော၊ တရားဥပဒေစိုးမိုးသော ဘဝလူနေမှုစရိုက်ကို သိရသည်။ "အိမ်ပြန်ပါစ - မောင်လူလှ၊ ညဥ့်နက်သန်းခေါင် မနေပေါင်" ဆိုသလို နေ့နေ့ညည သာယာအေးချမ်းဘေးမသန်းမှုကို ဒေါက်တာမောင်ဖြူးက ကဗျာဖြင့် ထောက်ပြသွားသည်။ ရန်ကုန်တွင် ဒုစရိုက်အမှောင်မရှိ အလင်းဆောင်ထားပုံကို ရှင်းရှင်းလင်းလင်းတွေ့ရသည်။ မောင်ရေခဲ ရန်ကုန်သား၏ ဓလေ့စရိုက်အကျင့်ယဉ်ကျေးမှုတို့ကို ကဗျာထဲတွင် မြင်သိနိုင်သည်။

ယနေ့ကလေးစာပေတစ်ခေတ်ဆန်းချိန်တွင် အညာသူ မရွှေဖဲနှင့် ရန်ကုန်သား မောင်ရေခဲတို့ကို စံပြုထားစေချင်သည်။ အလိမ္မာစာမှာရှိဆိုသလို ဒေါက်တာမောင်ဖြူးကို ကလေးကဗျာခေတ်တွင် ကလေးသူငယ်တို့ယဉ်ကျေးမှုစရိုက်ကို ခေတ်ကြေးမုံတွင်မြင်တွေ့ရသည်။ ယနေ့မူလတန်းပညာသင်ရိုးတွင် မရွှေဖဲနဲ့ မောင်ရေခဲတို့ကိုလည်း ချန်မထားခဲ့စေချင်ပါ။ အညာသူမရွှေဖဲနှင့် ရန်ကုန်သား မောင်ရေခဲတို့လည်း ကလေးစာပေပွဲတော်ကြီးတွင် အတူတူနွဲပျော်စေချင်သော ရင်တွင်းဖြစ်ဆန္ဒ ကလေးကို တင်ပြအပ်ပါသည်။

**နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။**

## ကျေးလက်ဒေသ ရေရရှိရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် မတ် ၂၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် Golden Hours Co., Ltd. မှရွှေတောင်မြို့နယ် ကျွဲတလင်းကျေးရွာ အုပ်စု ကျွဲတလင်းရွာမကျေးရွာတွင် ဆောင်ရွက်သော လေးလက်မ စက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေကို ရွှေတောင်မြို့နယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းလွင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်လွင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(၁၄၃)

## တောတောင်တင့်တယ် စားကျက်ကြွယ်၏

## ခင်ဦးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဆန္ဒထုတ်ဖော်

**ခင်ဦး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို မကျေနပ်၍ ဆန္ဒထုတ်ဖော်ပွဲကို ဦးတင်အုန်းကျော်ဦးဆောင်သော တောင်သူလယ်သမား ၁၄၀ တို့သည် မတ် ၂၂ ရက် နံနက် ၁၀ နာရီက အာဇာနည်ကျောက်တိုင်ကွင်းစုရပ်မှစ၍ မြနန္ဒာရပ်ကွက်(၁)လမ်းထိပ်သို့၊ သဲပုံစေတီလမ်း၊ ဘူတာလမ်း၊ ဈေးတောင်ဘက်လမ်းနှင့် လမ်းမတော်တစ်လျှောက် စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

"လယ်ယာမြေနည်းဥပဒေကိုချိုးဖောက်သော အုပ်ချုပ်ရေးမှူး အလိုမရှိ--အလိုမရှိ" "တရားဥပဒေစိုးမိုးရေးဒို့အရေး---ဒို့အရေး" စသည့် ကြွေးကြော်သံများ၊ တောင်သူလယ်သမားသမဂ္ဂအဖွဲ့အစည်း အလံများကိုင်ဆောင်၍ ကြွေးကြော်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ရာတွင် ဈေးတောင်ဘက်လမ်းထောင့်နှင့် လောပန်းဆေးဆိုင်ရှေ့၊ မြို့လယ်မှော်ရုံရှေ့ နေရာများ၌ ဦးတင်အုန်းကျော်၊ ဦးသိန်းငွေးနှင့် ဦးဝါဝင်းတို့က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် အုပ်စုကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ လုပ်ဆောင်မှုများကို (လုံး၀) ကျေနပ်မှုမရှိကြောင်း၊ ပြန်လည်စိစစ်မဖြေရှင်းပေးပါကခရိုင်နှင့်တိုင်းဒေသကြီးအထိ ဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဟောပြောကြွေးကြော်၍ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြီးဆုံးခဲ့သည်။



အဆိုပါဆန္ဒဖော်ထုတ်ပွဲသို့ ခင်ဦးမြို့နယ် မကျီးအုပ်ကျေးရွာအုပ်စုမှ သရက်ပင်စုကျေးရွာ၊ ယာတော်ကျေးရွာနှင့် ကျွန်းတောကြီးကျေးရွာတို့မှ အင်အား ၁၄၀ တို့ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# (၇၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် (ဖြူးမြို့)ဘဏ်ခွဲဖွင့်လှစ်



**ဖြူး မတ် ၂၂**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် (ဖြူးမြို့) ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဘောလုံးကွင်းရပ်ကွက်ရှိ အဆိုပါ ဘဏ်ခွဲရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် (ဖြူးမြို့)ဘဏ်ခွဲအား အမှတ် (၆) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်တင့်ဆွေ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သိန်းလွင်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အင်းဝဘဏ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Myanmar Mobile Money Services) သည် မိုဘိုင်းဖုန်းနှင့် ဆောင်ရွက်နိုင်သောဝန်ဆောင်မှုများကို ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး အငြိမ်းစား ဝန်ထမ်းများအတွက် ပင်စင်လစာများကို မိုဘိုင်းဖုန်းများမှတစ်ဆင့် ထုတ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သိန်းလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်(၆) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်တင့်ဆွေ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘဏ်ဝန်ထမ်းများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲ ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် မတ် ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၂ ရက်(ပထမနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၇၇၆၃ ပါးအနက် ၁၄၃၀၈ ပါး ဖြေဆိုပြီး ပျက်ကွက် ၃၄၅၅ ပါးရှိ၍ ၈၀ ဒသမ ၅၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ကျေးလက်လမ်း၊တံတားလုပ်ငန်းများ စစ်ဆေး

**သထုံ မတ် ၂၂**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းနှင့် အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး၊သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ မတ် ၂၂ ရက်က ပေါင်မြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နေသည့် ကျေးလက်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများအား စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ထားမှု ရှိ/မရှိနှင့် ကျေးလက်လမ်းများနှင့် တံတားများအား ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူသွားမည်ဖြစ်ကြောင်း၊ ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် နွေရာသီရေရှားပါးမှုများကို ကြိုတင်ကာကွယ်သွားနိုင်မည်ဖြစ်ပြီး ပေါင်မြို့နယ်တွင် နွေရာသီရေရှားပါးသော ကျေးရွာများသဖြင့် မြို့နယ်ဦးစီးမှူးအနေဖြင့် ရေပြတ်လပ်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။ **(ကြေးမုံ)**

# (၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ဖိတ်ခေါ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၂**

(၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်စားပွဲတင်တင်းနစ်ကော်မတီက ကြီးမှူးကျင်းပသည့် စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ တပ်မတော်စားပွဲတင် တင်းနစ်ကော်မတီ လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။



ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ၊ ပထမတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ တတိယတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အပျော်တမ်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ မျိုးဆက်သစ် အမျိုးသား (ပထမတန်း) တစ်ဦးချင်းပြိုင်ပွဲ၊ မျိုးဆက်သစ်အမျိုးသား(ဒုတိယတန်း)တစ်ဦးချင်းပြိုင်ပွဲ၊ပထမတန်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အပျော်တမ်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ မျိုးဆက်သစ် အမျိုးသမီး (ပထမတန်း)တစ်ဦးချင်းပြိုင်ပွဲ၊ မျိုးဆက်သစ် အမျိုးသမီး(ဒုတိယတန်း) တစ်ဦးချင်းပြိုင်ပွဲများတွင် အားကစားသမား အမျိုးသား ၁၅၀ နှင့် အမျိုးသမီး ၆၀ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အခမ်းအနားတွင် အသင်းလိုက်ပြိုင်ပွဲနှင့် တစ်ဦးချင်း အတန်းလိုက်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူများအား တပ်မတော် စားပွဲတင်တင်းနစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ဇေယျ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးအောင်မိုး၊ SCANIA မန်နေဂျင်းဒါရိုက်တာ ဦးချမ်းမြ၊ အောင်သိန်းသန်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအေးထွန်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ် ချီးမြှင့်သည်။ **(သတင်းစဉ်)**

# လူ့အခွင့်အရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး

**သီပေါ မတ် ၂၂**

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများသည် လူ့အခွင့်အရေးဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် သိကောင်းစရာများအကြောင်းကို ပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း အကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး လူ့အခွင့်အရေးသိကောင်းစရာ လက်ကမ်းစာစောင်များနှင့် စာအုပ်စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ **စိုင်း (သီပေါ)**

# ကမ္ဘာ့ရေနေ့အထိမ်းအမှတ် သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရေး ရေသန့်ဆေးများ ထောက်ပံ့

**ရန်ကုန် မတ် ၂၂**

(၂၅) ကြိမ်မြောက် ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အနေဖြင့် သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရေးအတွက် ရေသန့်စက်ရုံတစ်ခုကဲ့သို့ ရေသန့်စင်ထုတ်လုပ်ပေးနိုင်သည့် ရေသန့်ဆေးများ ထောက်ပံ့ခြင်းကို မတ် ၂၂ ရက်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ အောင်ဇေယျာမင်း ဘုန်းတော်ကြီးကျောင်းအလယ်ရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေး ထောက်ပံ့လှူဒါန်းခြင်းကို Procter and Gamble (P&G) မှ နိုင်ငံတကာရှိ မိတ်ဖက်များနှင့်အတူ ကမ္ဘာအနှံ့ သောက်သုံးရေရှားပါးမှုကို ကူညီထောက်ပံ့ပေးနေခြင်းဖြစ်ပြီး P&G Children's Safe Drinking Water (CSDW) အစီအစဉ်မှတစ်ဆင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် ခက်ခဲနေသူများကို ကူညီဖြည့်ဆည်းပေးရန် လှုံ့ဆော်မှုများကို နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Procter and Gamble (P&G) အနေဖြင့် မိတ်ဖက်ကုန်အမှတ်တံဆိပ်များနှင့်အတူ သန့်ရှင်းသောရေဖြင့် အသက်ရှင်နေထိုင်မှုဘဝများကို ပြောင်းလဲပေးရန် "ရေအကျိုး ၁၀ ပါး" အစီအစဉ်၏ (၄) ကြိမ်မြောက် အခမ်းအနားအဖြစ် ယနေ့ ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားနှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းတို့၏ တရားဝင်ထုတ်ပြန်ချက်အရ (၅) နှစ်အောက် မြန်မာကလေးငယ်များ သေဆုံးမှု၏ ၂၀ ရာခိုင်နှုန်းသည် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့်ဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် နှိုင်းယှဉ်လျှင် နှစ်ဆခန့် ပိုမိုများပြားကာ ယင်းပမာဏသည် ရေအလွန်ရှားပါးသော အာဖရိကတိုက်ရှိ ဆာဟာရကန္တာရတောင်ပိုင်းတွင် သေဆုံးမှု ရာခိုင်နှုန်းနှင့် တူညီကြောင်း သိရသည်။

ယင်းကြောင့် ကလေးငယ်များတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် အရေးကြီးပြီး Procter and Gamble (P&G) အနေဖြင့် သောက်သုံးရေချို့တဲ့သောသူများအား ထောက်ပံ့ပေးရန် CSDW ပရိုဂရမ်ကို ၂၀၀၄ ခုနှစ်တွင် ဖန်တီးခဲ့ကာ အမေရိကန်နိုင်ငံ Disease Control and Prevention စင်တာနှင့် Procter and Gamble (P&G) ၏သိပ္ပံပညာရှင်များ တွဲဖက်ပြီး Cleaning Technology Research ကို အသုံးပြုကာ (P&G) ရေသန့်စင်ဆေး အထုပ်ငယ်များကို တီထွင်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ယင်းတွင် ရေသန့်စက်ရုံတစ်ခုစာ





စွမ်းဆောင်ရည်ကို လေးဂရမ်ဆံ့ အထုပ်ငယ်များအသွင် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ရေတစ်ပုံး၊ ဇွန်းတစ်ချောင်း၊ အဝတ်စတစ်ခုနှင့် (P&G) ရေသန့်ဆေးတစ်ထုပ်ဖြင့် ၁၀ လီတာ ပမာဏရှိသော ညစ်ညမ်းသော/ အသက်အန္တရာယ်ရှိစေသောရေကို မိနစ်သုံးဆယ်အတွင်း မိသားစု ငါးဦးတစ်နေ့တာအတွက် လုံလောက်သော သောက်သုံးရေကို အထောက်အပံ့ပေးနိုင်သည့် ရိုးရှင်းလွယ်ကူသော နည်းပညာဖြစ်ကြောင်း သိရသည်။

Procter and Gamble (P&G) အနေဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း ဖြစ်ပေါ်ခဲ့စဉ်ကလည်း မိတ်ဖက်လုပ်ငန်းများနှင့်အတူ သဘာဝဘေးဒုက္ခသည်များအား ရေလီတာသန်းပေါင်း ၃၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်တွင် " ရေအကျိုး ၁၀ ပါး" အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး Procter and Gamble (P&G) ၏ထုတ်ကုန်များကို ဝယ်ယူသည့် တစ်ချိန်တည်းတွင် ရေအလှူကိုပါ ရရှိစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (P&G) သည် Always®, Ambi Pur®, Ariel®, Bounty®, Charmin®, Crest®, Dawn®, Downy®, Fairy®, Febreze®, Gain®, Gillette®, Head & Shoulders®, Lenor®, Olay®, Oral-B®, Pampers®, Pantene®, SK-II®, Tide®, Vicks®, Whisper® စသည့်အမှတ်တံဆိပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၀၀၁)**

# ရန်ကုန်-ဟံသာဝတီ-ပဲခူး စင်္ကြံနှင့် ရန်ကုန်အနောက်တောင်ပိုင်းဒေသဖွံ့ဖြိုးရေး Master Plan ရေးဆွဲခြင်းအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ညနေ ၃ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (KOICA) တို့ ပူးပေါင်း၍ ရန်ကုန်-ဟံသာဝတီ-ပဲခူး စင်္ကြံနှင့် ရန်ကုန်အနောက်တောင်ပိုင်းဒေသဖွံ့ဖြိုးရေး Master Plan ရေးဆွဲခြင်းအတွက် Project Steering Committee ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသော အခမ်းအနားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်-ဟံသာဝတီ-ပဲခူး စင်္ကြံနှင့် ရန်ကုန်အနောက်တောင်ပိုင်းဒေသဖွံ့ဖြိုးရေး Master Plan ရေးဆွဲခြင်းအတွက် Project Steering Committee ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံး လူနေမှုအဆင့်အတန်းမြင့်တက်စေပြီး ယဉ်ကျေးမှုအမွေအနှစ် မပျောက်ပျက်စေဘဲ သဘာဝပတ်ဝန်းကျင်၊ လူမှုစီးပွားပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေသည့် ကျေးလက်နှင့် မြို့ပြများ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အဆောက်အအုံများ ထူထောင်တည်ဆောက်သွားနိုင်ရေးအတွက် အဓိကဦးတည်ချက် ထားရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း မြို့ပြ/ကျေးလက်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်၊ အခြေခံအဆောက်အအုံများ ကောင်းမွန်ပြည့်စုံစေရန်အတွက် ဦးတည်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စက်မှုကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရန် မြို့ပြ၏အခန်းကဏ္ဍ အလွန်အရေးကြီးပါကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အလွန်အရေးကြီးပါကြောင်း၊ Growth Centre များဖြစ်သော မြို့ကြီးများနှင့် အနီးဝန်းကျင်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Regional Development နှင့် Urban Rural Linkages များကို ချိတ်ဆက်စဉ်းစားရန် လိုအပ်ပါကြောင်း၊ Strategic Urban Development Plan of Greater Yangon (2040) စီမံကိန်းကို ဂျပန်နိုင်ငံ JICA အကူအညီနဲ့ ပူးပေါင်းရေးဆွဲဆောင်ရွက်ထားပါကြောင်း၊ ယခုကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် စီမံကိန်းဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းဆွေးနွေးပွဲဖြစ်ပြီး KOICA Consortium အဖွဲ့မှ Master Plan Regional Development Plan, Regional Transportation Plan, Legal System, Future Plan, Action Plan များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ တိုးတက်မှုအခြေအနေကို အစီရင်ခံခြင်းနှင့် အဆိုပြုစီမံကိန်းများကို ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အညီ ဌာနများ၏ မူဝါဒလမ်းညွှန်ချက်များနှင့်ကိုက်ညီစေရန် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပြီး လိုအပ်သည့် အကြံပြုချက်များ၊ သုံးသပ်ချက်များ ဖြည့်စွက်ဆွေးနွေးပေးပါရန် မှာကြားပြီး တက်ရောက်လာကြသူများက မိမိတို့၏ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်လှေမီးလောင် ရေနစ်မြုပ်သေဆုံးခဲ့သော မိသားစုဝင်များအား ထောက်ပံ့ကြေးပေးအပ်

**ကျောက်ဖြူ မတ် ၂၂**

မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် စက်လှေမီးလောင်၍ ရေနစ်မြုပ်သေဆုံးခဲ့သော မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၂ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဝမ်းနည်းကြောင်း အမှာစကားပြောကြားပြီး ရေနစ်သေဆုံးသူ ဒေါ်အေးသန်းမြင့်နှင့်သား မောင်ထွန်းစေ့ကေတို့အတွက် ခင်ပွန်းဖခင်ဖြစ်သူ ဦးသိန်းရွှေအောင်အား ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးကျော်လွင်က ဒေါ်ခင်မေသန်းနှင့်သား မောင်ဖြိုးမင်းပိုင်တို့အတွက် ခင်ပွန်း ဖခင်ဖြစ်သူ ဦးခင်ကျော်မောင်အား ငွေကျပ် ၁၀ သိန်းနှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက သေဆုံးသူ ဒေါ်စန္ဒာနွယ်အတွက် ခင်ပွန်းဖြစ်သူ ဦးမောင်ဝင်းဌေးအား ငွေကျပ်ငါးသိန်းနှင့် ပြည်နယ်ဥပဒေချုပ်ရုံးမှ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းက သေဆုံးသူ ဒေါ်ခင်မေအောင်အတွက် ခင်ပွန်းဖြစ်သူ ဦးမောင်ဝေတင်အား ငွေကျပ်ငါးသိန်း ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**




# မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှုဆိုင်ရာအဆင့်တွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိလာ

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှုဆိုင်ရာအဆင့်တွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိလာကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ "လူတိုင်းအတွက် လူသားဖွံ့ဖြိုးမှု"ဟု အမည်ပေးထားသော လူသားဖွံ့ဖြိုးမှု အစီရင်ခံစာ "၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း (HDI)အဆင့်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က ထုတ်ပြန်သည့် လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI) အဆင့်တွင် နိုင်ငံပေါင်း ၁၈၈ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် ၁၄၅ သို့ တိုးတက်ရောက်ရှိလာကြောင်းကို ယနေ့ ညနေက ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ UNDPရုံး ဦးသန့်ခန်းမတွင် ပြုလုပ်သည့် ထုတ်ပြန်ချက်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂဌာနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မြန်မာနိုင်ငံဆိုင်ရာ UNDP ဌာနေကိုယ်စားလှယ် မစ္စ ရီနားတားဒက်စ်ဆယ်လီယန်နှင့် UNDP စီးပွားရေး အကြံပေး သောမတ်ကရင်းတို့က ပြောကြားခဲ့ခြင်းဖြစ်သည်။


မစ္စရီနားတားဒက်စ်ဆယ်လီယန်

မြန်မာနိုင်ငံဆိုင်ရာ UNDP ဌာနေကိုယ်စားလှယ် မစ္စ ရီနားတားက "မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး လူသားဖွံ့ဖြိုးမှုတိုးတက်လာပါတယ်။ မြန်မာနိုင်ငံရဲ့ လူသားဖွံ့ဖြိုးမှု တိုးတက်ရေးအညွှန်းကိန်း ၂၀၁၄ မှာဆိုရင် မြန်မာနိုင်ငံရဲ့ ရမှတ်က သုည ဒသမ ၅၅၂ ပဲရှိပါတယ်။ ၂၀၁၅ ခုနှစ် ရမှတ်ကိန်းဂဏန်းတွေမှာတော့ သုည ဒသမ ၅၅၆ အထိ တိုးတက်လာပါတယ်။ ငါးနှစ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ ရမှတ်က ၅ ဒသမ ၇ ရာခိုင်နှုန်းလောက်အထိ တိုးတက်လာပါတယ်။ နိမ့်ကျတဲ့အဆင့်ကနေ အလယ်အလတ်အဆင့်ထိရရှိပါတယ်။ ဒါဟာအောင်မြင်တဲ့ ထူးခြားမှုဖြစ်ပြီး မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စပါ။ တိုးတက်မှုတွေရှိပေမယ့် မေ့လို့မရတဲ့ အရာကတော့ မြန်မာနိုင်ငံရဲ့ HDI ရမှတ်တွေဟာ အခြားအရှေ့တောင်အာရှနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျကွာဟနေဆဲပါ"ဟု ပြောကြားသည်။

UNDP ၏ သတင်းထုတ်ပြန်ကြေညာချက်တွင် လူသားဖွံ့ဖြိုးမှုဆိုင်ရာ အလယ်အလတ်အဆင့်သို့ မြန်မာနိုင်ငံ ရောက်ရှိလာခြင်းသည် ထူးခြားမှုအရေးပါမှုရှိသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိ၏ပြည်သူများအတွက် လူသားဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ဆောင်ရွက်ရာတွင် တိုးတက်မှုရရှိလာခြင်းကို မှတ်တမ်းတင်ဖော်ပြခံရခြင်းကြောင့် ဖြစ်သည်။ သို့သော် အစီရင်ခံစာထဲတွင် ဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံ၏ HDI ရမှတ်ဖြစ်သည့် သုည ဒသမ ၅၅၆ နှင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွက် ပျမ်းမျှရမှတ် သုည ဒသမ ၇၂၀ တို့ကြားတွင် ကွာဟချက် ရရှိနေဆဲဖြစ်သည်။ ဥပမာအားဖြင့် မိခင်ကျန်းမာရေးနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုတို့တွင် မြန်မာနိုင်ငံ၏ စွမ်းဆောင်မှုသည် တောင်အာရှ၏ ပျမ်းမျှအဆင့်အောက်တွင် ရှိနေဆဲဖြစ်သည်ဟု ပါရှိသည်။

မစ္စရီနားတားက "မြန်မာနိုင်ငံကလူမှုရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအားနည်းတဲ့အတွက် ပိုမိုလုပ်ဆောင်ဖို့ လိုပါသေးတယ်။ ကျွန်မအနေနဲ့ အစိုးရကို တိုက်တွန်းချင်တာကတော့ လူသားတွေရဲ့ သာယာဝပြောမှုလုပ်ငန်းတွေ ပိုမိုတိုးတက်အောင် ဆောင်ရွက်ဖို့နဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွေရရှိဖို့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ အဲဒီလို လုပ်နိုင်ဖို့အတွက် မူဝါဒပိုင်းဆိုင်ရာကလည်း ပါဝင်ဆောင်ရွက်ပြီး တိကျသေချာတဲ့ ဆုံးဖြတ်ချက်ချမှု၊ သတ်မှတ်မှုတွေ လုပ်ဆောင်ဖို့လိုပါတယ်။ နောက် ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်ချတဲ့အခါမှာလည်း ပါဝင်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေနဲ့ ပိုမိုပြီး ထိထိရောက်ရောက်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ကိုင်ပြီး ကျော်လွှားဖို့လိုပါတယ်"ဟု ပြောသည်။

"လူသားဖွံ့ဖြိုးမှုအဆင့်တွင် အလယ်အလတ်အဆင့်သို့ အောင်မြင်စွာ တက်လှမ်းရောက်ရှိလာခြင်းအတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို ဂုဏ်ယူဝမ်းမြောက်ပါသည်"ဟု ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI) တွင် ဖော်ပြထားသည်။

"ကမ္ဘာကြီးအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးကဏ္ဍများတွင် လက်လှမ်းမီမှုမြှင့်တင်ခြင်းနှင့် အမျိုးသမီးများအတွက် ဖြစ်နိုင်သလောက် တိုးချဲ့ဆောင်ရွက်ပေးခြင်းတို့ဖြင့် အလွန်အမင်း ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရေးခရီးရှည်ကြီးကို ဖြတ်ကျော်သွားလာနေပြီဖြစ်သည်။ ယင်းသည် နောက်တစ်ဆင့် တက်လှမ်းရမည့် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုများမှ လူတိုင်းဆီသို့ ရောက်ရှိလက်လှမ်းမီသည့် အကျိုးကျေးဇူးများ အာမခံချက်ပေးရေးအတွက် ရှေ့ပြေးနိမိတ်တစ်ခုပင်ဖြစ်သည်" ဟု ယမန်နေ့က စတော့ဟုမ်းမြို့တွင်ကျင်းပသော လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI)အစီရင်ခံစာ စတင်ရှင်းလင်းမိတ်ဆက်ပွဲတွင် UNDP အုပ်ချုပ်ရေးမှူးရုံး ဟယ်လင်ကလာ့ခ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းမြင့်တက်စေရန် ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အစိုးရနှင့်သာမကပဲ မြန်မာပြည်သူများနှင့်ပါ ပူးပေါင်း၍ လူသားဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချထားပြီးသားဖြစ်ကြောင်း အညွှန်းကိန်း HDI ထုတ်ပြန်ချက်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်ကြား၌ ဒေသများအားလုံးတွင် ပျမ်းမျှလူသားဖွံ့ဖြိုးမှု တိုးတက်လာသော်လည်း ကမ္ဘာတစ်ဝန်းလုံးတွင် ပြည်သူပေါင်း ၁ ဒသမ ၅ ဘီလီယံနီးပါးတို့မှာ "ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းတို့တွင် အခွင့်အရေးများဆုံးရှုံးနေခြင်းနှင့်အတူ" ဆင်းရဲနွမ်းပါးမှုအခြေအနေအမျိုးမျိုးတွင် နေထိုင်နေကြရသည်။ အာရှနှင့် ပစိဖိတ်ဒေသရှိ တိုးတက်မှုများ အကျိုးကျေးဇူးကို လူတိုင်းမခံစားရသေးပါဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအချက်သည် အခွင့်အရေးများဆုံးရှုံးနေသော လူအုပ်စုအချို့ အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဝေးလံခေါင်သီသော နေရာဒေသများတွင် နေထိုင်သူများအပေါ် အချိုးအစားမညီမျှစွာ မညီမျှမှုများ သက်ရောက်မှုရှိနေကြောင်းကို ပြသနေသည်ဟု သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)သည် လူသားဖွံ့ဖြိုးမှု အစီရင်ခံစာထုတ်ပြန်ရန်အတွက် တစ်ကမ္ဘာလုံးရှိ လူသားများနှင့်ပတ်သက်သည့် လူသားများ၏ ဝင်ငွေရရှိမှု အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်သည့် အခြေအနေကဏ္ဍများ၊ လူသားလွတ်လပ်ခွင့်ရရှိမှု အခြေအနေများကို တိုင်းတာခြင်းဖြစ်သည်။

လွန်ခဲ့တဲ့ ၂၅ နှစ်အတွင်း ကမ္ဘာ့လူဦးရေရဲ့ ၁ ဒသမ ၁ ဘီလီယံခန့်သည် ပိုမိုကောင်းမွန်တဲ့ သန့်ရှင်းမှုကို ရရှိခဲ့ပြီး ၁ ဒသမ ၆ ဘီလီယံလောက်ကလည်း သန့်ရှင်းကောင်းမွန်တဲ့ သောက်သုံးရေကို ရရှိခဲ့ပါတယ်။ ငါးနှစ်အောက်ကလေးများ၏ သေဆုံးမှုနှုန်းကလည်း ၁၉၉၀ နဲ့ ၂၀၁၆ မှာ တစ်ကမ္ဘာလုံးအညွှန်းကိန်းအရ တစ်ဝက်ကျော်ကျော် ကျဆင်းသွားပါတယ်။ HIV၊ ငှက်ဖျားရောဂါနဲ့ တီဘီရောဂါဖြစ်ပွားမှုနှုန်းဟာလည်း ပိုမိုကျဆင်းလာသည်ကို တွေ့ရသည်"ဟု လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI) အစီရင်ခံစာထုတ်ပြန်ချက်မှ သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## သတင်းထောက်များနှင့် တွေ့ဆုံမည်

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းနှင့်ဓာတ်ပုံများ ပေးပို့လျက်ရှိသော ပန်းတနော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ပုသိမ်၊ ငပုတော၊ လပွတ္တာ၊ မြောင်းမြ၊ ဟိုင်းကြီးကျွန်းမြို့နယ်များနှင့် ပတ်ဝန်းကျင်မြို့များမှ သတင်းထောက်များ၊ သတင်းလုပ်ငန်းစိတ်ပါဝင်စားသောသူများနှင့် နိုင်ငံပိုင်သတင်းစာတိုက်မှ တာဝန်ရှိသူတို့ တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲကို မတ် ၂၆ ရက် မွန်းလွဲပိုင်းနှင့် မတ် ၂၇ ရက်တို့တွင် နီးစပ်ရာမြို့များ၌ ပြုလုပ်မည်ဖြစ်ရာ ဖုန်း-၀၉-၃၃၆၄၄၂၀၉ နှင့် ၀၉-၄၂၀၇၆၆၃၃၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **(ကြေးမုံ)**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရလဒ်များအပေါ် ဆန်းစစ်သုံးသပ်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် တွေ့ဆုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၂၂**

တစ်နှစ်တာကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရလဒ်များအပေါ် ဆန်းစစ်သုံးသပ်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဗဟိုတစ်ခုတည်း၏ အမြင်မဟုတ်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အမြင်ကိုလည်း သိရှိလိုသည့်အတွက် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များကိုလည်းပေးကြပြီး မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန်လည်း ဖြစ်ကြောင်း။

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ယနေ့အထိ ဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ်ကြရန် ဖြစ်ကြောင်း၊ တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များ၏ ကောင်းမွန်မှုကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခြေအနေအပေါ် မူတည်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို တင်ပြကြစေလိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြန်လည်သုံးသပ်ရာတွင် ကျွမ်းကျင်မှုဆိုင်ရာအပိုင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအပိုင်းများကို မိမိတို့ဒေသအပေါ် မူတည်၍ သုံးသပ်ကြရမည်ဖြစ်ပါကြောင်း။

Guideline နှင့် Standard Operating Procedure (SOP) များကို Update များ ပြုလုပ်လျက်ရှိကြောင်း၊ ဗဟိုနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များ ဆက်သွယ်ဆောင်ရွက်မှု အားနည်းနေသည်ကို တွေ့ရှိမှုအပေါ် ဆက်သွယ်မှု မြန်ဆန်ကောင်းမွန်စေရန် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်နေရာမှတစ်နေရာသို့ ဆေးနှင့်ဆေးပစ္စည်း သယ်ယူပို့ဆောင်မှု၊ ထုတ်ယူသုံးစွဲမှု၊ စနစ်တကျဖြစ်ရန်အတွက် သုံးသပ်ဆွေးနွေးကြရန်ဖြစ်ပါကြောင်း။

ကျေးလက်ကျန်းမာရေးဌာနများ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သုံးသပ်ရန်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုသည် ကျေးလက်ကျန်းမာရေးဌာနများတွင် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအပေါ် မူတည်နေပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်ပလူမှုရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်နေမှုများကိုလည်း ဆန်းစစ်သုံးသပ်ကြရန်ဖြစ်ပါကြောင်း၊ ဦးစီးဌာနများအနေဖြင့် မိမိတို့ဌာန၏ ဖွဲ့စည်းပုံများကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် သင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကုသရေးဦးစီးဌာနမှူးများက မိမိတို့ဒေသများအတွင်း ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် တင်ပြချက်များအပေါ် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို မတ် ၂၂ ရက်မှ ၂၃ ရက် အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၇၂) နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ ၅၀ ခုမြောက်ဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် မတ် ၂၂**

(၇၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ် လီမိတက်၏ ၅၀ ခုမြောက်ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက်ရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် စစ်ဘက်/နယ်ဘက်မှ အရာရှိကြီးများ၊ မြဝတီဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ရှေးဦးစွာ မြဝတီဘဏ်ခွဲ(ပဲခူး)အား ပဲခူးတပ်နယ်မှ ဗိုလ်မှူးကြီးနီလင်းအောင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးစိုးသိန်းနှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဘဏ်ခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

မြဝတီဘဏ်ခွဲ(ပဲခူး)အား ပဲခူးမြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ဒုဋ္ဌဝတီ(ရွှေစာရံ)မှ**

"ရွှေစာရံတံတားရဲ့ လက်ရှိလုပ်ငန်းဆောင်ရွက်မှုက ရာနှုန်းပြည့်နီးပါးပြီးစီးနေပါပြီ။ အချောသပ် လက်စသိမ်းဖို့ဆောင်ရွက်နေပါတယ်။ ဧပြီလ ၁၁ ရက်မှာ ဖွင့်လှစ်သွားမှာပါ"ဟု ၎င်းက ပြောသည်။ အဆိုပါတံတားသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှ တစ်ဆင့် ဒုဋ္ဌဝတီမြစ်ကိုဖြတ်၍ ကျောက်ဆည်နှင့် ပြင်ဦးလွင်မြို့သို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက "မန္တလေးကို ဝင်စရာမလိုတော့ဘဲ ပြင်ဦးလွင်ကို အချိန်တိုအတွင်း သွားနိုင်တဲ့အတွက် ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်ရေးတိုးတက်ပြီး သွားလာရေးအဆင်ပြေမယ်၊ ဘာကြောင့်လဲဆိုတော့ ကျောက်ဆည်နဲ့ပြင်ဦးလွင်သွားရင် ဒီတံတားကြောင့် မိုင် ၄၀ လောက် ခရီးတိုသွားမယ်"ဟု ထပ်မံပြောကြားသည်။ ယင်းတံတားသည် အာစီကွန်ကရစ်အမျိုးအစားဖြစ်၍ အခန်းခြောက်ခန်းနှင့် အရှည်ပေ ၆၆၀၊ ရေလယ်တိုင် ငါးတိုင်၊ ချဉ်းကပ်တိုင်နှစ်တိုင်ရှိ၍ကားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း သုံးပေစီပါဝင်ကာ စုစုပေါင်းပေ ၃၀ အကျယ်အဝန်းရှိကြောင်း ယင်းဌာန၏စာရင်းများအရ သိရသည်။

အဆိုပါတံတားအနီးရှိ ရွှေစာရံရွာမှ ဒေသခံဖြစ်သူ ဦးရဲဆင့်ကလည်း "အရင်ကဆိုရင် ဒုဋ္ဌဝတီမြစ်ကို ဖြတ်တဲ့တံတားမရှိတော့ ညပိုင်းမှာ စက်လှေမရှိလို့ ဟိုဘက်ကမ်းကို ပြန်ဖို့အခက်အခဲ ဖြစ်တယ်။ ညဆိုရင် စက်လှေကို ဖုန်းဆက်ခေါ်တာတောင် မရဘူး။ တံတားပြီးသွားရင် နေ့ည အချိန်မရွေး သွားလို့ရသွားပြီ"ဟု ဆိုသည်။

အဆိုပါတံတားကို၂၀၁၆ ခုနှစ် ဇွန် ၂ ရက်မှစတင်ကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခွင့်ပြုဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၁၁၂ သန်းခန့်ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**(နဒီလှိုင်း)**

✻ **ကျောဖုံးမှ**

ရောင်းချပွဲ စတုတ္ထနေ့တွင် ယမန်နေ့က စျေးနှုန်းတင်သွင်းခဲ့သည့် ကျောက်စိမ်း အတွဲပေါင်း ၁၅၀၀ အတွက် အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါအောင်မြင်သူစာရင်းကို ကြေညာသည်။

ထို့ပြင် ကျောက်စိမ်းအတွဲအမှတ် ၁၅၀၁ မှ အတွဲအမှတ် ၃၀၀၀ အတွက် ဝယ်ယူလိုသူများက စျေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ် ကူညီဆောင်ရွက်ပေးကြသည်။



ကျောက်စိမ်းအတွဲအမှတ် ၁၅၀၁ မှ အတွဲအမှတ် ၃၀၀၀ အတွက် တင်ဒါအောင်မြင်သူစာရင်းကို မတ် ၂၃ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲအမှတ် ၃၀၀၁ မှ အတွဲအမှတ် ၄၄၅၄ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မတ် ၂၄ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

❑

# မှူခင်းဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြော

**ရန်ကုန် မတ် ၂၂**

သင်္ကြန်ကာလအတွင်း မှုခင်းများဖြစ်ပွားမှုမရှိစေရန် အသိပညာပေးဟောပြောပွဲကို မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(ဒွေးကြိုင်)**



# ရပ်ရွာအဆင့် ကြိုတင်သတိပေးချက်များအား ဘာသာပြန်ဆိုခြင်း၊ အသုံးချခြင်းနှင့် ကြိုတင်သတိပေးစနစ်ဆန်းစစ်ချက် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းသင်တန်းဖွင့်

**ကော့ကရိတ် မတ် ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်လွှင့်လျက်ရှိသော ခန့်မှန်းချက်များ၊ သတင်းအချက်အလက်များကို ဘာသာပြန်ဆိုခြင်း၊ အသုံးချခြင်းနှင့် ရပ်ရွာအတွင်း ကောင်းမွန်စွာနားလည် အသုံးချတတ်စေရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ RIMES၊ KBC နှင့်အခြားဒေသတွင်း ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဖော်ဆောင်လျက်ရှိသော " Strengthing Emergency Preparedness System In Myanmar" စီမံကိန်းအောက်ရှိ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာအတွက် ရည်ရွယ်၍ရပ်ရွာအဆင့် ကြိုတင်သတိပေးချက်များအား ဘာသာပြန်ဆိုခြင်း၊ အသုံးချခြင်းနှင့် ကြိုတင်သတိပေးစနစ် ဆန်းစစ်ချက်အား ပြန်လည်သုံးသပ်ဆွေးနွေးခြင်း သင်တန်းအား ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကရင်ပြည်နယ်၊ မိုးဇလ(ဘားအံ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကို၊ နေပြည်တော် မိုးလေဝသဌာနခွဲမှ ဦးစီးအရာရှိDr. သန်းနိုင်နှင့် ကော့ကရိတ်မိုးလေဝသဌာနခွဲမှ ဦးစီးအရာရှိ ဦးမျိုးမြင့်တို့က မိုးလေဝသနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို နားလည်နိုင်စေရန် ပို့ချပေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ ဦး တက်ရောက်ပြီး သင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန
နှင့်
မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
မော်လမြိုင် တက္ကသိုလ် (ဘာက်စုံခန်းမ)၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။
၂၀၁၇ ခုနှစ် ၊ မတ်လ (၂၅၊ ၂၆၊ ၂၇ )ရက် (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
Platinum Sponsor
Dugro Aptamil SUPER GOLD Step-3 Step-4
Organized by
VII mix HeptaMix

# ဖျာပုံ ကလေးစာပေပွဲတော်အကြို မုဒိတာစကားသံများ

**ဖျာပုံ မတ် ၂၂**

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် မျိုးဆက်သစ်များသည် အနာဂတ်လူ့အဖွဲ့အစည်း၏ ရင်နှစ်သည်းခြာ အဖိုးထိုက်ရတနာများဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ကလေးငယ်များ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးခြင်းသည်လည်း အနာဂတ်လူ့အဖွဲ့အစည်း (သို့မဟုတ်) အနာဂတ်နိုင်ငံတော်အား ကောင်းစွာတည်ဆောက်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖော်ထုတ်ပေးခြင်းဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရေးနှင့် ဘက်စုံဖွံ့ဖြိုးသည့် လူတော်လူကောင်းများဖြစ်လာစေရေးအတွက် နိုင်ငံအဝှမ်း ကလေးစာပေပွဲတော်များ ကျင်းပပေးလျက်ရှိရာ ဖျာပုံခရိုင် ဖျာပုံမြို့တွင် မတ် ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ဦးဇော်မင်း



ဦးညွန့်ဗိုလ်



မရွှေခြည်ဦး

"ကျွန်တော်တို့ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ ပညာရေးဌာနနဲ့ ပူးပေါင်းပြီး အထက(၁) ဖျာပုံမှာ ကလေးစာပေပွဲတော်ကို ခမ်းခမ်းနားနား ကျင်းပပေးသွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ဗျာ၊ ကလေးငယ်တွေ ဘက်စုံဖွံ့ဖြိုးဖို့ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာဖို့ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေဖို့နဲ့ စာပေနဲ့ရင်းနှီးပြီး စာပေဖတ်ရှုလေ့လာမှု ပိုမိုအားကောင်းလာစေဖို့ ရည်ရွယ်ပြီး ကျင်းပပေးတာပါ။ ကလေးစာပေပွဲတော်မှာ ပုံပြောပြိုင်ပွဲနဲ့ ဆေးရောင်ခြယ်ပြိုင်ပွဲအပြင် အသိဉာဏ်ဖွံ့ဖြိုးစေတဲ့ အခြားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကလေးစာပေပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်ပါ ပါဝင်မှာဖြစ်တဲ့အတွက် မည်သူမဆို လာရောက်အားပေးနိုင်ကြပါတယ်။ ကလေးစာပေပွဲတော် အောင်မြင်အောင် ပူးပေါင်းပါဝင်ပေးကြတဲ့ ဌာနဆိုင်ရာများနဲ့ အသင်းအဖွဲ့များ၊ အလှူရှင်များအပါအဝင် အားလုံးကိုလည်း များစွာကျေးဇူးတင်ရှိပါတယ်"ဟု ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းက ပြောသည်။

"ကလေးကောင်းမှ လူကြီးကောင်းမှာဖြစ်တဲ့အတွက် ကလေးစာပေပွဲတော်ကျင်းပပေးတာဟာ အနာဂတ်လူ့အဖွဲ့အစည်းအတွက် (သို့မဟုတ်) အနာဂတ်နိုင်ငံတော်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး တော်တည့်မှန်ကန်ကောင်းမွန်တဲ့ လူ့စွမ်းအားအရင်းအမြစ်တစ်ခု ဖန်တီးဖော်ဆောင်ပေးရာရောက်ပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့ ဆောင်ပုဒ်ကို ယနေ့လူငယ် ယနေ့လူကြီးလို့ ဆောင်ပုဒ်ပြောင်းနိုင်တဲ့အထိ အသိပညာရင့်ကျက်တဲ့ မျိုးဆက်သစ်တွေ ပေါ်ထွန်းလာဖို့အထိ ဖြစ်စေချင်ပါတယ်။ မှတ်ရန်တစ်ခု နှုတ်မှုလက်မှုအတတ်စုကို ငယ်နုသောအား မမေ့ငြားနှင့် ရင်းဖျားကုန်စင်တတ်မြော်မြင်က တစ်ခုမျှလျက်အသက်မွေးကျောင်းဖြစ်တုံရှောင်း၏ဆိုသလို ဘက်စုံပညာများ ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မာမာရရှိစေချင်ပါတယ်။ ကလေးစာပေပွဲတော်ကို အကြောင်းပြုပြီး အနာဂတ်မှာ အားကိုးထိုက်တဲ့ အောင်မြင်တဲ့ အတ္တပရမျှတတဲ့ ကောင်းမွန်တဲ့ နိုင်ငံ့သည်းခြာ အဖိုးထိုက်ရတနာများ ပေါ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်။ ပွဲတော်ကျင်းပပေးတဲ့အတွက်လည်း များစွာကျေးဇူးတင်ရှိပါတယ်"ဟု စာရေးဆရာ/ သတင်းထောက် ဦးညွန့်ဗိုလ်က ပြောသည်။

ဖျာပုံမှာ ကလေးစာပေပွဲတော် ကျင်းပမယ်ဆိုတာ မြေစိုက်ကြော်ငြာဆိုင်းဘုတ်ကြီးတွေမြင်လို့ သိရပါတယ်။ အရမ်းဝမ်းသာသွားတယ်။ ဘာကြောင့်လည်းဆိုတော့ ကလေးဆိုတာ အနာဂတ်ရဲ့မျိုးဆက်သစ်ပါ။ နိုင်ငံ့အတွက် အရေးပါတဲ့ လူသားရတနာတွေပါ။ အခုလို ကလေးတွေ ဘဝ ရပ်တည်မှုပြည့်စုံဖို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနတွေ အပါအဝင် ဆက်စပ်မှုရှိတဲ့ ဌာနအဖွဲ့အစည်းအားလုံးက စွမ်းစွမ်းတမံ စိတ်ပါလက်ပါနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတာ တွေ့ရလို့ အရမ်းဝမ်းသာပါတယ်" ဟု ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မရွှေခြည်ဦး(ဒု-လက်ထောက်ဦးစီးမှူး၊ မြို့ပြ)က ပြောသည်။ **(သပြေထွန်း)**

# ပြည်တွင်းစက်သုံးဆီဝယ်ယူသုံးစွဲမှု အဆင်မပြေမှုများ အဆုံးသတ်ပေးစေလို

**ရန်ကုန် မတ် ၂၂**

ပြည်တွင်းစက်သုံးဆီများ ဝယ်ယူသုံးစွဲနေရာ နှစ်အတန်ကြာ အဆင်မပြေမှုများခံစားနေရာမှ ယခုရက်ပိုင်း မီဒီယာများပေါ်တွင် ပြည်ထောင်စုဝန်ကြီး၏ ပြောကြားမှုဖော်ပြခြင်း အယ်ဒီတာခေါင်းကြီးပိုင်းအာဘော်သတင်းစသည်ဖြင့် ဖော်ပြထားသည်ကို ဖတ်ရှုလာရသည်။

ပြည်တွင်းတွင်စက်သုံးဆီ ဝယ်ယူသုံးစွဲနေရသူများအတွက် ပီပြင်သောလက်ဝါးကြီးအုပ်အသွင်ဆောင်နေသေးသည့် စက်သုံးဆီဝယ်ယူနေရမှုများ မကြာမီကာလအဆုံးသတ်မည်ဟု မျှော်လင့်ချက်များဖြစ်ပေါ်သည်ဟု အိမ်စီးယာဉ်ပိုင်ရှင် ဦးလှဦးက ဆိုသည်။

သို့သော် မတ် ၂၂ ထုတ် မီဒီယာအချို့တွင် "နိုင်ငံခြားစက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်နိုင်ရန်စီစဉ်နေမှုအသနားခံစာတင်ပြသွားမည်" ခေါင်းစဉ်ပါ သတင်းနှင့် "စက်သုံးဆီ လက်လီလုပ်ငန်း ပြည်ပကုမ္ပဏီများ ဝင်ရောက်မည့်ကိစ္စဆိုင်းငံ့ရန်တင်ပြမည်" ခေါင်းစဉ်ပါသတင်းတို့ကို ဖတ်ရှုရသည်။

သူတို့ဘက်က ဖြစ်စေချင်တဲ့ဟာ အရည်အသွေးဖြစ်အောင် လုပ်ပေးမယ် အာမခံတယ် ဆီလျော့တာတွေ မဖြစ်အောင် လုပ်ပေးမယ် တာဝန်ခံတယ် ဈေးနှုန်းဆိုရင်လည်း နိုင်ငံတကာ ဘယ်လိုရှိတယ် အစိုးရပိုင်းက ဘယ်လိုဖြစ်ချင်လဲ။ ဒါကို ကျွန်တော်တို့ လုပ်ပေးမယ်။ ဒါဆိုရင် နိုင်ငံသားတွေလုပ်နိုင်တာပဲ။ အခြားသူတွေခေါ်ဖို့တော့မလိုပါဘူး။ စဉ်းစားပေးဖို့များလိမ့်မယ်လို့ ယူဆပါတယ်။ လူကြီးဆိုတာတော့ အသေးစိတ်အချက်အလက်မသိနိုင်ဘူး။ သာမန်ပြည်သူတွေတောင် နိုင်ငံခြားသားလာရင်ကောင်းမှာပဲဟု အဆိုပါသတင်းတွင် ဖတ်ရသည်။

ထိုနည်းတူ စက်သုံးဆီဆိုင်ရာသတင်းတွင် ဝန်ကြီးဆီရောက်တာသတင်းမှားတွေပါဟု သက်ဆိုင်ရာ NGO အဖွဲ့ တာဝန်ရှိသူတစ်ဦး၏ ပြောကြားမှုဖတ်ခဲ့ရသည်။ ယင်းသို့ ဖတ်ရပြီး နောက်ရက်များဖြစ်သော မတ် ၂၂ ရက် ထပ်မံဖတ်လာရခြင်း ဖြစ်သည်။

ပုဂ္ဂလိကလုပ်ကိုင်ခွင့် ၆ နှစ်ဝန်းကျင်ရှိလာချိန် ပြည်တွင်းတွင် စက်သုံးဆီဝယ်ယူရာတွင် အဆင်မပြေခြင်းများရှိနေဆဲဖြစ်သည်။ ၂၀၁၅ မေလကုန်မှစ၍ ယနေ့အထိ အပတ်စဉ် အင်္ဂါ(သို့မဟုတ်) ဗုဒ္ဓဟူးနေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင် တစ်ပတ်အတွင်း ဆိပ်ကမ်းရောက် ပျမ်းမျှဈေးနှုန်း ရန်ကုန်မြို့တွင်း လက်လီရောင်းဈေးများ ဖော်ပြနေဆဲရှိသည်။ အရင်းဈေးထက် ရောင်းဈေးကွာခြားခြင်းမှာ တစ်လီတာလျှင် ၂၀၁၅ ဇွန်လဆန်းတွင် အကြမ်းဖျင်း ကျပ် ၃၀ ဝန်းကျင်သာရှိသည်။ ပြည်ပရေနံဈေး ကျဆင်းခြင်းများလာသော နှစ်ကုန်ပိုင်းလများ၏ အချို့ရက်သတ္တပတ်တွင် ကျပ် ၁၅၀ ဝန်းကျင်အထိကွာခြား ဈေးမြင့်မှုများရှိသည်ကို မြင်တွေ့ရသည်။

အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်ကို သတင်းဆောင်းပါးတစ်ပုဒ် ယခင်အပတ်ထုတ်ဂျာနယ်တွင်ကားအထူးပြုသတင်း ဆောင်းပါးများရေးသားသူ၏ဆောင်းပါးဖတ်ရသေးသည်။ ဝယ်ယူသူများအနေဖြင့် ပြည်ပအားကိုးမျှော်လင့်မှုများ ဖြစ်ပေါ်လာရခြင်းမှာ မပြေပြင်ဈေးကွက်ဖြစ်သော စက်သုံးဆီ၊ စားအုန်းဆီ၊ ကြက်သွန်နီ ကဏ္ဍများတွင် လက်ဝါးကြီးအုပ် အသွင်ဆောင် ဈေးကွက်စီးပွားရေး မပီပြင်နေ၍ဖြစ်သည်ဟု ပြောဆိုလာသည်ကို ဝယ်ယူသုံးစွဲသူများက ပြောကြားသည်။ **(မောင်စေအောင်)**

# မီးဘေးအန္တရာယ်ကင်းဝေးရေး စက်သုံးဆီအရောင်းဆိုင်များ စစ်ဆေး

**တံတားဦး မတ် ၂၂**

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးပြီး ဘေးကင်းရန်ကွာ စိတ်အေးချမ်းသာနေထိုင်နိုင်ရေးအတွက် တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ မြို့နယ်မီးသတ်ဦးစီးဌာမှ တာဝန်ရှိသူများ လူမှုရေးအသင်းဝင်များနှင့် ပူးပေါင်းကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံတားဦးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်ငါးဆိုင်အား ယမန်နေ့ ညနေ ၄ နာရီက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူလင်းနှင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများထားရှိခြင်းရှိ မရှိ၊ လုပ်ငန်းလိုင်စင်ရှိ မရှိ သဲအိတ်များထားရှိခြင်းရှိ၊ မရှိ ရေများလုံလောက်စွာ ရရှိမှုရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းနှင့် စက်သုံးဆီများကိုလည်း စည်းကမ်းနှင့်အညီ ရောင်းချပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ စက်သုံးဆီများ ရောင်းချရာတွင်လည်း မီးဘေးအန္တရာယ် လုံခြုံစိတ်ချရေးအတွက် အထူးအလေးထားပြီး စနစ်တကျရောင်းချပေးကြရန် လိုအပ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

# သဘာဝဘေးကြောင့် ပျက်စီးခဲ့ရသည့် မိုးစပါးနှင့် ကြံသီးနှံများအတွက် ထောက်ပံ့ကြေးပေးအပ်

**ကသာ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း၌ ၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် မိုးစပါးနှင့် ကြံသီးနှံများအတွက် မြို့နယ်အလိုက် ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားကို ကသာခရိုင် စီ/ခန့်ရုံးအစည်းအဝေးခန်းမ၌ မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ သဘာဝဘေးကြောင့် ပျက်စီးခဲ့ရသော စပါးစိုက်ခင်း တစ်ဧကအတွက် တစ်သောင်းကျပ်၊ စပါးပျိုးခင်းအတွက် တစ်သိန်းကျပ်၊ ကြံစိုက်ဧကအတွက် နှစ်သောင်းကျပ်နှုန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်အတွင်း၌ စိုက်ခင်း ၃၆၄၁ ဧက၊ ပျိုးခင်း ၅၇ ဧကအတွက် ထောက်ပံ့ကြေး ၄၂၁ ဒသမ ၁သိန်း၊ ထီးချိုင့်မြို့နယ်အတွင်း ကြံစိုက် ၁၆၇ ဧက၊ စပါးစိုက်ဧက ၁၁၁၇ အတွက် ထောက်ပံ့ကြေးငွေ ၁၄၅ ဒသမ ၁၀သိန်း၊ အင်းတော်မြို့နယ်အတွင်း စိုက်ဧက ၂ဧက အတွက် သုည ဒသမ ၂သိန်း ထောက်ပံ့ကြေးပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးလွင်(ကသာ)**

# အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲ ကျင်းပ

**ရပ်စောက် မတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တင့်တို့က အမှာစကားပြောကြားကြသည်။

မြန်မာနိုင်ငံတစ်ဝန်း မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ များပြားလာမှုကြောင့် စက်ချွတ်ယွင်းပျက်စီးမှုများအား နေရာဒေသမရွေးတွင် ပြင်ဆင်ဆောင်ရွက်နိုင်ရန်နှင့် ဒေသနေပြည်သူလူထုအတွင်း မိသားစုဝင်ငွေရရှိရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှမ်း ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ယခုကဲ့သို့သော သင်တန်းများ နှစ်စဉ် စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေး လျက်ရှိကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က သင်တန်းထူးချွန်ဆုရရှိသူများနှင့် သင်တန်းတက်ရောက်အောင်မြင်သူများအား သင်တန်းဆင်းလက်မှတ်၊ အထောက်အကူပြုပစ္စည်းများနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြပြီး တစ်လကြာဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မန်းသင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်လျှောက်ကြသူများ ကျုံးအရှေ့ဘက်ကို ပိုမိုစိတ်ဝင်စား

**မန္တလေး မတ် ၂၂**

မန္တလေးမြို့တော် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်ကို မတ် ၁၃ ရက်မှ လျှောက်လွှာများ စတင်လက်ခံလျက်ရှိရာ ကျုံးအရှေ့ဘက် (၆၆) လမ်းတွင် သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့် လျှောက်ထားသူ များပြားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မန္တလေးမြို့ နန်းမြို့ရိုးကျုံးပတ်လည်တွင် အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့တွင် မဏ္ဍပ်ဆောက်လုပ်ခွင့်ရှစ်နေရာစီကို လေလံစနစ်ဖြင့် ချထားပေးမည်ဖြစ်ပြီး ကျုံးတောင်ဘက်တွင်မူ လမ်းလျှောက်သင်္ကြန်အဖြစ် စီစဉ်ထားရှိသည်။

"လျှောက်လွှာနဲ့အတူ အာမခံငွေကျပ်သိန်း ၂၀ ကို ပေးသွင်းရမှာဖြစ်ပါတယ်။ ရေကစားမဏ္ဍပ်နေရာတွေကို အိတ်ဖွင့်လေလံစနစ်နဲ့ ရောင်းချဆောင်ရွက်မှာဖြစ်ပါတယ်။ ကျုံးတစ်ဖက်ကို မဏ္ဍပ်ရှစ်နေရာ သတ်မှတ်ထားပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ကော်မတီဝင် ဦးကျော်ဇော အောင်က ပြောသည်။

သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့်လျှောက်ထားသူများအနေဖြင့် မတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် အိတ်ဖွင့်လေလံယှဉ်ပြိုင်ရမည်ဖြစ်ပြီး လေလံရရှိပါက လေလံကြေးငွေအား မတ် ၂၄ ရက်တွင် အပြီးပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

# စာပေဟောပြောပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ကမ်းလက်များစာကြည့်တိုက် (နေပြည်တော်)က စီစဉ်ကျင်းပသည့် ကမ်းလက်များအဖွဲ့ (၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် စာမဖတ်သူပပျောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စတုတ္ထအကြိမ်မြောက် စာပေဟောပြောပွဲကို မတ် ၂၆ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် အထက (၉)အနီး အဆိုပါ စာကြည့်တိုက်မျက်နှာစာ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲကို စာရေးဆရာကြီး ဦးညီပုလေး၊ နုနုရည်(အင်းဝ)၊ ကိုလေး (အင်းဝဂုဏ်ရည်) တို့က ဟောပြောကြမည်ဖြစ်သည်။

ကမ်းလက်များ စာကြည့်တိုက်(နေပြည်တော်)ကို၂၀၁၃ ခုနှစ် မတ်၂၅ ရက်တွင် ဝါသနာ၊ စေတနာ၊ အနစ်နာတူသူ ပရဟိတလူငယ်တစ်စုက စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ပြီး ယခုအခါ (၅)နှစ်မြောက်ခဲ့သည့် အထိမ်းအမှတ် အဖြစ် စာပေဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

**တံတားဦး မတ် ၂၂**

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ်သိန်း ၅၀ နှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်သည့် အိမ်ကန်ကျေးရွာအုပ်စု အလည်ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုကို ယနေ့ နံနက် ၁၀ နာရီတွင် တံတားဦးမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်ဦးမင်းမင်းနီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။

အလည်ကျေးရွာသည် တံတားဦးမြို့နယ်နှင့် ၁၅ မိုင်ကျော်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးတို့အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်နေသည့် ကျေးရွာတွင်းလမ်းသည် အရှည်ပေ ၁၄၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ရန်ကုန်တောင်ပိုင်းခရိုင်တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် မတ် ၂၂**။ ။ရန်ကုန်တောင်ပိုင်းခရိုင်၌ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးအနီးတွင် ဗဟိုမဏ္ဍပ်ဆောက်လုပ်၍ စည်ကားသိုက်မြိုက်စွာကျင်းပသွားရန် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် တောင်ပိုင်းခရိုင် သင်္ကြန်ဗဟိုမဏ္ဍပ်တွင် ခရိုင်အတွင်းရှိ မြို့နယ်များမှ ယိမ်းအကပြိုင်ပွဲများ၊ သံချပ်ပြိုင်ပွဲများ ကျင်းပပြီး ဆုများထိုက်ထိုက်တန်တန် ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ခေတ်ပေါ်တေးဂီတဖျော်ဖြေမှု၊ ဂီတအနုပညာရှင်များ၏ တင်ဆက်မှုများအပြင် သင်္ကြန်ရက်များအတွင်း ဗဟိုမဏ္ဍပ်၌ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**


## ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်





# မုံရွာမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲ မဲရုံ ១၅၉ ရုံတွင် မုံရွာမြို့ပေါ်အလယ်ရပ်နှင့် သလ္လာရပ်မဲရုံများ နေရာပြောင်းထား

**မုံရွာ မတ် ၂၂**

ဧပြီ ၁ ရက်တွင် ပြုလုပ်မည့်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်၂၄၈၅၇၈ ဦးရှိသော မုံရွာမြို့နယ် မဲရုံ ၁၅၉ ရုံကို ရပ်ကွက်ကျေးရွာ ၈၅ အုပ်စုတွင် နေရာများသတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ စာမေးပွဲနှင့် တိုက်ဆိုင်နေသည့်အတွက် မုံရွာမြို့ပေါ်မှ အထက်တန်းကျောင်း နှစ်ကျောင်းတွင် ဖွင့်လှစ်မည့်မဲရုံများကို အဆိုပါရပ်ကွက်အတွင်းမှ နေရာ နှစ်နေရာသို့ ပြောင်းရွှေ့ထားကြောင်း မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျင်စောထံမှ သိရသည်။

မုံရွာမြို့နယ်အတွင်းမှ မဲရုံ ၁၅၉ ရုံအတွက် လိုအပ်သော မဲပုံး၊ ကြိုတင်မဲပုံး၊ ချိတ်တောင့်၊ တံဆိပ်လုံခြုံရေးကြိုးများနှင့် မဲရုံသုံးဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများထံ ၁၂ ရက်စာ နေ့တွက်စရိတ်များဖြင့်အတူ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မတ် ၁၇ ရက်မှစတင်၍ ဒုတိယအကြိမ် ပြန်လည်ကြေညာလျက်ရှိသော မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာ ရုံးများတွင် ပြသထားရာ မဲစာရင်းကြေညာသည့် ဝန်ထမ်းစရိတ်၊ နေ့တွက်ခများကိုပါ ထုတ်ပေးထားပြီးဖြစ်သလို သက်ဆိုင်ရာမဲရုံတစ်ရုံခြင်းအလိုက် ပြင်ဆင်ရသည်များကို ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် မဲရုံပြင်ဆင်စရိတ်ကျပ် ၅၀၀၀၀ ကိုလည်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများထံ ထုတ်ပေးထားပြီးဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးကျင်စောထံမှ သိရသည်။

မတ် ၂၂ ရက်တွင် ညွှန်ကြားချက်ပါ ကော်မရှင်လုပ်ငန်းထမ်းဆောင်မည့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရန်အတွက် ကြိုတင်မဲပေးရန် အမှန်တကယ်လိုအပ်သူများအတွက် ကြိုတင်မဲကို စတင်ပေးနိုင်မည်ဖြစ်သလို မဲဆန္ဒနယ်အတွင်း ကြိုတင်မဲစာရင်းပုံစံ ၁၃ ကို ပြုစုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မတ် ၃၀ ရက်တွင် ဆေးရုံ၊ အချုပ်နှင့် နာတာရှည် မဲမပေးနိုင်သူများ၏ အိမ်နေရာအရောက် ကော်မရှင်အဖွဲ့ခွဲနှစ်ဦးက မဲပုံးဖြင့် သွားရောက်မဲပေးစေမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဇေယျာသီရိမြို့နယ်တွင် ကျောက်ဖျာ-ခေတ်အေး ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**နေပြည်တော် မတ် ၂၂**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျောက်ဖျာ-ခေတ်အေး ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာရှိ အဆိုပါလမ်းသစ်မုခ်ဦးရှေ့တွင် ပြုလုပ်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဇေယျာသီရိမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီး မင်းနောင်က အမှာစကားပြောကြားပြီး မြို့နယ်တာဝန်ခံက ကျောက်ချောလမ်း ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောက်ချောလမ်းသစ်ကို နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လမ်းသစ်အားလှည့်လည်ကြည့်ရှုခဲ့သည်။

"ကျောက်ချောလမ်းသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၁၅ ဒသမ ၆၀ သန်းဖြင့် အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မဖြင့် ZLAT Group Co.,Ltd မှ တာဝန်ယူတည်ဆောက်ခဲ့ပါတယ်။ ဒီလမ်းပြီးစီးသွားတဲ့အတွက် ကျောက်ဖျာကျေးရွာနဲ့ ရွာသစ်ကုန်းကျေးရွာမှာရှိတဲ့ လူဦးရေ ၉၁၉ ဦးတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျေးရွာတွေ၏ ဒေသထုတ်ကုန်တွေလည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် ကျေးလက်နေ ပြည်သူတွေ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်" ဟု မြို့နယ်တာဝန်ခံ ဦးသက်မြင့်ထွန်းက ပြောသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ်အတွင်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုလမ်းအပြင် တံတား၊ ရေပြွန်နှင့် အခြားလုပ်ငန်း သုံးခုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း တစ်ခုတို့ကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**



# ရန်လုံကျိုင်းအနီးဝန်းကျင်မှ MNDAA လက်နက်ကိုင်အဖွဲ့များ အသုံးပြုသည့် Airgun သေနတ်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ရန်လုံကျိုင်း အနီးပတ်ဝန်းကျင်မှ MNDAA လက်နက်ကိုင်အဖွဲ့များ အသုံးပြုသည့် Airguns သေနတ်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများကို မတ် ၂၁ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လောက်ကိုင်မြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းများက MNDAA လက်နက်ကိုင်အဖွဲ့များအား ဖြန့်ခွဲထိန်းချုပ်လျက်ရှိရာ မတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်လုံကျိုင်း ရဲစခန်းအနီးရှိ အဆောက်အအုံများအတွင်း နယ်မြေရှင်းလင်းစဉ် AIRPORE Airguns တံဆိပ်ပါ Airgun အမျိုးအစား (မှန်ပြောင်းပါ) သေနတ် တစ်လက်၊ ပွိုင့်-၂၂ ကျည်အပါအဝင် ကျည်မျိုးစုံ ၁၈၈ တောင့်၊ ကျည်အိမ်မျိုးစုံ လေးခု၊ လက်ပစ်ဗုံး လေးလုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမှတ်(၄၂)အစုန်နှင့် အမှတ်(၄၁) အဆန် လူစီးရထားနှစ်စင်း မျက်နှာချင်းဆိုင် တိုက်မိ

**အင်းတော် မတ် ၂၂**

မန္တလေး-မြစ်ကြီးနားမီးရထားလမ်း စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂)တိုင်း ရွာထောင်၊ ကျွန်းလှ-ကန့်ဘလူအကြားတွင်အမှတ်(၄၂)အစုန် လူစီးရထားနှင့် အမှတ်(၄၁)အဆန် လူစီးရထား နှစ်စင်းသည် မိုင်တိုင်အမှတ်(၄၉၃/၃)ကွေ့အရောက် မတ် ၂၂ ရက် နံနက် ၄ နာရီခန့်က မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းရထားနှစ်စင်း တိုက်မှုကြောင့် ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်းနှင့် စက်ခေါင်းနှစ်ခုစလုံး၏ရှေ့ပိုင်း တွဲချိတ်ဆက်ကိရိယာသာ အနည်းငယ်ပျက်စီးမှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာအမှတ်(၄၁)အဆန် စက်ခေါင်းမောင်း ဦးသန်းထိုက်၊ ဂါတ်ဗိုလ် ဦးအောင်ဖြိုးတို့ မောင်းနှင်လိုက်ပါလာသည့် ရထားသည် ကန့်ဘလူဘူတာတွင် ရပ်တန့်ခြင်း မရှိဘဲ အမှတ်(၂)မိန်းလမ်းမှ တောက်လျှောက်ဖြတ်သန်းမောင်းနှင်သွားပြီး ကျွန်းလှဘူတာမှ ပုံမှန်ထွက်ခွာလာသော (အဆက်အသွယ်ရ၍ အချိန်မီရပ်တန့်ထားစဉ်) စက်ခေါင်းမောင်း ဦးရန်မျိုးအောင်၊ ဂါတ်ဗိုလ် ဦးမြင့်အောင်တို့ မောင်းနှင်လိုက်ပါလာသော အမှတ်(၄၂)အစုန် လူစီးရထားအား ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။ **(အောက်ပုံ)**

ရထားတိုက်မိမှုကြောင့် အမှတ်(၄၁)အဆန်ရထား၏ ရှေ့ဆုံးလူစီးတွဲမှ ဘီးနှစ်ဘီး(စဉ်-၂၊ ၇)နှင့် အမှတ်(၄၂)အစုန်ရထား၏ ဒုတိယမြောက် လူစီးတွဲမှ ဘီးနှစ်ဘီး (စဉ်-၃၊ ၆)တို့ လမ်းချော်ကျခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ကျွန်းလှ-ကန့်ဘလူ လမ်းပိုင်းအား အမြန်ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄၉ စီး၊ သွင်းကုန် ၇၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး၄၀၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၄၇၇၆ သန်းခန့်) စုစုပေါင်း ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၄၇၇၆ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၀ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင် GI



Express အမျိုးအစားယာဉ်သည် ခရီးသည်တင်ဆောင်ခြင်းမရှိဘဲ တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်လာကြောင်း သတင်းရရှိ၍ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရန် တားဆီးစဉ် အတင်းမောင်းနှင်ထွက်ပြေးသဖြင့် ပန်ဖတ်ရဲကင်းမှ တားဆီးပေးခဲ့ပြီး ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် စက်ပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ခြင်ဆေးဘူးများနှင့် ပိုးသတ်ဆေးများ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလုံမြို့နယ်တွင် စိန်ပန်းပင်ကြီးပြိုလဲ



**အလုံ မတ် ၂၂**

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် ဗဟိုလမ်းနှင့်နှင်းဆီကုန်းလမ်းထောင့်တွင် မတ် ၂၂ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က လေမတိုက်၊ မိုးမရွာဘဲ ခေတ္တရပ်ထားသော အငှားယာဉ်ပေါ်သို့ စိန်ပန်းပင်ကြီး တစ်ပင် ပြိုလဲကျခဲ့ကြောင်း သိရသည်။

စိန်ပန်းပင်ပြိုလဲရာသို့ အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စောရန်ပိုင်အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အလုံမြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့တော်စည်ပင် ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်းများ ရောက်ရှိလာပြီး ရှင်းလင်းဆောင်ရွက်ရာ မွန်းလွဲ ၁၂နာရီ ၅၈ မိနစ်တွင် ရှင်းလင်းခဲ့ပြီးသစ်ပင်ပြိုလဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ အငှားယာဉ်ဦးခေါင်းပိုင်း ပျက်စီးကြောင်း သိရသည်။ **တင်မောင်ဦး (အလုံ)**

# ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ စပိန်နိုင်ငံပြင်ပကစားမည့် ပွဲစဉ်လက်မှတ်ဈေးနှုန်းမှာ ချန်ပီယံလိဂ် ဗိုလ်လုပွဲ လက်မှတ်ထက် ကိုးဆဈေးကြီးနေ



အယ်လ်ဂလက်စီကို ပွဲစဉ်အဖြစ် လူသိများသည့် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ အမေရိကန်ပြည်ထောင်စု မိုင်ယာမီတွင်ကစားမည့် ပွဲစဉ်အတွက် အနိမ့်ဆုံးလက်မှတ်တန်ဖိုးမှာ ပေါင် ၅၂၀ ဖြစ်ရာ ချန်ပီယံလိဂ်ဗိုလ်လုပွဲလက်မှတ်ဈေးနှုန်းထက်ပင် ကိုးဆခန့်ဈေးကြီးနေသည်ဟု သိရသည်။

အဆိုပါပွဲစဉ်ကို ဇူလိုင် ၃၀ ရက်၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆမတန်မြင့်မားနေသည့် လက်မှတ်တန်ဖိုးကြောင့် အမေရိကန်ဘောလုံးချစ်ပရိသတ်များပင် မျက်လုံးပြူးကျယ်ခဲ့ရသည်။ အဆိုပါလက်မှတ်တန်ဖိုးမှာ ယခုနှစ် မီလီယံနမ်အားကစားကွင်းကြီးတွင် ကျင်းပမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ အနိမ့်ဆုံးလက်မှတ်တန်ဖိုး ပေါင် ၆၀ ထက်ပင် ကိုးဆခန့်များပြားနေသည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲ အမြင့်ဆုံးလက်မှတ်တန်ဖိုးကို ပေါင် ၃၉၀ ခန့် သတ်မှတ်ထားချိန်တွင် မိုင်ယာမီတွင်ယှဉ်ပြိုင်မည့် အယ်လ်ဂလက်စီကို အမြင့်ဆုံးလက်မှတ်တစ်စောင်ကို ပေါင် ၃၆၀၀ အထိ သတ်မှတ်ထားသည်။

အပြည်ပြည်ဆိုင်ရာ ချန်ပီယံဖလားပြိုင်ပွဲစီစဉ်သူ ချာလီစတီလီတီနိုက အယ်လ်ဂက်စီကို ပွဲစဉ်တွင် လက်မှတ် ၆၅၀၀၀ လုံး ကုန်အောင်ရောင်းချရမည်ဟု မျှော်လင့်ထားကြောင်း ဆိုခဲ့သည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အမေရိကန်နှင့် ကော်စတာရီကာအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ကိုပါအမေရိကဖလားပွဲစဉ်ကိုပင် လက်မှတ်ဈေးနှုန်းကြီးမြင့်မှုကြောင့် လာရောက်ကြည့်ရှုသူ အင်မတန်နည်းပါးခဲ့ဖူးတဲ့ အစဉ်အလာရှိခဲ့ပြီးဖြစ်ရာ ယခု ဂလက်စီကိုပွဲစဉ်ကိုလည်း လာရောက်အားပေးသူ ကွင်းတစ်ဝက်ပင် မပြည့်နိုင်ဟူသော ခန့်မှန်းမှုများလည်း ရှိနေသည်။

# ဂျာမနီအသင်းကိုအတုယူပြီး အင်္ဂလန်အသင်း နည်းပြအပြောင်းအလဲ မလုပ်သင့်တော့ဟု ပိုဒေါ်စကီး တိုက်တွန်း

ဂျာမနီတိုက်စစ်မှူး ပိုဒေါ်စကီးက ဂျာမနီအသင်း ရလဒ်ပိုင်း အမြဲကောင်းမွန်ပြီး ပြိုင်ပွဲကြီးများတွင်လည်း မိမိတို့အသင်း၏ အဆင့်တစ်ရပ်ကို ပြသနိုင်ခြင်းမှာ နည်းပြပိုင်းတည်ငြိမ်မှုကြောင့်ဖြစ်သည့်အတွက် အင်္ဂလန်အသင်းအနေဖြင့် ဂျာမနီအသင်းကို အတုယူသင့်ကြောင်း တိုက်တွန်းစကားဆိုခဲ့သည်။

ဂျာမနီလက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လိုဂျာမနီအသင်းနည်းပြအဖြစ် ဆောင်ရွက်နေသည်မှာ ၁၁ နှစ်ကြာမြင့်နေပြီဖြစ်ပြီး ယင်းကာလအတွင်း ၂၀၁၄ ကမ္ဘာ့ဖလား ချန်ပီယံဖြစ်ခဲ့သလို ယူရို ၂၀၀၈ ဗိုလ်လုပွဲ၊ ၂၀၁၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲ၊ ၂၀၁၂ နှင့် ၂၀၁၆ ယူရိုဖလားအကြိုဗိုလ်လုပွဲအဆင့်ထိ တက်လှမ်းနိုင်သည့် မှတ်တမ်းကောင်းတစ်ခုကို ပိုင်ဆိုင်ထားသည်။ ပိုဒေါ်စကီးမှာ လက်ရှိတွင် တူရကီကလပ် ဂါလာတာစာရေးတွင် ကစားနေပြီး လာမည့်နွေရာသီတွင် ဂျပန်ကလပ် ဗစ်ဆန်ကိုဘီအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူထားပြီးဖြစ်သည်။

ပိုဒေါ်စကီးက "အသင်းတစ်ခု ရလဒ်ကောင်းဖို့ဆိုရင် နည်းပြပိုင်း တည်ငြိမ်မှုကလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့အသင်းမှာဆို အင်မတန်တော်တဲ့ နည်းပြတစ်ဦးရှိနေပြီး သူကလည်း ဆယ်စုနှစ်တစ်ခုကျော်ကြာ အသင်းနဲ့ ပူးပေါင်းခဲ့သူဖြစ်ပါတယ်။ ယူရို ၂၀၀၄ မှာ ဂျာမနီအသင်း ဆိုးရွားတဲ့အနေအထား ကြုံတွေ့ခဲ့တာကြောင့် ကြီးမားတဲ့အပြောင်းအလဲတွေကို ပေါ်ထွန်းဖို့ ကြိုးစားရင်းနဲ့ ၂၀၁၄ မှာတော့ ကမ္ဘာ့ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တယ်။ ကြားကာလ ကစားတဲ့ ပွဲကြီးတွေမှာလည်း အနိမ့်ဆုံးအဆင့် အကြိုဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့ပြီး ဒါဟာ ဂျာမနီအသင်းရဲ့ တည်ငြိမ်တဲ့ ရပ်တည်မှုကို ပြသနိုင်ခဲ့ပါတယ်"ဟု ဆိုခဲ့သည်။

ဂျာမနီအသင်းတွင် ဂန်ဒိုဂန်၊ ဒရက်ဇ်လာနှင့် ချူအာ၊ ဂေါ့ဇီတို့ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်မည်မဟုတ်ဘဲ လက်ပ်ဇစ်တိုက်စစ်မှူး သီမိုဝါနာကို လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရသည်။ အင်္ဂလန်အသင်းမှာမူ နည်းပြပိုင်း မကြာခဏအပြောင်းအလဲပြုလုပ်နေရပြီး နည်းပြ အဲရစ်ဆင်နောက်ပိုင်း နည်းပြအများစုမှာ သုံးနှစ်ကျော်ကြာတာဝန်ယူခဲ့ရသည့် နည်းပြတစ်ဦးမျှ ပေါ်ထွက်လာခြင်းမရှိတော့ပေ။ ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း အိုင်စလန်အသင်းကို အရေးနိမ့်ကာ ကွာတားဖိုင်နယ် အဆင့်ကိုပင် တက်ရောက်နိုင်ခြင်းမရှိရာ နည်းပြရွိုင်းဟော့ဂ်ဆန်နုတ်ထွက်သွားပြီးနောက် တစ်နှစ်မပြည့်မီကာလမှုပင် ဆမ်အလာဒိုက်စ်နှင့် လက်ရှိနည်းပြ ဆောက်ဂိတ်တို့ကို ပြောင်းလဲတာဝန်ပေးခဲ့ရပြီး ဖြစ်သည်။

# မော်ရင်ဟိုနှင့် ဂွါဒီယိုလာတို့ ပြိုင်ဘက်တွေအဖြစ် ပြန်လည်ရင်ဆိုင်ရမယ့် အိုင်စီစီဖလား

အိုင်စီစီဖလား(အပြည်ပြည်ဆိုင်ရာ ချန်ပီယံဖလား)ပြိုင်ပွဲမှာ မန်ချက်စတာ မြို့ခံနှစ်သင်းဖြစ်တဲ့ မန်ယူ၊ မန်စီးတီးအသင်းတို့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်တာကြောင့် မော်ရင်ဟိုနဲ့ ဂွါဒီယိုလာတို့ အင်္ဂလန်မြေပြင်ပတွင် ပြိုင်ဘက်တွေအဖြစ် ပြန်လည်ရင်ဆိုင်ကြရတော့မှာဖြစ်ပါတယ်။ ဒီအိုင်စီစီဖလားပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စုမှာ ကျင်းပသွားမှာဖြစ်ပြီး မန်ယူ၊ မန်စီးတီးတို့အပြင် ပရီမီယာလိဂ်ကလပ် စပါး၊ လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာ၊ စီးရီးအေကလပ်အသင်း ဂျူဗင်တပ်နဲ့ ရိုးမား၊ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။



မန်ယူအသင်းဟာ မန်စီးတီးအသင်းကို ဇူလိုင် ၂၁ ရက်မှာ ယှဉ်ပြိုင်ပြီးနောက် နှစ်ရက်အကြာ နည်းပြမော်ရင်ဟိုရဲ့ အသင်းဟောင်း ရီးယဲလ်မက်ဒရစ်အသင်းကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အဲဒီနောက်တော့ ဇူလိုင် ၂၆ ရက် မြို့တော် ဝါရှင်တန်ဒီစီမှာ ဘာစီလိုနာအသင်းကို ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ မန်စီးတီးအသင်းက ဇူလိုင် ၂၆ရက် လော့စ်အိန်ဂျလိစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းကို ရင်ဆိုင်ပြီး သုံးရက်အကြာ နက်ရှ်ဗီးလ်မှာ ပရီမီယာလိဂ်ပြိုင်ဘက် စပါးအသင်းကို ထပ်မံရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ မန်ယူနဲ့ မန်စီးတီးအသင်းတို့ဟာ ပြီးခဲ့တဲ့နှစ် နွေရာသီက တရုတ်နိုင်ငံမှာ ချစ်ကြည်ရေးခြေစမ်းပွဲကစားဖို့ စီစဉ်ထားပေမယ့် ပွဲပျက်သွားခဲ့တာကြောင့် မန်ချက်စတာ မြို့ခံနှစ်သင်း အင်္ဂလန်ပြင်ပမှာ ကစားတာကို ပရိသတ်တွေ မရှုစားခဲ့ကြရတာဖြစ်ပါတယ်။

**အိုင်စီစီဖလားပွဲစဉ်ဇယား**

| ယှဉ်ပြိုင်မည့်ပွဲစဉ် | ရက်စွဲ | ယှဉ်ပြိုင်မည့်ကွင်း |
|---|---|---|
| ပီအက်စ်ဂျီနှင့် ရိုးမား | ဇူလိုင် ၂၀ ရက် | တီဘီစီ |
| မန်ယူနှင့် မန်စီးတီး | ဇူလိုင် ၂၁ ရက် | တီဘီစီ |
| ဘာစီလိုနာနှင့် ဂျူဗင်တပ် | ဇူလိုင် ၂၂ ရက် | အရှေ့ရူသာဖို့ဒ် |
| စပါးနှင့် ပီအက်စ်ဂျီ | ဇူလိုင် ၂၃ ရက် | အော်လန်ဒို |
| မန်ယူနှင့် ရီးယဲလ်မက်ဒရစ် | ဇူလိုင် ၂၃ ရက် | ဆန်တာကလာရာ |
| ရိုးမားနှင့် စပါး | ဇူလိုင် ၂၆ ရက် | ဟဲရစ်ဆန် |
| ဘာစီလိုနာနှင့် မန်ယူ | ဇူလိုင် ၂၇ ရက် | လန်ဒိုဗာ |
| ပီအက်စ်ဂျီနှင့် ဂျူဗင်တပ် | ဇူလိုင် ၂၇ ရက် | မိုင်ယာမီ |
| ရီးယဲလ်မက်ဒရစ်နှင့် မန်စီးတီး | ဇူလိုင် ၂၇ ရက် | လော့စ်အိန်ဂျလိစ် |
| မန်စီးတီးနှင့် စပါး | ဇူလိုင် ၂၇ ရက် | နက်ရှ်ဗီးလ် |
| ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာ | ဇူလိုင် ၃၀ ရက် | မိုင်ယာမီ |
| ဂျူဗင်တပ်နှင့် ရိုးမား | ဇူလိုင် ၃၀ ရက် | ဖောက်စ်ဘရော့ |

# စမောလင်းကြောင့် ဖီးလ်ဂျုံးစ် အင်္ဂလန်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့ရ

အင်္ဂလန်အသင်း လေ့ကျင့်ရေးအစီအစဉ်တွင် စမောလင်းက ဖီးလ်ဂျုံးစ်ရဲ့ခြေချောင်းကို တက်နင်းမိတာကြောင့် ခြေချောင်းရိုးကျိုးသွားဖွယ်ရှိနေတဲ့ ဖီးလ်ဂျုံးစ်မှာ အင်္ဂလန်အသင်း လူစာရင်းမှ နုတ်ထွက်သွားခဲ့ရပြီဖြစ်သည်။ ဂျုံးစ်၏ ဒဏ်ရာကို ဓာတ်မှန်ရိုက်အဖြေယူရန် စောင့်ဆဲကာလဖြစ်သဖြင့် အချိန်မည်မျှ ကြာအောင်နားရမည်ဆိုသည့် အဖြေအတိအကျမထွက်လာသေးဘဲရှိနေသည်။ ဖီးလ်ဂျုံးစ်မှာ မန်ယူအသင်းကစားဖော်လည်းဖြစ်တဲ့ စမောလင်း၏ ဖျက်ထုတ်မှုကြောင့် ဒဏ်ရာရရှိသွားခြင်းဖြစ်ပြီး သူ့အနေဖြင့် ခြေချောင်းကျိုးသွားမည်ကို စိုးရိမ်နေကြောင်း ဖီးလ်ဂျုံးစ်က ဆိုခဲ့သည်။ ဖီးလ်ဂျုံးစ် အင်္ဂလန်အသင်း လူစာရင်းမှ နုတ်ထွက်သွားခဲ့၍ ဗဟိုခံစစ်နေရာကို ဂယ်ရီကာဟေးလ်နှင့် စမောလင်း၊ တောင်ပံခံစစ်ပိုင်းအတွက် ကလိုင်းနှင့် ဘားထရန့်က ဦးဆောင်ဖွယ်ရှိနေသည်။

သို့သော် ဆောက်ဂိတ်က မတော်တဆထိခိုက်မှုသာဖြစ်ပြီး မလိုအပ်သည့် ဆိုးကျိုးမဖြစ်ပေါ်စေရန် အနားယူခိုင်းထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဖီးလ်ဂျုံးစ်သာ ကာလကြာရှည်အနားယူရပါက လာမည့်ဧပြီလတွင် ပွဲစဉ်အတော်များများ ကစားရမည့် မန်ယူအတွက် စိုးရိမ်ဖွယ်ဖြစ်ပြီး မန်ယူအသင်းသည် ဧပြီလအတွင်း ယူရိုပါလိဂ်ပွဲစဉ်နှစ်ပွဲ၊ မန်စီးတီးနှင့် ချယ်လ်ဆီးအသင်းတို့ကဲ့သို့သော အသင်းများကို ရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲအပါအဝင် စုစုပေါင်း ကိုးပွဲကစားရန် ရှိနေသည်။

ဧပြီ ၁ ရက်တွင် ဝက်စ်ဘရွန်းနှင့် ၄ ရက်တွင် အဲဗာတန်အသင်းတို့နှင့် ကစားပြီးနောက် ဆန်းဒါးလန်းအသင်းကို ဧပြီ ၉ ရက်၊ အန်းဒါးလက်ချ်အသင်းကို ဧပြီ ၁၃ ရက်နှင့် ၂၀ ရက်၊ ချယ်လ်ဆီးအသင်းကို ဧပြီ ၁၆ ရက်၊ ဘန်လေအသင်းနှင့် ၂၃ရက်၊ မန်စီးတီးအသင်းကို ၂၇ ရက်နှင့် ဆွမ်ဆီးအသင်းကို ဧပြီ ၃၀ ရက်တို့တွင်လည်းကောင်း ရင်ဆိုင်ရန်ရှိနေခြင်းဖြစ်သည်။ ဥရောပကလပ်အသင်းများတွင် မန်ယူအသင်းထက် ပွဲကြပ်သည့်အသင်းဆို၍ ချန်ပီယံလိဂ်တွင် ထိပ်တိုက်တွေ့ဆုံနေသည့် ရီးယဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့သာရှိတော့ပြီး ရီးယဲလ်မက်ဒရစ်အသင်းဆိုလျှင် ဘိုင်ယန်ကို ဧပြီ ၁၈ ရက်တွင် ရင်ဆိုင်ပြီးနောက် ဧပြီ ၂၃ ရက်တွင် ဘာစီလိုနာကို လာလီဂါတွင် ရင်ဆိုင်ရမည်ဖြစ်သည်။

မေလွဲသင်း - စုစည်းသည်

## ရဲအရာရှိများ လူ့အခွင့်အရေး ပိုမိုသိရှိနားလည်စေရေး အလုပ်ရုံဆွေးနွေးပွဲ မြစ်ကြီးနား၌ကျင်းပ



**မြစ်ကြီးနား မတ် ၂၂**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြီးမှူး၍ ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အမျိုးသားလူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးသွားမည့်ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦးက တပ်ဖွဲ့ဝင်အရာရှိများအနေဖြင့် လေ့ကျင့်ဆွေးနွေးသွားမည့် ဘာသာရပ်များအပေါ် လေ့လာနာယူမှတ်သားကာ ပြစ်မှုဆိုင်ရာဖြစ်စဉ်များတွင်လည်း ဥပဒေ နည်းဥပဒေများအတိုင်း လုပ်ကိုင်နိုင်ရေး၊ ကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက "၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှာ ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အနေဖြင့် ဒီသင်တန်းကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ကာကွယ်ပေးဖို့နဲ့ ကုလသမဂ္ဂကထုတ်ပြန်ကြေညာထားတဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးကို အသိအမှတ်ပြုပြီး လေးစားကာကွယ်တဲ့ လူအဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ ရဲအရာရှိများအနေနဲ့ လူ့အခွင့်အရေးကို ပိုမိုသိရှိနားလည်ပြီးမိမိတို့ လုပ်ငန်းဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေနိုင်ဖို့အတွက် ခုအလုပ်ရုံဆွေးနွေးပွဲကို ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါတယ်။ ဒီသင်တန်းမှာ လူ့အခွင့်အရေး၏ အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ စသည့်ဘာသာရပ်များကို ဆွေးနွေးသွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ကချင်ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်အရာရှိ ၅၄ ဦးတက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လူမှုရေးတာဝန်သိမှု (CSR) လုပ်ငန်းများ လွှဲပြောင်းပေးအပ်

**မင်းဘူး မတ် ၂၂**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်သိမှု (CSR) အစီအစဉ်မှ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများသို့ ကူညီပံ့ပိုးပေးခဲ့သည့် ပညာရေးနှင့် လူမှုရေး အထောက်အကူပြု အဆောက်အအုံနှင့်ပစ္စည်းများအား သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကား ပြောကြားပြီး မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်က လူမှုရေးတာဝန်သိမှု (CSR) အစီအစဉ်မှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပံ့ပိုးကူညီသည့်ပစ္စည်းများအား ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး မန်းရေနံမြေမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်သိမှု (CSR)အစီအစဉ်မှ ကူညီပံ့ပိုးပေးခဲ့မှုမှာ အသုံးပြုပြီးငွေကျပ် ၁၉၃၉၄၁၃၂၈ ဖြစ်ကြောင်း သိရသည်။

**ဖိုးပြည့်**

## မန္တလေး မြို့တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဖွင့်ပွဲတွင် ကပြရန်အတွက် ကျောင်းသူ ၃၀၀ အကတိုက်

**မန္တလေး မတ် ၂၂**
၂၀၁၇ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသူ ၃၀၀ ပါဝင်ကပြနိုင်ရေးအတွက် မတ် ၂၁ ရက်မှ စတင်ကာ အကလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ကျောင်းသူ ၃၀၀ ပါဝင်သည့် အခြေခံပညာကျောင်း ၁၂ ကျောင်းတို့မှ တာဝန်ခံဆရာမများနှင့် လက်ရွေးစင်ကျောင်းသူလေးများအား မန်းစည်ပင်မှ အကနည်းပြများဖြစ်ကြသော ဒေါ်ထိပ်တင်နှင်း၊ ဒေါ်သန္တာချို၊ ဒေါ်မိုးသီတာစန်းအေးတို့က ကကွက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမတွင် မတ် ၁၉ ရက်နှင့် ၂၀ ရက်က သင်ကြားပေးပြီး ကျန်ရှိသောကျောင်းသူများအား မိမိကျောင်းတွင် မတ် ၂၁ ရက်မှ စတင်ကာ ပြန်လည်ဆင့်ပွားသင်ကြားပေးကြမည်ဖြစ်သည်။

ကျောင်းပေါင်းစုံမှ ကျောင်းသူများ စုပေါင်းကာ မတ် ၂၅ ရက်တွင် စုပေါင်းအကလေ့ကျင့်ကြမည်ဖြစ်သည်။



အဆိုပါ ကျောင်းသူ ၃၀၀ သည် အောင်မြေသာစံမြို့နယ်ရှိ အခြေခံပညာကျောင်းလေးကျောင်းမှ ကျောင်းသူ ၁၀၀၊ ချမ်းအေးသာစံမြို့နယ်ရှိ အခြေခံပညာကျောင်းငါးကျောင်းမှ ကျောင်းသူ ၁၀၀၊ မဟာအောင်မြေမြို့နယ်ရှိ အခြေခံပညာကျောင်းသုံးကျောင်းမှ ကျောင်းသူ ၁၀၀ တို့ပါဝင်ကြမည်ဖြစ်ပြီး မန်းတောင်ရိပ်ခိုသီချင်းဖြင့် အကြိုနေ့နံနက်ပိုင်း မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကပြကြမည်ဖြစ်ကြောင်း သိရသည်။

**၀၀၂**

## ကျောင်းသားလူငယ်များအတွက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**လှိုင်လင် မတ် ၂၂**
နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ယဉ်ကျေးလိမ္မာပြီး အနာဂတ်သားကောင်းသမီးမွန်များဖြစ်လာစေရန်၊ ဗုဒ္ဓဟောကြားသည့်တရားတော်များနှင့်အညီ ကျင့်ကြံနေထိုင်တတ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် လှိုင်လင်မြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ဗုဒ္ဓဟူးဆွမ်းလောင်းအသင်းနှင့် ရပ်ကွက်ပြည်သူများစုပေါင်းကြီးမှူး၍ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒ (ရတနာစည်ဆရာတော်-လှိုင်လင်)တက်ရောက်၍ သင်တန်းဖွင့်ဩဝါဒအမှာစကားမြွက်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ သားငယ်သမီးငယ် ၁၃၀ တက်ရောက်ကြပြီး သင်တန်းကို ဧပြီ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

## ရွှေဘိုမြို့တွင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရွှေဘို မတ် ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်ရင့်သန်လာစေရန်၊ အပြောအဆိုနှင့် နှုတ်မှုရေးရာများ မြင့်မားလာစေရန်၊ စာပေနှင့်ရင်းနှီးပြီး ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့်ဖန်တီးပေးရန်ရည်ရွယ်၍ ရွှေဘိုမြို့ TWS ကိုယ်ပိုင်အထက်တန်းကျောင်းတွင် မတ် ၂၉ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ကလေးစာပေပွဲတော်တွင် ကလေးစာအုပ်ပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဂိမ်းကစားပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အရုပ်ဆက်အိမ်ဆောက်ကစားနည်း၊ ဖျော်ဖြေပွဲများ၊ ကာတွန်း ပြခန်းနှင့် ကလေးကဗျာပြခန်းများကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း၊ ပြည်သူများသိရှိပြီး ပါဝင်ဆင်နွှဲနိုင်ရန် လူစည်ကားသောနေရာများတွင် ပိုစတာများစိုက်ထူချိတ်ဆွဲထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မိုးများရေကြီးကာ ပျက်စီးခဲ့သောဧကများအတွက် မိုးသီးနှံစိုက်တောင်သူများကို ထောက်ပံ့ငွေပေးအပ်

**မုံရွာ မတ် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများက မိုးများရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်ပိုင်ရှင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ တက်ရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

၂၀၁၆ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၈ မြို့နယ်တွင် သီးနှံ ၁၀ မျိုး၏ ပျက်စီးဧက ၂၄၇၁၀ ဧကအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ သီးနှံထောက်ပံ့ကြေးငွေ ၂၆၉ ဒသမ ၄၅၅ သန်းကို ပေးအပ်ခဲ့သည်။

"မိုးများရေကြီးလို့ ပျက်စီးသွားတဲ့မိုးသီးနှံတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်ကိုတင်ပြရာမှာ နိုင်ငံတော်သမ္မတကြီးရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေက ပေးအပ်လိုက်တဲ့ငွေတွေကိုပေးတာဟာ ဝမ်းသာစရာကောင်းပေမယ့် ပြဿနာမဖြစ်အောင် အောက်ခြေခရိုင်မှသည် မြို့နယ်၊ မြို့နယ်မှသည် ကျေးရွာတောင်သူအဆင့်ဆင့် အမှန်အကန်ရောက်ရှိဖို့ဆိုတဲ့ရည်ရွယ်ချက်ထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်" ဟု ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဝန်ကြီးဦးကမ်ဇာမုံက ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဝန်ကြီးဦးကမ်ဇာမုံက အဖွင့်အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများကိုပေးအပ်ရာ စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ဦး၊ မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးကြည်၊ ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်း၊ ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေနှင့် ကလေးခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကြည်ဝင်းတို့က လက်ခံရယူသည်။

ရာသီဥတုကြောင့် သီးနှံများပျက်စီးမှုအပေါ် နိုင်ငံတော်မှ ထောက်ပံ့မှုအမျိုးမျိုးကိုပေးခဲ့သော်လည်း ယခင်ဖြစ်စဉ်များတွင် အောက်ခြေတောင်သူများလက်ဝယ် မရောက်ရှိသည့်ပြဿနာများရှိသောကြောင့် ယခု ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများကို အပ်နှံပေးအပ်လိုက်သောထောက်ပံ့ငွေများကို မြို့နယ်စိုက်ပျိုးရေးတာဝန်ရှိသူမှတစ်ဆင့် တောင်သူလက်ဝယ် အမှန်တကယ်ရောက်ရှိရေးကို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးထံမှ သိရသည်။

"အခုပေးတဲ့ထောက်ပံ့ငွေတွေဟာ မနှစ်က မိုးသီးနှံတွေဖြစ်ပါတယ်။ မိုးစပါး၊ မိုးနှမ်း၊ မိုးမြေပဲ၊ မိုးနေကြာ၊ မိုးပဲတီစိမ်း၊ မိုးပဲစင်းငုံ၊ မိုးအစေ့ထုတ်ပြောင်း၊ မိုးဥစားပြောင်း အခြားရာသီသီးနှံနဲ့ နှစ်ရှည်သီးနှံတို့ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယစိုက်ပျိုးရေးဦးစီးမှူးက ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပဲခူးမြို့တွင် ကလေးစာပေပွဲတော် စာအုပ်ပြပွဲနှင့်ဈေးရောင်းပွဲကျင်းပ

**ပဲခူး မတ် ၂၂**
ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ မတ် ၂၂ ရက် နံနက် ၇ နာရီခွဲက ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော် ကလေးစာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လူရည်ချွန်မောင်မယ် နှစ်ဦးတို့က ကလေးစာပေပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်း ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမျိုးအောင်က ကလေးစာပေပွဲ ကျင်းပရခြင်းအကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး(ပညာ) ဆရာမကြီးဒေါ်ခင်ဝင်းက ကလေးစာပေပွဲတော်တွင် ပညာရေးဌာနမှ ပါဝင်ဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်း ပြောကြားကြသည်။

ကလေးစာပေပွဲတော်အား မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန်နှင့် ကလေးများစာပေနှင့် ရင်းနှီးပြီး ပျော်ရွှင်မှုကိုစာဖတ်ခြင်းဖြင့် ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ကလေးစာပေပွဲတော်တွင် အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူရုပ်ခေါက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲ၊ ဂိမ်းကစားပွဲများ ပါဝင်သည့် အပြင် သုတ၊ ရသ၊ ဟာသနှင့် အသိပညာဗဟုသုတရရှိစေသော စာအုပ်များ ရောင်းချခြင်းကိုပါ ထည့်သွင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၂**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်( တောင်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့ ဓမ္မာရုံ၌ မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက တပ်ဖွဲ့ဝင်သားသမီးများအား နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးက လူငယ်လူရွယ်များ အကျင့်စာရိတ္တကောင်းမွန်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုများကို ဂရုတစိုက်နားထောင်ကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၃၅ ဦးတက်ရောက်ကြပြီး ၁၀ ရက်ကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုးမိုး**

## ညောင်တုန်းမြို့၌ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်သရုပ်ပြလေ့ကျင့်

**ညောင်တုန်း မတ် ၂၂**
ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် မြို့မဈေးကြီးအတွင်းရှိ ရေငုတ်ပိုက်အသီးသီးမှ ရေရယူပုံအဆင့်ဆင့်၊ အဝီစိမီးသတ်စက်ရေတွင်းများမှ ရေစုပ်စက်တပ်ဆင်ပြီး မီးသတ်ရေပိုက်စက်များဖြင့်မီးငြိမ်းသတ်စွမ်းရည် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများကို မတ် ၂၁ ရက် ညနေ ၃ နာရီက ဈေးကြီးမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသရုပ်ပြခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးသန့်ဇင်ဝင်းက မြို့မဈေးကြီးကို မီးဘေးအန္တရာယ်ကင်းဝေးရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် စနစ်တကျမီးသုံးစွဲနိုင်ရေး၊ မီးသတ်ဆေးဘူးများကိုင်တွယ်အသုံးပြုပုံနှင့် မီးငြိမ်းသတ်မှုအကြောင်းအရာများ၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် သရုပ်ပြအသိပညာပေးခြင်းလုပ်ငန်းများအား အကျယ်တဝင့်သရုပ်ပြဆောင်ရွက်ကြသည်။

အဆိုပါ မီးသတ်စွမ်းရည်သရုပ်ပြဇာတ်တိုက်လေ့ကျင်ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးမီးသတ်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအုန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်း၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မဈေးကြီးကော်မတီဝင်များ၊ ဈေးများတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်နိုင်နှင့် တာဝန်ရှိသူများ၊ ဈေးမိသားစုဝင်များတက်ရောက်ကြသည်။ ထို့အပြင် ရေမြှုပ်ပိုက်မရှိသောနေရာ၊ မီးသတ်ယာဉ်မဝင်နိုင်သောနေရာများသို့ သုံးဘီးမော်တော်ဆိုင်ကယ် ရွှေ့လျားရေစုပ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ဖြစ်လာပါက အရေးပေါ်စီစဉ်ထားကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

## စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများရရှိစေရေး ဆင့်ပွားသင်တန်းဖွင့်

**တောင်ငူ မတ် ၂၂**
ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများရရှိစေရေး၊ ပိုးသတ်ဆေး၊ မြေဩဇာဥပဒေနှင့်အညီ မှန်ကန်စွာအသုံးချတတ်စေရေးအတွက်ရည်ရွယ်၍ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူးရုံးသင်တန်းခန်းမ၌ မတ် ၂၁ ရက်က ကျင်းပသည်။

သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစန်းလွင်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဆွေးနွေးပြောကြားသည်။ သင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာန တောင်ငူခရိုင်အတွင်းမှ ဝန်ထမ်းများတက်ရောက်လျက်ရှိပြီး ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးကဏ္ဍ၊ မြေယာသမိုင်းကြောင်းနှင့်စီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍ၊ စပါးသီးနှံများဆိုင်ရာကဏ္ဍ၊ မြေဩဇာဥပဒေနှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးကြောင်းသိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သထုံတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး Billboard များစိုက်ထူ

**သထုံ မတ် ၂၂**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ယာဉ်အန္တရာယ်များ လျော့နည်းကင်းစင်စေရေးအတွက် အသိပညာပေး မြေစိုက် Billboard များကို မတ်လ ၂၂ ရက် နံနက်က သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သထုံမြို့နယ် မြေနီကုန်းကျေးရွာ သထုံ-မော်လမြိုင် ကားလမ်းနံဘေးနှင့် သထုံ-ဘားအံ ကားလမ်းနံဘေး သိမ်ကုန်းရပ်ကွက် နတ်စင်အနီးတို့တွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။

"သွားရင်းလာရင်း မြင်တွေ့နေရတော့ သတိပေးသလိုဖြစ်အောင် အဝေးပြေးကားလမ်း နံဘေးတွေမှာ စိုက်ထူပေးတာပါ။ ယာဉ်မှုခင်းမှာ အဖြစ်များတာက ဆိုင်ကယ်ကြောင့် ဖြစ်တာ။ ဒီအထဲမှာ သေဆုံးတဲ့ အများစုက ဆိုင်ကယ်ဦးထုပ်မဆောင်းကြလို့ဖြစ်တာ။ ဒါကြောင့် အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့ဆိုတဲ့ အသိပညာပေး Billboard ကိုစိုက်ထူပေးတာပါ" ဟု ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူက ပြောသည်။

အဆိုပါ အသိပညာပေးမြေစိုက် Billboard ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ကညန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဒေသအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ယင်းသို့ Billboard များစိုက်ထူ အသိပညာပေးခြင်းအပြင် ပညာပေးဟောပြောပွဲများ၊ သင်တန်းများ၊ လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်းစဉ်များ၊ အသိပညာပေးပြပွဲပြိုင်ပွဲများကိုပါ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## ဈေးများမီးဘေးကြိုတင်ကာကွယ်ရေး သွားရောက်ကြည့်ရှု

**မင်္ဂလာတောင်ညွန့် မတ် ၂၂**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဒုတိယဌာနမှူး ဦးစည်သူလွင်၊ လက်ထောက်ဌာနမှူး ဦးကျော်မြင့်(တောင်ပိုင်းခရိုင်မှူး) တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးကျော်လွင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် မတ် ၂၀ ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးဝင်းအတွင်းရှိ မင်္ဂလာဈေး၊ မင်္ဂလာဈေးသစ်၊ မင်္ဂလာမွန်ဈေး၊ ရွှေမင်္ဂလာဈေးတို့အား သွားရောက်ကြည့်ရှုသည်။

ဈေးများတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးတာဝန်ချထားမှု၊ အရေးပေါ်အခြေအနေများ၌ အသုံးပြုရန် မီးသတ်စက်များကောင်းမွန်မှု၊ မီးသတ်ဆေးဘူးများဖြန့်ကြက်ချထားမှု၊ မီးသတ် ရေလှောင်ကန်များကို လိုက်လံစစ်ဆေးကာ မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ပေးခဲ့ကြသည်။



"မင်္ဂလာဈေးမှာ 3KG နဲ့ 2KG မီးသတ်ဆေးဘူး အလုံး ၇၀ နဲ့ ဂါလန် ၈၀၀ ဆံ့ရေလှောင်ကန် ငါးလုံး၊ မင်္ဂလာဈေးသစ်မှာ 2KG မီးသတ်ဆေးဘူး အလုံး ၅၀၊ မင်္ဂလာမွန်ဈေးမှာ 2KG မီးသတ်ဆေးဘူး ၁၁၅ လုံးနဲ့ ရေဂါလန် ၁၂၀၀၀၀ ဆံ့တဲ့ မြေအောက်ရေကန် ရှိပါတယ်။ ရွှေမင်္ဂလာဈေးမှာလည်း 2KG ၃၁ ဘူး 35KG ခြောက်ဘူးကို လိုအပ်တဲ့နေရာတွေမှာ စနစ်တကျဖြန့်ကြက်တပ်ဆင်ပေးထားပြီး ရွှေမင်္ဂလာဈေးရဲ့ထူးခြားချက်က အလိုအလျောက် မီးငြိမ်းသတ်စနစ်နဲ့ ဂါလန် ၃၀၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန်ကြီး ရှိပါတယ်။ ဒီမီးသတ်ဆေးဘူးနဲ့ ရေလှောင်ကန်တွေ၊ လျှပ်စစ်ဝါယာနဲ့ မိန်းခလုတ်တွေကို နေ့စဉ် ဈေးလေးဈေးက လုံခြုံရေးနဲ့ မီးဘေးကြိုတင်ကာကွယ်ရေး တာဝန်မှူး၊ တာဝန်ကျဝန်ထမ်း ၃၄ ဦးက မီးကင်းနဲ့ ဈေးလုံခြုံရေး တာဝန်ချထားဆောင်ရွက်လျက်ရှိပါတယ်" ဟု ခရိုင်မှူး လက်ထောက်ဌာနမှူးက ပြောသည်။

**မောင်မောင်**

## နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း ဆင်းပွဲကျင်းပ

**တိုက်ကြီး မတ် ၂၂**
မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓအဖွဲ့ချုပ်ကြီးနှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်းကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တတိယအကြိမ် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဆင်းပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့ သာသနာ့အလင်းရောင်ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းသည် တိုက်ကြီးမြို့သာသနာအလင်းရောင်ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒက၊ ကဝမြို့ ရတနာအောင်မြေဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တပညာနန္ဒနှင့် ကျောင်းအကျိုးတော်ဆောင်များ ပူးပေါင်းဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ သင်တန်းသို့ သင်တန်းသား ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# လမ်းခွဲလိုက်ပြီဖြစ်တဲ့ ကမ်ဂိုအွန်းနဲ့ ရှင်ဟာယွန်း




လတ်တလောမှာ တောင်ကိုရီးယားအနုပညာ ကြယ်ပွင့်စုံတွဲတစ်တွဲဟာ ချစ်သူတွေအဖြစ်ကနေ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သူတို့ရဲ့ အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ သူတို့ကတော့ မကြာသေးမီက ထုတ်လွှင့်ပြသခဲ့တဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Goblin"မှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ ကမ်ဂိုအွန်းနဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ရှင်အာယွန်းတို့ပဲ ဖြစ်ကြပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၂ ရက်မှာတော့ ကမ်ဂိုအွန်းနဲ့ ရှင်ဟာယွန်းတို့ဟာ လတ်တလောမှာ ချစ်သူတွေအဖြစ်မှ ပြတ်စဲလိုက်ပြီဖြစ်တယ်လို့ သူတို့ရဲ့အေဂျင်စီက အတည်ပြုပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ နှစ်လယ်ပိုင်းလောက်မှာ ချစ်သူတွေဖြစ်နေကြောင်း မီဒီယာတွေကို အသိပေးပြောကြားခဲ့ကာ ချစ်သူသက်တမ်းရှစ်လခန့်အကြာမှာတော့ ယခုလိုလမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါကြယ်ပွင့်စုံတွဲနဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းမှာ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဆိုတဲ့ ကောလာဟလတွေဟာ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာခဲ့ပြီးနောက် လတ်တလောမှာမှ အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဖျော်ဖြေရေးအေဂျင်စီတစ်ခုတည်းအောက်မှာ အနုပညာလုပ်ငန်းတွေကို လုပ်ဆောင်နေကြတဲ့ သူတို့နှစ်ဦးဟာ များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် တစ်ဦးနဲ့တစ်ဦးအချိန်မပေးနိုင်ဖြစ်ကာ လမ်းခွဲလိုက်ခြင်းဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ရာ HODU&U အန်တာတိန်းမန့်က လတ်တလောပေါ်ထွက်နေတဲ့သတင်းတွေဟာ ဟုတ်မှန်ကြောင်း မီဒီယာတွေကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ယင်းအေဂျင်စီက "ကမ်ဂိုအွန်းနဲ့ ရှင်ဟာယွန်းတို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကုန်ပိုင်းလောက်မှာ လမ်းခွဲခဲ့ကြတာပါ။ အခြားသောကြယ်ပွင့်စုံတွဲတွေ လမ်းခွဲခဲ့ရတဲ့ အကြောင်းအရင်းလိုပဲ သူတို့နှစ်ဦးဟာလည်း အနုပညာလှုပ်ရှားမှုအစီအစဉ်တွေ များလွန်းတာကြောင့် အချိန်မပေးနိုင်တဲ့အတွက် လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ကြတာပါ။ ဒါပေမယ့် သူတို့နှစ်ဦးဟာ လက်ရှိအေဂျင်စီအောက်မှာပဲ လုပ်ဖော်ကိုင်ဖက် စီနီယာ၊ ဂျူနီယာ သရုပ်ဆောင်တွေအဖြစ် ဆက်လက်ရှိနေဦးမှာပါ" လို့ ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ချစ်သူတွေအဖြစ် လက်တွဲလိုက်ပြီဖြစ်ကြောင်း ကမ်ဂိုအွန်းနဲ့ ရှင်ဟာယွန်းတို့က တရားဝင် ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ဇွန်လအတွင်းမှစတင်ပြီး နှစ်ဦးသား ချိန်းဆိုတွေ့ဆုံမှုတွေပြုလုပ်လာခဲ့ကာ သူတို့နှစ်ဦးအကြား အသက်အရွယ်အားဖြင့် ၁၇ နှစ်ခန့်ကွာခြားမှုဟာ သူတို့ကို ကြယ်ပွင့်စုံတွဲတွေအကြား ထူးခြားတဲ့စုံတွဲတစ်တွဲဖြစ်စေခဲ့ပါတယ်။ ကမ်ဂိုအွန်းဟာ ရှင်ဟာယွန်းထက် ၁၇ နှစ်ခန့်ငယ်ပေမယ့် သူတို့နှစ်ဦးအကြား ရေငုပ်ရတာကို ကြိုက်နှစ်သက်တဲ့ ဝါသနာခြင်းတူတာကြောင့် လက်တွဲနေစဉ်ကာလအတွင်း အသက်အရွယ်ကွာခြားမှုကို ကျော်လွှားနိုင်ခဲ့ကာ ဆက်ဆံရေးအဆင်ပြေခဲ့တယ်လို့လည်း သိရပါတယ်။

ရှင်ဟာယွန်းဟာ ကမ်ဂိုအွန်းရဲ့ သရုပ်ဆောင်လုပ်ငန်းအပေါ်မှာ လွှမ်းမိုးနိုင်သူတစ်ဦးဖြစ်ခဲ့ပုံရကာ ကမ်ကို လက်ရှိအေဂျင်စီဆီကို ပြောင်းရွှေ့စေခဲ့သူဖြစ်တယ်လို့ ဆိုပါတယ်။ အေဂျင်စီသစ်ဆီကို ပြောင်းရွှေ့ပြီးတဲ့နောက် တောင်ကိုရီးယားရုပ်သံလိုင်း tvN က ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Goblin"မှာ ပါဝင်ရိုက်ကူးခဲ့ကာ ယင်းရုပ်ရှင်ရဲ့ကျော်ကြားမှုနဲ့အတူ ကမ်ဟာလည်း နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်လာခဲ့တာ ဖြစ်ပါတယ်။ ရှင်ဟာယွန်းရဲ့ ရုပ်ရှင်သစ်တစ်ကားဖြစ်တဲ့ "Wicked Woman and Roon 7" ကိုလည်း ယခုနှစ်အတွင်း ထုတ်လွှင့်ပြသသွားနိုင်ဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

# နှစ်နှစ်ဆယ်အတွင်း ပထမဆုံးအကြိမ်တေးအယ်လ်ဘမ်သစ်ကို အတူဖန်တီးနေကြတဲ့ ဖိတ်သ်ဟေးလ်နဲ့ တင်မစ်ဂရော

ကန်းထရီးတေးဂီတကိုချစ်မြတ်နိုးကြတဲ့ ပရိသတ်တွေအတွက် လတ်တလောမှာတော့ သတင်းကောင်းတစ်ခုပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ နာမည်ကျော်ကန်းထရီးတေးသံရှင်တွေဖြစ်ကြတဲ့ ဖိတ်သ်ဟေးလ်နဲ့ တင်မစ်ဂရောတို့ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း အခမ်းအနားတွေမှာ တွဲဖက်ဖျော်ဖြေမှုတွေရှိခဲ့ပေမယ့် လက်ထပ်ခဲ့ကြပြီးနောက် နှစ်နှစ်ဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စုံတွဲတေးအယ်လ်ဘမ်တစ်ခုကို ထုတ်လုပ်သွားမှာဖြစ်တယ်လို့ ဂီတကြယ်ပွင့်စုံတွဲက ပြီးခဲ့တဲ့ တနင်္လာနေ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဖောက်ဇ်နယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၁၉၉၆ ခုနှစ်အတွင်း လက်ထပ်ခဲ့ကြတဲ့ ကန်းထရီးစုံတွဲဟာ လတ်တလောမှာ တေးအယ်လ်ဘမ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေဆဲဖြစ်ပြီး တေးအယ်လ်ဘမ်အပြည့်အစုံကိုတော့ ယခုနှစ်နှစ်ကုန်ပိုင်းမှာ စတင်ထုတ်လွှင့်နိုင်ဖို့စီစဉ်နေကာ ဆိုနီတေးဂီတမှ တာဝန်ယူထုတ်လုပ်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ်အတွက်အမည်ကို လတ်တလောအချိန်အထိ ရွေးချယ်ထားခြင်းမရှိသေးပေမယ့် ယင်းတေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Speak to a Girl"ကိုတော့ မတ် ၂၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး ဧပြီ ၂ ရက်မှာ ကျင်းပသွားမယ့် the Country Music Awards တေးဂီတဆုပေးပွဲမှာလည်း နှစ်ဦးသားတွဲဖက်သီဆိုဖျော်ဖြေပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဂရမ်မီဆုရှင်တွေဖြစ်ကြတဲ့ ဖိတ်သ်ဟေးလ်နဲ့ တင်မစ်ဂရောတို့ဟာ နှစ်ဦးသားတွဲဖက်ကာ အောင်မြင်တဲ့ ကန်းထရီးတေးသီချင်းပေါင်းများစွာကို ဖန်တီးနိုင်ခဲ့ကြပြီး ယင်းတို့အနက် အကျော်ကြားဆုံးသောတေးသီချင်းတစ်ပုဒ်ကတော့ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "I Need You"ပဲ ဖြစ်ပါတယ်။ နှစ်ဦးသားလက်တွဲခဲ့တဲ့ ကာလတွေအတွင်း နယ်လှည့်ဖျော်ဖြေပွဲတွေကိုလည်း နှစ်ကြိမ်တိုင်တိုင် တွဲဖက်ဖျော်ဖြေခဲ့ကြကာ သူတို့နှစ်ဦးရဲ့ တတိယမြောက်ဖျော်ဖြေပွဲကိုတော့ "Soul2Soul" လို့အမည်ပေးထားပြီး လာမယ့် ဧပြီ ၇ ရက်မှာ စတင်ကျင်းပသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။



# နိုင်ငံပေါင်းကိုးနိုင်ငံက တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ CNBLUE



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ CNBLUE ဟာ လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့အတူ နိုင်ငံပေါင်း ကိုးနိုင်ငံမှာရှိတဲ့ တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ iTunes ရဲ့ ကြည့်ရှုသူအများဆုံးသောတေးသီချင်းဇယားမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ကာ တေးဂီတဇယားတွေကို ရှေ့ဆုံးမှ ဦးဆောင်နေကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

CNBLUE ဟာ ပြီးခဲ့တဲ့ မတ် ၂၀ ရက်မှာ အဖွဲ့ရဲ့ သတ္တမမြောက် မီနီတေးအယ်လ်ဘမ်သစ် "7ᐧCN"ကို စတင်ထုတ်လွှင့်ခဲ့ပြီး မတ် ၂၁ ရက်မှာတော့ ယင်းတေးအယ်လ်ဘမ်ဟာ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မကာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်း၊ ဗီယက်နမ်နဲ့ ရုရှားနိုင်ငံတွေမှာ တေးဂီတဇယားကို ဦးဆောင်နေခဲ့ကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်ဖ်အန်စီအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် "7ᐧCN"ဟာ ဗြိတိန်၊ ဩစတြေးလျ၊ ချီလီနဲ့ ဖိလစ်ပိုင်နိုင်ငံတွေရဲ့ တေးဂီတဇယားမှာလည်း နံပါတ်နှစ်နေရာမှာ ရပ်တည်နေကာ အမေရိကန်နိုင်ငံမှာတော့ နံပါတ်သုံးနေရာမှာ ရှိနေကြောင်းလည်း သိရပါတယ်။

အဖွဲ့တည်ထောင်ခြင်း (၇)နှစ်ပြည့်အထိမ်းအမှတ်အဖြစ်လည်း ရည်ရွယ်ထားတဲ့ ယင်းတေးအယ်လ်ဘမ်မှာ အဖွဲ့ဝင်တွေရဲ့ ခံစားချက်တွေကို ဖွဲ့သီထားတဲ့တေးသီချင်းတွေလည်း ပါဝင်နေတာဖြစ်ပါတယ်။ ဒါ့အပြင် လူတွေအကြားက ဆက်ဆံရေး၊ အချစ်၊ အမှတ်တရနဲ့ လက်တွေ့ဆန်တဲ့ဘဝတွေကို ဖော်ကျူးထားတဲ့ သီချင်းတွေလည်း ပါဝင်နေကြောင်း သိရပါတယ်။

"7ᐧCN "ရဲ့ ခေါင်းစီးတေးသီချင်းကတော့ "Between Us"လို့အမည်ရပြီး ရော့ခ်တေးသီချင်းအမျိုးအစားဖြစ်ကာ အဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်တဲ့ ဂျန်ယန်ဟွာကိုယ်တိုင်ရေးသားစပ်ဆိုထားတဲ့ ထူးခြားတဲ့တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ တေးသီချင်းစာသားတွေအရ မိန်းကလေးတစ်ဦးနဲ့ ယောကျ်ားလေးတစ်ဦးအကြား တရားဝင်ချစ်သူတွေအဖြစ် လက်မတွဲမီအခြေအနေမှာရှိနေတဲ့ ရှုတ်ထွေးလှတဲ့ ချစ်သူရည်းစားဆက်ဆံရေးတစ်ခုအကြောင်းကို ရေးဖွဲ့ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းတေးဗီဒီယိုအရ မြင်ကွင်းအတော်များများကို အဖြူအမည်းနဲ့ ရိုက်ကူးထားတာဖြစ်ပြီး အရောင်နဲ့ရိုက်ကူးထားတဲ့ မြင်ကွင်းတွေကနေ အဖြူအမည်းဘက်ကို တစ်လှည့်စီကူးပြောင်းသွားတဲ့ ပုံစံနဲ့ ရိုက်ကူးထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် အဖွဲ့ဝင်တွေရဲ့ တီးဝိုင်းတီးခတ်ဖျော်ဖြေနေမှုနဲ့ ဖုန်းနဲ့စကားပြောရင်း လမ်းလျှောက်လာပုံတွေနဲ့ တေးဗီဒီယိုကို အသက်သွင်းခြယ်မှုန်းထားတာကို တွေ့ရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်အတွက် ပထမဆုံးသောဖျော်ဖြေမှုကိုတော့ လာမယ့် မတ် ၂၃ ရက်မှာ တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ Ment ရဲ့အစီအစဉ်တစ်ခုဖြစ်တဲ့ "M COUNTDOWN"ကနေတစ်ဆင့် ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ထမ်းဆန်းဂူဟုခေါ်တွင်သော ဟတ္ထိပါလဓမ္မစက္က သာသနာ့ရောင်ခြည် လိုဏ်ဂူတော်

နန်းဦးခမ်း(ဟိုပုံး)

တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် (ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့) ထမ်းဆန်းကျေးရွာအနီး တောင်ကြီး-လွိုင်လင်သွား ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပါသည်။

အဆိုပါ ထမ်းဆန်းဂူသည် ဂူဝအကျယ်အမြင့် ၁၂ ပေ၊ အနံ ၁၅ ပေခန့်ရှိပြီး အတွင်းပိုင်းလိုဏ်ဂူတော်ပြီးစီးမှု အခြေအနေမှာ ၂၁၈၅ ပေအထိ ဝင်ရောက်ကြည့်ရှုနိုင်ပြီ ဖြစ်သည်။

**ထမ်းဆန်းလိုဏ်ဂူ၏ အဓိပ္ပာယ်**

ထမ်းဆန်းဟုခေါ်တွင်ရခြင်းမှာ ရှမ်းဘာသာဖြင့် ထမ်းကျန့်ဟုခေါ်ပါသည်။ ထမ်းသည် ဂူဖြစ်ပြီး ကျန့်သည် ဆင်ဟု အဓိပ္ပာယ်ဖော်၍ပေါင်းစပ်ရာ ဆင်ဂူဟူ၍လည်းကောင်း၊ ပအိုဝ်းဘာသာဖြင့် ထမ်းသည်ဂူဖြစ်၍ ဆန်းသည် ထူးဆန်းဟု အဓိပ္ပာယ်ဖွင့်ဆိုကာ ပအိုဝ်းဘာသာစကားဖြင့် ထူးဆန်းကျောက်ဂူဟု အဓိပ္ပာယ်ရကြောင်း အမျိုးမျိုးခေါ်ဝေါ်ကာ ထမ်းဆန်းလိုဏ်ဂူတော်အဖြစ် ယခုကာလတွင် အမည်သညာမှည့်ခေါ်ကာ ထင်ရှားပေါ်လွင်သည့် အထင်ကရလိုဏ်ဂူတော် ဖြစ်ပါသည်။

ယင်းလိုဏ်ဂူတော်တွင် ဂူသုံးဂူ ရှိပါသည်။ ဘုရားဂူ၊ တရားဂူ (ကျောက်စာဂူ) နှင့် သံဃာဂူ (ဂမ္ဘီရဂူ) ဟူ၍ လေ့လာတွေ့ရှိရပါသည်။ ယခုလက်ရှိတွင် ထင်ရှားကျော်ကြားသည့် ထမ်းဆန်းဂူအား ဘုရားဂူဟူ၍လည်းကောင်း၊ ယင်းဂူကို အများပြည်သူဖူးမျှော်နိုင်ရန် ဖွင့်ပေးထားပြီး တရားဂူ (ကျောက်စာဂူ) နှင့် သံဃာဂူ (ဂမ္ဘီရဂူ) တို့မှာ ပြင်ဆင်မှုအပိုင်း ပြီးစီးသလောက်ဖြစ်ပြီး လျှပ်စစ်မီးအလင်းရောင်ရရှိရေး ခက်ခဲမှုကြောင့် ဂူဖွင့်လှစ်ထားနိုင်ခြင်း မရှိသေးပါ။

**ဘုရားဂူ**

၂၀၀၈ ခုနှစ်တွင် ချုံနွယ်များရှင်းလင်းခြင်း၊ ဂူအဝင်လမ်းဖောက်လုပ်ခြင်းများ၊ ဂူအတွင်းပိုင်း သွားလာရေးလွယ်ကူစေရန် ရှင်းလင်းခြင်းများကို ဒေသခံ ဒကာ၊ ဒကာမများဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး (၁၂-၂-၂၀၀၉) ရက်နေ့တွင် ကိုရင်လေး ရှင်ပေါရိသကဦးဆောင်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အုတ်မြစ်ချပန္နက်တင်မင်္ဂလာအခမ်းအနားဖြင့် ထမ်းဆန်းဂူဟု ခေါ်တွင်သော "ဟတ္ထိပါလ ဓမ္မစက္က သာသနာ့ရောင်ခြည်လိုဏ်ဂူတော်" အား စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်၍ ကျောက်စာဂူနှင့် ဂမ္ဘီရဂူများ မွမ်းမံခြင်းကိုလည်း ဆောင်ရွက်ဆဲဖြစ်ပါသည်။ ယင်းဂူများတွင်လည်း ပင်မဂူကြီးကဲ့သို့ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ ရှိပါသည်။

ပင်မဂူ စတင်ဆောင်ရွက်စဉ်က ၂၄ နာရီ လျှပ်စစ်မီးမရရှိသောကြောင့် ပေ ၃၀၀ ခန့်သာ ဆောင်ရွက်နိုင်သော်လည်း ယခုအခါ ဒကာ၊ ဒကာမများ၏ စုပေါင်းလှူဒါန်းငွေ၊ လုပ်အားတို့ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ၂၁၈၅ ပေကျော် ဆောင်ရွက်နိုင်ခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်မှ လှူဒါန်းခဲ့၍ ယခုအခါ ၂၄ နာရီ လျှပ်စစ်မီး ထွန်းညှိပူဇော်နိုင်ပြီ ဖြစ်ပါသည်။


ထမ်းဆန်းလိုဏ်ဂူတော်အဝင်

ထမ်းဆန်းဂူ၏ ရှေ့မျက်နှာစာ၌ မဲနယ်တောင်တန်းမှ စီးဆင်းလာသော စဝေါချောင်း၊ နဝရုပ်ရုပ်တုနှင့် သပိတ်တော်ကြီးများရှိပြီး ဂူအဝင်ဝတွင် မြင်းရုပ်တုလေးရုပ်နှင့် ဂူအတွင်းပိုင်းတွင် သဘာဝအတိုင်းတည်ရှိနေသည့် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ သဘာဝကျောက်စက် ညောင်ပင်၊ သဘာဝအတိုင်းဖြစ်နေသည့် ရွှေထီး၊ ငွေထီး၊ ရေကန်များနှင့် ဂူအတွင်းတွင်ဖြတ်သန်းစီးဆင်းနေသည့် ရေချောင်းလည်းရှိပါသည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနအဖွဲ့မှ လာရောက်၍ လေ့လာစစ်ဆေးတွေ့ရှိချက်များအရ နှစ်ပေါင်း ၂ ဒသမ ၅ သန်းနှင့် သုံးသန်းကြား တည်ရှိနေပြီဟု သိရှိရပါသည်။

ထမ်းဆန်းဂူစတင်ဖွင့်လှစ်စဉ်မှစ၍ ယနေ့တိုင် ဘုရားဖူးလာ လုပ်သားပြည်သူများအား ၂၄ နာရီကာလပတ်လုံး သက်သက်လွတ်ထမင်း ညှော်ခံကျွေးမွေးလျက်ရှိပါသည်။

ထမ်းဆန်းဂူဟုခေါ်တွင်သော "ဟတ္ထိပါလ ဓမ္မစက္က သာသနာ့ရောင်ခြည် လိုဏ်ဂူတော်" အတွင်းရှိ ဘုရား၊ စေတီများတွင် အဓိဋ္ဌာန်ဖြင့် လိုရာဆုတောင်းပါက ဆုတောင်းပြည့်ပါသည်။

**တရားဂူ**

တရားဂူ (ကျောက်စာဂူ) မှာ ပြုပြင်ဆောင်ရွက်ဆဲကာလဖြစ်၍ ဂူကိုမဖွင့်သေးဘဲ ပိတ်လျက်အနေအထားရှိပါသည်။ တရားဂူ၏ လှပပုံမှာလည်း ဂူအတွင်းပိုင်း၌ အခန်း ၁၁ ခန်း သဘာဝဖွဲ့စည်းထားပြီး ပေအရှည်အားဖြင့် ၁၁၅၀ ပေ ရှည်လျားပါသည်။ တရားဂူ (သို့မဟုတ်) ကျောက်စာဂူဟု အမည်ပေးထားရခြင်းမှာ ဘုရားဂူတော်တွင်ပူဇော်သော ဗုဒ္ဓရုပ်ပွားတော်များကို အလှူရှင်များ၏ ကမ္ပည်းအား ကျောက်ထက်အက္ခရာတည်၍ တရားဂူတွင် ထားရှိပြီး လေ့လာနိုင်သည်။ ဓမ္မအသုံးအဆောင်များနှင့် ဓမ္မသဘင်ကျင်းပပူဇော်ခြင်းများ ပြုလုပ်မည်ဟုလည်း ဟိုပုံးကိုရင်လေး ရှင်ပေါရိသမှ မိန့်ကြားထားပါသည်။ ယင်းတရားဂူသည် ရေစီးဆင်းမှုမရှိဘဲ ဂူခြောက်အမျိုးအစား ဖြစ်ပါသည်။

**သံဃာဂူ (ဂမ္ဘီရဂူ)**

သံဃာဂူ (ဂမ္ဘီရဂူ) သည် တောင်ကြီး-လွိုင်လင် ပြည်ထောင်စုလမ်းမကြီးအောက်တွင် တည်ရှိပြီး တရားဂူနှင့် မျက်နှာချင်းဆိုင်အနေအထားတွင် တည်ရှိပါသည်။ သံဃာဂူအရှည်မှာ ၈၆၅ ပေရှိပြီး ဂူခြောက်အမျိုးအစားဖြစ်ပါသည်။ ဤဂူ၏ထူးခြားချက်မှာ ဂူအတွင်း၌ ရောင်စုံကျောက်များ တည်ရှိပါသည်။ ဂမ္ဘီရဂူဟုလည်း အမည်ပေးထားပါသည်။ သံဃာတော်မြတ်၏ အသုံးအဆောင်ကိုလည်း ဤဂူတွင်ထားရှိမည်ဟု ဟိုပုံးကိုရင်လေး ရှင်ပေါရိသမှ မိန့်ထားခဲ့ပါသည်။ အဆိုပါ ဘုရားဂူ၊ တရားဂူ၊ သံဃာဂူ သုံးဂူမှာ တစ်ဂူနှင့်တစ်ဂူ ဆုံဆည်းခြင်းမရှိပါ။ တစ်ဂူနှင့်တစ်ဂူ၏ ပရိဝုဏ်မှာ အနီးဆုံးနေရာဖြစ်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဆုံဆည်းသည့် မြေနေရာဖြစ်သည်ဟု မိန့်ကြားထားပါသည်။

ထမ်းဆန်းသဘာဝလိုဏ်ဂူတော်၏ ထူးခြားချက်မှာ ၎င်းဂူအောက်မှ စမ်းချောင်းတစ်ခု စီးဆင်းလျက်ရှိပြီး အတွင်းပိုင်းအချို့နေရာများသည် အလျားပေ ၅၀၊ အမြင့်


ဆောင်းရာသီကဲ့သို့အေးမြသည့် ကျောက်စက်ပန်းဆွဲ ဘုရားဂူ

ပေ ၂၀ ခန့်အထိ မြင့်မားသဖြင့် ပင်းတယ ရွှေဥမင်ဂူ၊ မြင်းမထိဂူတို့ထက် ကျယ်ပြန့်ပြီး ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များအား အထူးလှပသပ်ရပ်စွာ သဘာဝအတိုင်း တွေ့ရှိရသည်။ ထမ်းဆန်းလိုဏ်ဂူတွင် ဗုဒ္ဓရုပ်ပွားဆင်းထုတော်များ သီတင်းသုံး စံပယ်ပူဇော်ထားရှိရန် ပလ္လင်များ တည်ထားပြီးသည့်အခါ လိုဏ်ဂူတွင် ထုံးဓာတ်နှင့် ရေခိုးရေငွေ့များ များပြားစွာရှိသဖြင့် ကြေးရုပ်ပွား ဆင်းတုတော်မှတပါး အခြားသောအရာဝတ္ထုများဖြင့် ပြုလုပ်ထားသည့် ရုပ်ပွားဆင်းထုတော်များ ပူဇော်ထားခြင်းမပြုဘဲ ကြေးသားနှင့် ရွှေ၊ ငွေ၊ ဘော်သတ္တုများဖြင့် သွန်းလုပ်ထားသည့် ဆင်းထုတော်များကိုသာ ကိုရင်လေးပေါရိသက ခွင့်ပြုပါသည်။ ၁၃၇၂ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ကျောင်းပေါင်း ၆၄ ကျောင်းမှ ပင့်သံဃာတော်များက ထမ်းဆန်းဂူရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓဘိသေက အနေကဇာတင် ပူဇော်ခဲ့ပါသည်။

**ထမ်းဆန်းဂူ ရွှေတိဂုံစေတီတော်သမိုင်း**

သက္ကရာဇ် ၁၃၇၀ ခုနှစ်မတိုင်မီ ထမ်းဆန်းရွှေတိဂုံဘုရားစေတီတော်တည်ရှိရာနေရာသည် သဲတောင်၊ ချိုင့်ဝှမ်း၊ သစ်တောများ ထူထပ်စွာပေါက်ရောက်ပြီး လူဆိုး၊ သူခိုး၊ ဓားပြများ ခိုအောင်းရာနေရာဖြစ်ခဲ့သည်။ ဗြိတိသျှ အင်္ဂလိပ်စစ်တပ်များ ခိုအောင်းသည့်နေရာဖြစ်သည်။ ဂျပန်ခေတ်တွင် ဖက်ဆစ်ဂျပန်စစ်သားများ နေထိုင်ခဲ့သည်။ ဤနေရာသည် နာမည်ဆိုးဖြင့် ကျော်ကြားပြီး ဘေးရန်အန္တရာယ်ရှိသော မကောင်းဆိုးဝါးများ တည်ရှိရာ ကြောက်မက်ဖွယ်နေရာဖြစ်ခဲ့သည်။

၁၃၇၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက် စနေနေ့တွင် မေတ္တာခမ်းတန် ကိုရင်လေးရှင်ပေါရိသမှ ဦးဆောင်ပြီး လုပ်အားပေးကာယကံကုသိုလ်ရလိုကြသော ဒေသပေါင်းစုံမှ အများတကာပြည်သူအပေါင်းတို့က ခုတ်ထွင်ရှင်းလင်း၍ ဘေးရန်အန္တရာယ်တည်ရှိရာ ကြောက်မက်ဖွယ်နေရာသည် အေးချမ်းသာယာပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ထူးမြတ်သောနေရာအဖြစ်သို့ တည်ထောင်ပြုပြင်ပြောင်းလဲနိုင်ခဲ့ပါသည်။ ယခုအခါတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၏ ထင်ရှားသော ဝိသေသနနေရာဖြစ်နေပေပြီ။ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဒေသဂုဏ်၊ အမျိုးဘာသာ သာသနာအတွက် ဂုဏ်ယူဖွယ်ရာ ထူးခြားသောနေရာဖြစ်သည်။

၁၃၇၃ ခုနှစ် တပေါင်းလပြည့်နေ့ နံနက် ၁၀ နာရီ ၃၀ မိနစ်တွင် ထမ်းဆန်းဂူရွှေတိဂုံပုံတူစေတီတော်ကြီး ပန္နက်ရိုက်၊ အုတ်မြစ်ချနှင့် ဌာပနာထည့်သွင်းပူဇော်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ကြသည်။ ပန္နက်ရိုက်၊ အုတ်မြစ်ချပြီးနောက်ပိုင်း တစ်နေ့လျှင် လုပ်အားပေးကိုယ်တိုင်ကုသိုလ်ပြုသူများ ၁၀၀၀ ကျော်ရှိသည်။ တစ်ယောက်တစ်လက် စဉ်ဆက်မပြတ် နေ့ရောညပါ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ် ဗိုလ်တစ်ထောင် စွမ်းပကားအားဖြင့် တည်ဆောက်လုပ်ကိုင်ခြင်းကြောင့် ခြောက်လအတွင်း ထမ်းဆန်းရွှေတိဂုံစေတီတော်မှာ (ပုံကြမ်း)ပြီးစီးအောင်မြင်ခဲ့လေသည်။

ထမ်းဆန်းဂူရွှေတိဂုံစေတီတော် ဉာဏ်တော်အမြင့် ၁၀၈ တောင် ရှိတော်မူပြီး၊ အရံစေတီတော် ၆၄ ဆူ တည်ရှိပါသည်။ ပင်မစေတီတော်ကြီးနှင့် အရံစေတီတော်များ အချောသပ်လုပ်ကိုင်ပြီးဆုံးသောအခါ ကိုရင်လေးရှင်ပေါရိသက နောင်ခါးကျောင်းဆရာတော်နှင့် ကပ္ပိယဘိုးသူတော်များနှင့် ညှိနှိုင်းတိုင်ပင်၍ အဖြူအနီနှင့် ရွှေဝါရောင်ဆေးများကို အသုံးပြု၍ စေတီတော်အား ရွှေသင်္ကန်းကပ်လှူထားသည်။ ဆေးအမျိုးအစားနှင့် အရည်အသွေးကောင်းမွန်သဖြင့် စေတီတော်များမှာ ကြည်ညိုဖွယ်ရာ သပ္ပါယ်စွာ ဖူးမြော်ရပါသည်။ ရွှေသင်္ကန်းကပ်လှူသည့် ငွေတန်ဖိုးမှာ ကျပ်သိန်းပေါင်း တစ်ထောင့်ရှစ်ရာဖြစ်ပြီး ကြီးမားသော မဟာကုသိုလ်တော် ဖြစ်ပွားရပါသည်။

ဓမ္မာရုံကြီးမှာ အနားတို အနံနှင့် အခန်းရှစ်ခန်း၊ ဝရံတာပါထည့်တွက်လျှင် ၁၀ ခန်း အနားအရှည်အလျားတွင် အခန်း ၂၇ ခန်း၊ ဝရံတာပါထည့်တွက်လျှင် ၂၉ ခန်းရှိသည်။ ဓမ္မာရုံကြီး၏ နောက်ပိုင်းအစွန်းနှစ်ဖက်တွင် သံဃာတော်များသုံးရန် သန့်စင်ခန်း ကုဋီသုံးခန်းတွဲနှစ်လုံးနှင့် ကျိန်းစက်ခန်း ပစ္စည်းထားသိုရန် ကျက်သရေဆောင်ခန်းတို့ကို ပူးတွဲ၍ ဆောက်လုပ်ထားသည်။ အကျယ်အဝန်းအားဖြင့် အလျားပေ ၅၀၀ ရှိ၍ အနံပေ ၁၅၀ ရှိပါသည်။ အဝေးမှ ဘုရားဖူးဧည့်သည်များနှင့် ရဟန်းသံဃာတော်များ စိတ်ချမ်းသာစွာ တည်းခိုနိုင်ကြောင်းလည်း ကိုရင်လေးမှ မိန့်ကြားထားပါသည်။

၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်၊ (၂-၃-၂၀၁၅) တနင်္လာနေ့ နံနက် (၉း၃၀) နာရီ အထက်ဌာပနာပိတ်ခြင်းနှင့် အရံစေတီများ ထီးတော်တင်လှူပူဇော်ခြင်း၊ တပေါင်းလဆန်း ၁၄ ရက်၊ (၃-၃-၂၀၁၅) အင်္ဂါနေ့၊ နံနက် (၉း၃၀) နာရီ ထီးတော်တင်လှူပူဇော်ခြင်းနှင့် ၎က်မြတ်နားတော် တင်လှူပူဇော်ခြင်း၊ တပေါင်းလပြည့်နေ့ (၄-၃-၂၀၁၅) ဗုဒ္ဓဟူးနေ့၊ နံနက် (၉း၃၀)နာရီ စိန်ဖူးတော်တင်လှူခြင်းနှင့် တရားတော်နာ ရေစက်ချပွဲတော်ကြီးကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၏ ထူးခြားမှု၊ ထင်ရှားမှု၊ ကျော်ကြားမှုများကို နိုင်ငံကျော်၊ ကမ္ဘာကျော် သိနိုင်ဖူးနိုင်ပါစေဟု မေတ္တာခမ်းတန်ကိုရင်လေးမှ မိန့်မှာပါသည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဓမ္မမိတ်ဆွေများ၊ သဘာဝလိုဏ်ဂူတော်ရှိ ကျောက်စက်ပန်းဆွဲများ လာရောက်လေ့လာသူများနှင့် အထူးစည်ကားလျက်ရှိပြီး နောင်လာနောက်သားများအတွက် ထမ်းဆန်းလိုဏ်ဂူတော်၏ မှတ်တမ်းမှတ်ရာ သမိုင်းအချက်အလက်များ သိရှိနိုင်စေရန်နှင့် ဗုဒ္ဓသာသနာတော် အစဉ်သဖြင့် ထွန်းလင်းပြန့်ပွား တည်တံ့ခိုင်မြဲစေရန် အကျိုးကိုမျှော်ကိုး၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၏ လေ့လာစရာ သဘာဝလိုဏ်ဂူခရီးစဉ်တစ်ခုအဖြစ် သဘာဝပတ်ဝန်းကျင် ထမ်းဆန်းလိုဏ်ဂူတော်ဖြစ်စဉ် သမိုင်းအကျဉ်းကို ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား - မေတ္တာခမ်းတန်ကိုရင်လေး ရှင်ပေါရိသ၏ နှုတ်မိန့်ကြားချက်နှင့် ခွင့်ပြုချက်အရ ရေးသားဖော်ပြပါသည်။**




## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ရန်ကုန်မြစ်ဝပင်လယ်ပြင်တွင် ရေကြောင်းပြစခန်းစင် (PILOT FIXED STATION) တည်ဆောက်ရေးလုပ်ငန်းအတွက် အကြိုတိုင်းတာစမ်းစစ်မှုများဆောင်ရွက်ရန် တိုင်းတာရေးစင် (SURVEY PLATFORM) တစ်ခုကို အောက်ပါအတိုင်းတည်ဆောက်ရန် ဆောင်ရွက်ပါမည် -

| | | |
|---|---|---|
| (က) | တိုင်းတာရေးစင်တည်နေရာ | - Lat 16° 13' 07.33" |
| | | - Long 096° 16' 57.54" |
| | | (လက်ခုပ်ကုန်းကမ်းခြေမှ အရှေ့တောင်ဘက်ရေမိုင် ၆.၅ မိုင်ခန့်အကွာ) |
| (ခ) | စင်အရွယ်အစား | - အလျား၄မီတာxအနံ၄မီတာxရေပေါ်အမြင့်၈မီတာ |
| (ဂ) | နေ့အချိန်ပြအမှတ်အသား | - အလံအနီရောင်လွှင့်ထားမည်။ |
| (ဃ) | ညအချိန်ပြအမှတ်အသား | - Flashing 1 Sec (Red) |
| (င) | စင်အမျိုးအစားနှင့်အရောင် | - သံကိုယ်ထည်စင်၊ အဝါရောင် |

၂။ တိုင်းတာရေးစင်တည်ဆောက်မှုကို ၂၃.၃.၂၀၁၇ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၃၀.၃.၂၀၁၇ ရက်နေ့တွင် တည်ဆောက်ပြီးစီးပါမည်။ ၎င်းစင်ကိုခန့်မှန်း ၃၀.၄.၂၀၁၈ ရက်နေ့အထိထားရှိပါမည်။

၃။ တိုင်းတာရေးစင်တည်ဆောက်မှုကို အောက်ဖော်ပြပါရေယာဉ်များဖြင့် သတ်မှတ်တည်နေရာတွင် လုပ်ငန်းဆောင်ရွက်ပါမည် -

| | ရေယာဉ်အမည် | အမျိုးအစား | ဆက်သွယ်နိုင်သည့်လေလှိုင်း |
|---|---|---|---|
| (က) | Day Wa Yar Zar | ကမ်းထိုးရေယာဉ် | VHF - CH - 16 |
| (ခ) | Sang Hang Zhuang 2 | စက်မဲ့ကုန်တွဲရေယာဉ် | VHF - CH - 16 |
| (ဂ) | Eainda 6 | တွန်းရေယာဉ် | VHF - CH - 16 |

၃။ ဖော်ပြပါရေယာဉ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် အခြေပြုပြီးလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ထင်ရှားသည့်နေရာ၌ အလံအနီလွှင့်ထူပြသထားမည်ဖြစ်ပြီး ညအချိန်တွင် ပတ်လည်မီး Flashing 1 Sec (Red) ပြသထားပါမည်။

၅။ အထက်ပါရေယာဉ်များလုပ်ငန်းဆောင်ရွက်နေစဉ် နေရာရွှေ့ပြောင်း၍မရသဖြင့် ဖြတ်သန်းသွားမည့်ရေယာဉ်များသည် တိုင်းတာရေးစင်နေရာနှင့် အနည်းဆုံး ၀.၅ ရေမိုင်အကွာမှရှောင်တိမ်းသွားလာကြရန်နှင့် တည်ဆောက်ပြီးစီးပါကလည်း ၎င်းအကွာအဝေးအတိုင်းတိုင်းတာရေးစင်အား ရှောင်တိမ်းသွားလာကြရန် ရေကြောင်းသတိပေးချက်ထုတ်ပြန် အပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်




**Survey Platform**

သက်ရှိ လောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဘုရင့်နောင်လမ်းမတန်း (လှိုင်မြို့နယ်)
မြေနှင့်အိမ် ရောင်းမည်
ပိုင်ရှင်ကိုယ်တိုင်၊ ဂရန် (အမည်ပေါက်)၊ ပေ ၂၅×ပေ ၅၀၊
ရေ/လျှပ်စစ် (အိမ်သုံးနှင့် ပါဝါမီတာ)
(စီးပွားရေးလုပ်ရန်သင့်တော်)
အိမ်ရှေ့ကားပါကင် ၆ စီးခန့်ရပ်နိုင်
HP: 09 455019709

## 0p[d];if9^r&w(E,f)004901»EBh trm;oaip&eftumnpuf

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယင်းမာခိုင်(ခ)ဒေါ်ရွှေမိ[၁၂/တမန(နိုင်)၀၃၅၅၄၂]၊ အမှတ်(၁၃၂၁)၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေထိုင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးစိုးဝင်းတို့သည် လွန်ခဲ့သော အနှစ်(၂၀)ခန့်က ခင်မင်ရင်းနှီးကြသူများဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဦးစိုးဝင်းအပေါ် ယုံကြည်ကိုးစားမိပါသည်။ ထိုယုံကြည်ကိုးစားမှုအရ ကျွန်ုပ်မိတ်ဆွေမှ ဦးစိုးဝင်းထံ နေပြည်တော်ရှိ မြေကွက်များ ဝယ်ယူရန် အကူအညီတောင်းခံရာ ဦးစိုးဝင်းမှ အကူအညီပေး၍ ဝယ်ယူပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးစိုးဝင်းထံမှ လယ်ဝေးမြို့နယ်၊ လှာသစ်အုပ်စု၊ ရွာသစ်ကျေးရွာရှိ လယ်မြေမှာ အရှေ့လားသော် ကိုညီလေး၊ အနောက်လားသော် $V_1$ လမ်းမ၊ (ယခု မြတ်မင်္ဂလာလမ်း)၊ တောင်လားသော်-သဲဖြူကျောင်း၊ မြောက်လားသော်-ရိုး၊ လယ်မြေ(၅. ၁)ကေရှိ မြေကို တန်ဖိုး (ငွေငါးဆယ်တစ်သိန်းတိတိ)ဖြင့် ဝယ်ယူခဲ့ရာ ဦးစိုးဝင်းမှ ၃-၄-၂၀၁၄ရက်စွဲ နှစ်ဦးသဘောတူ လယ်မြေအရောင်းအဝယ်ကတိစာချုပ်တွင် ဦးဆန်းဝင်း[၉/လဝန(နိုင်)၁၄၅၈၂၃]အမည်ဖြင့် ကျွန်ုပ်မိတ်ဆွေအား ချုပ်ဆိုရောင်းချခဲ့ပါသည်။

ထိုသို့ရောင်းချပြီးသည့် လယ်မြေမှာ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော်မှ သိမ်းသွားပြီဖြစ်ကြောင်း ဦးစိုးဝင်းမှ ကျွန်ုပ်မိတ်ဆွေထံ ပြောခဲ့ပါသည်။ အမှန်တကယ် ကျွန်ုပ်မိတ်ဆွေမှ စုံစမ်းသည့်အခါ မြေကွက်အား အလဲအလှယ် ပြုလုပ်ခြင်းသာဖြစ်ပြီး နိုင်ငံတော်မှ လုံးဝသိမ်းဆည်းခြင်း မရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ၅-၄-၂၀၁၇ရက် နောက်ဆုံးထား အထက်ဖော်ပြပါ လယ်မြေနှင့်ပတ်သက်၍ ရှင်းလင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယင်းမာခိုင်(ခ)ရွှေမိ** **ဦးဇော်ထိန်လင်း** **ဒေါ်နန်းမြင့်မြင့်အေး**

**(စဉ်-၁၉၈၃၉)** **(စဉ်-၃၄၅၃၁)**

**အမှတ်(၉)၊ ခိုင်သဇင်လမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။**


C B BANK
ဧပြီလ(၃)ရက်နေ့ မှစတင်
ဆောင်ရွက်နိုင်ပြီ...
Debit Alert
စာရင်းသို့ငွေဝင်ခြင်း
Cash Managment Alert
Credit Alert
စာရင်းမှငွေထုတ်ခြင်း
Bill Payment
ဘီလ်ပေးဆောင်ခြင်း
Payroll Debit Credit
TT Transfer
Trade Transactions
Credit Advice
Remittance Alert Over the counter
Remittance Account
EASI Smart Card Spending Alert
SMS Alert ဝန်ဆောင်မှုများ
Debit Alert (စာရင်းသို့ငွေဝင်ခြင်း)
Credit Alert (စာရင်းမှငွေထုတ်ခြင်း)
Cash Management Alert
- Incoming and Outgoing funds
- Cheque Payment
- Returned Cheque
Bill Payment (ဘီလ်ပေးဆောင်ခြင်း)
Payroll Debit / Credit
TT Transfer
Trade Transactions
Credit Advice
Remittance Alert Over the counter
(ငွေလွှဲရောက်ရှိခြင်းပြည်တွင်း/ပြည်ပ)
Remittance to Account
(စာရင်းသို့ငွေလွှဲရောက်ရှိခြင်းပြည်တွင်း/ပြည်ပ)
EASI Smart Card spending Alert
( ATM မှငွေထုတ်ယူခြင်းနှင့် POS တွင်သုံးစွဲခြင်း)
Website: www.cbbank.com.mm
Call Center: (+951) 231 7770

GUSTO COLLEGE

UNIVERSITY OF GLOUCESTERSHIRE

" UK ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သော UoG ၏ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းဘွဲ့ကို GUSTO COLLEGE ၌ တက်ရောက်နိုင်ပြီ"

BSc (Hons) Computing (Top-up Degree)



Education Seminar

MARCH 27
Novotel Yangon Max
( Mandalay Room )
10:00 am ~ 12:00 pm

- UK QCF Level 5 နှင့်ညီမျှသော HND, L5DC, ABE Diploma ရရှိထားပြီးသူများ လျှောက်ထားနိုင်သည်။
- GUSTO မှ HND ပြီးမြောက်ထားပြီးသူများ တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်သည်။
- အခြားမှ HND ပြီးထားသူများသည် ၎င်းတို့သင်ယူခဲ့သောဘာသာရပ်များ ရွေးချယ်မှုမမှန်ခဲ့ပါက (UK တက္ကသိုလ်များမှ မျှော်လင့်ထားသော ဘာသာရပ်များ မသင်ခဲ့ပါက) Bridging ဘာသာရပ်တချို့ကို ပေါင်းကူးအနေဖြင့်တက်ရောက်ရန် လိုအပ်ချက်ရှိနိုင်သည်။

>> လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးပြီး အခမဲ့ တက်ရောက်နိုင်ပါသည်။

Register Now : 09 862 8806, 09 789 888 222

Certificate TH09/3125

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၀၃)

စိတ်ဖိစီးမှုလျော့ပါးစေရန် ၊ ဆီးကောင်းစေရန် ၊
ခွန်အားသစ်ဖြစ်စေရန် ၊ မှတ်ဉာဏ်ကောင်းစေရန် ၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။

Certificate TH06/3966.02

ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၀၀ တဆထလ(တိုး)၉၉၈) အမှတ် ၁၃၀/ဂ၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

နေရာတိုင်းဆောင်ထား

အရောက်ပို့
တပ်ဆင်
ရှင်းပြ

Rain Flower

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၀၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃



5 Year Warranty

**ကုန်တံဆိပ်အမည် အမှတ်အသားနှင့် ပတ်သက်၍ ဒေါ်အားဝေ(၁၃/ကလတ(နိုင်) ၀၁၉၃၄၆) နှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်း ကြေညာချက်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်-၃၂၀ နေ ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုးသိန်း(၁၂/မဂတ(နိုင်) ၀၆၇၂၃၈)နှင့် ဦးမြတ်နိုးစိုးသိန်း (၁၂/ပဘတ(နိုင်) ၀၃၁၂၉၆) တို့သည် အောက်ဖော်ပြပါ ကုန်တံဆိပ်အမည် အမှတ်အသားများကို တစ်ဦးတည်းမှပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း၍ တိပ်အကြည်၊ အနောက်၊ အရောင်မျိုးစုံ၊ အရွယ်အစားမျိုးစုံကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

| GLOBE TAPE | YOURIJIU TAPE | TopBrothers TAPE |
|---|---|---|
| မှတ်ပုံတင် စာချုပ်အမှတ် ၄/၁၃၆၆/၂၀၁၀ | မှတ်ပုံတင် စာချုပ်အမှတ် ၄/၄၅၂၄/၂၀၁၆ | မှတ်ပုံတင် စာချုပ်အမှတ် ၄/၁၃၁၁၀/၂၀၁၆ |

ကျွန်ုပ်၏ မိတ်ဆွေကြီးများအနေဖြင့် လွန်ခဲ့သော နှစ်များစွာကပင် တိပ်အကြည်၊အနောက်အမျိုးမျိုးကို အရည်အသွေးကောင်း သည်ထက် ကောင်းအောင် ထုတ်လုပ်ကာ ဝယ်ယူသုံးစွဲသူတို့အတွက် အရည်အသွေးမြှင့်တင် ထုတ်လုပ်ရောင်းချလျက်ရှိပြီး၊ ကျသင့်သည့် အခွန်အရပ် ရပ်ကိုလည်း ကျေပွန်စွာထမ်းဆောင်လျက်ရှိပါသည်။ မိမိကိုယ်တိုင် တီထွင်ထားသော ကုန်တံဆိပ်အမည် အမှတ်အသားကို ကျောထောက်နောက်ခံပြုလျက် စဉ်ဆက်မပြတ် ထုတ်လုပ်ကာ သမ္မာအာဇီဝ လုပ်ကိုင်နေသော လုပ်ငန်းရှင်များသာ ဖြစ်ပါသည်။ မည်သည့် ကုန်တံဆိပ်အမည်အမှတ် အသားကိုမျှ တုပပြုလုပ်ခြင်းမရှိ၍မည်သူ့ကိုမျှတောင်းပန်ရန်မရှိပါကြောင်းနှင့် မိမိ၏မူပိုင်တံဆိပ်အမည်အမှတ်အသားကို ထင်ယောင်ထင်မှား ပုံတူပုံမှား တုပပြုလုပ် လက်ဝယ်ထား သိုလှောင်ဖြန့်ချိရောင်းဝယ်နေသူများကိုသာ တည်ဆဲတရား ဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း (မအူပင်) B.A.,H.G.P.,R.L
တရားလွှတ်တော်ရှေ့နေ (၄၁၇၈)
၁၆၂/ပထပ်(ယာ)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့




Another Prestigious Project

MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com

ကာယ၊ ဉာဏ၊ စာရိတ္တစွမ်းရည်မြင့်မားစေမည့် စည်းကမ်းကောင်းသောကျောင်း

**ဦးတင်မောင်ဝင်း**
ကိုယ်ပိုင်အထက်တန်းကျောင်း

**နေ့တက်နှင့် အဆင့်မြင့်ဘော်ဒါ**

(၅)တန်းမှ (၁၀)တန်းအထိ

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

ကျောင်းကား အကြို - အပို့ အစီအစဉ်ရှိသည်။

**အလယ်တန်း၊ အထက်တန်းကျောင်း**

ခေတ်မီပညာရေးသည် ဒေသနှင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်သည်ဟု ယုံကြည်ခြင်းကြောင့်

ဈေးမကြီးသော ပညာသင်ကြေးဖြင့် အကောင်းဆုံးသင်ကြားမှု

ဝန်ဆောင်မှုများကို သင်ကြားမှုအတွေ့အကြုံရင့်ကျက်၍ စေတနာအပြည့်နှင့် စာသင်ကောင်းသော ဆရာ/ဆရာမကြီးများက တာဝန်ယူသင်ကြားပေးမည်။

| နေ့တက်သင်တန်းကြေး | | ဘော်ဒါနေ သင်တန်းကြေး | |
|---|---|---|---|
| ၁၀-တန်း | ၁၀၀၀၀၀ဝိ/- | ၁၀-တန်း | ၂၀၀၀၀၀ဝိ/- |
| ၉-တန်း | ၉၀၀၀၀ဝိ/- | ၉-တန်း | ၂၀၀၀၀၀ဝိ/- |
| ၈-တန်း | ၅၅၀၀၀ဝိ/- | ၈-တန်း | ၁၅၀၀၀၀ဝိ/- |
| ၅/၆/၇-တန်း | ၅၀၀၀၀ဝိ/- | | |

သင်တန်းကြေးအားလုံးကို (၄)ကြိမ်ခွဲသွင်းနိုင်သည်။

**တာဝန်ယူသင်ကြားလေ့ကျင့်ပေးမည့်ဆရာ၊ ဆရာမများ**

| | |
|---|---|
| မြန်မာစာ | ဦးအေးသိန်း B.Ed (လ/ထညွှန်ကြားရေးမှူး-ငြိမ်း) |
| အင်္ဂလိပ်စာ | ဦးဂျက်ဖရီ B.A (Eng:), R.L, Dip in Gem Identification; DL101 WIPO (Switzerland) |
| သင်္ချာ | ဦးအောင်ဆင့် M.Sc (Maths:) ကထိက(ငြိမ်း) |
| ဓာတုဗေဒ | ဒေါ်အေးမြတ်မွန် B.Sc, M.Sc (Chem:) |
| ရူပဗေဒ | ဒေါ်မိုးသီတာချို B.Sc, M.Sc (Phy:) |
| ဇီဝဗေဒ | ဒေါ်တင်တင်အေး B.Sc (Zoo:), B.Ed. |
| | ဦးဇော်မင်း(ဇီဝ) B.Sc (Zoo:), Dip in Agri. |
| ဘောဂဗေဒ | ဒေါ်ချိုချိုဝင်း B.A (IR) |

ဆက်သွယ်ရန် - မင်းလမ်း၊ လိပ်ခေါင်းကျေးရွာ၊ သုံးဆယ်မြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)။ Ph: 09 423 079 159, 09 762 735 370

**SHINE** Since 1997
MODERN FURNITURE

**ယုဇနပလာဇာတွင် (၃)ဆိုင်မြောက် ဆိုင်သစ်ဖွင့်လှစ်ခြင်း**

**(23.3.2017) မှ (27.3.2017) ထိ ၅ရက် တိုင်တိုင်**

- တပ်မတော်ခန်းမ
- တောင်ဥက္ကလာ၊ ရတနာလမ်း Show Room
- ယုဇနပလာဇာရှိ ဆိုင်ခန်းများအားလုံးတွင်

**10% to 70% Off**

ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်၊ 09-420044164, 09-420044220



**MCC** တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသူ/ကျောင်းသားများ တက်ရောက်နိုင်ပါပြီ။
**နွေရာသီ ရက်တိုသင်တန်းများ**

| အခြေခံ ကွန်ပျူတာ သင်တန်း တက်ရောက်ပြီး သူများအတွက် | အလုပ်ခွင်သို့ ချက်ချင်း ဝင်ရောက် လိုသူများအတွက် | တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူများ အတွက် တက္ကသိုလ်ဝင်အကြိုသင်တန်း |
|---|---|---|
| ▪ Programming Technique with JAVA<br>▪ Networking & Network Security | ▪ MCC Secretary Training Course<br>▪ Certified Professional Manager | ▪ Pre-University Foundation Program |

သင်တန်းဖွင့်ရက် - မတ်လ (၂၅)ရက်
သင်တန်းကာလ (၁၀)ပတ်၊ သင်တန်းကြေး - ကျပ် (၂၀၀,၀၀၀)

**Hot-Line: 01-246634, 01-249152**
ကြိုတင်စာရင်းသွင်းရန် - www.facebook.com/mcc.institute

MCC.i (Yangon Campus) Ph - 01-246634, 01-245762, 249152
MCC.i (Yatanarpon Campus) Ph - 09- 960662744, 02-5178112
MCC.i (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC.p (Monywa) - 09-965676777, 09-265333120
MCC.i (Naypyitaw Campus) Ph - 09-254148940, 067 - 421198
MCC.p (Pathein) - 09-451 888 373, 09- 773 510 899

**YWCA**
**ပန်းအလှပြုပြင်နည်းသင်တန်း**
အခြေခံနှင့်အဆင့်မြင့်ပန်းသင်တန်း

နေ့ရက် - ၂၈-၃-၂၀၁၇ မှ ၇-၄-၂၀၁၇
အချိန် - မွန်းလွဲ၁း၀၀နာရီ မှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။
မှတ်ချက် - ဓါတ်ပုံ(၃)ပုံ၊ပန်းညှပ်ကတ်ကြေး၊မှတ်စုစာအုပ်ယူဆောင်လာရန်။

**ထီးရန့် နှင်းရန့်**
မောင်သန်းဆွေ(ထားဝယ်)
တန်ဖိုး ၂၅၀၀ဝိ/-
ထွက်ပြီ
ရတနာပုံစာအုပ်တိုက်

**iS,rnf**
လှိုင်-ပါရမီလမ်းမပေါ်၊ Hall type ငှားမည်။ တစ်လ နှစ်သိန်း၊ ဒု-ထပ်၊
ဖုန်း-၀၉-၉၆၆ ၂၆၁၄၆၀

**y[illegible]&mif;rnf**
မော်ဘီ၊ ကုလားကုန်းရွာ၊ မြောင်းတကာစက်မှုဇုန်အနီး၊ ပြည်လမ်းမ အရှေ့ဘက် မေခလမ်းပေါ်တွင်ရှိသည့် (လယ်+ဥယျာဉ်) (၁၁)ဧကကျော်အား တစ်ဧက သိန်း(၃၅၀) ညှိနှိုင်းဖြင့် ရောင်းမည်။ ရာသီမရွေးခြံရှေ့ထိကားသွားလာနိုင်၊ ခြံထောင့်တွင် လျှပ်စစ်မီးတိုင်ရှိ။ မွေးမြူရေးနှင့် စက်ရုံလုပ်ကိုင်ရန်ကောင်းမွန်။ ပုံစံ (၇) ကျပြီး။
ဆက်သွယ်ရန်ဖုန်း-၀၉ ၂၅၄၂၃၃၅၀၀၊ ၀၉- ၄၅၂၃၃၅၀၀

**0ef[illegible]nf**
* ရွှေဆိုင်အရောင်း (မ)အလိုရှိသည်။
ရွှေရောင်းအတွေ့အကြုံ (၅)နှစ်အထက်ရှိရမည်။
* လုံခြုံရေးဝန်ထမ်း၊ စားဖိုမှူးအလိုရှိသည်။
ဖုန်း-၀၉-၉၆ ၂၆၃၇၇၈၉၊ ၀၉-၂၆ ၂၃၉၈၈၈၇

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 6E/6245 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)





တည်ဆောက်ပြီးစီးပြီဖြစ်သည့် ဒုဋ္ဌဝတီ(ရွှေစာရံ)တံတားကို ဝေဟင်မှ တွေ့ရစဉ်။

# ဒုဋ္ဌဝတီ(ရွှေစာရံ)တံတား မကြာမီဖွင့်လှစ်တော့မည်

**ပုသိမ်ကြီး မတ် ၂၂**

ဒုဋ္ဌဝတီ(ရွှေစာရံ)တံတားကို ယခု မတ် ၃၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄) ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်မိုးခိုင်ထံမှ သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖

## ရှားပါးမျိုးစိတ် ကြံ့သူတော်တစ်ကောင် လွှဲပြောင်းပေးအပ်

**ကော့သောင်း မတ် ၂၂**

သဘာဝတောရိုင်းတိရစ္ဆာန် ရှားပါးမျိုးစိတ် ကြံ့သူတော်တစ်ကောင်အား ကော့သောင်းစစ်ဗျူဟာအဖွဲ့(အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးနိုင်တင်နွဲ့က ကော့သောင်းခရိုင်သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းထံသို့ မတ် ၂၂ ရက် နံနက်ပိုင်းက ကော့သောင်းတပ်နယ် စစ်ဗျူဟာအဖွဲ့ အောင်သူရခန်းမ၌ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်သည့် ကြံ့သူတော်အား ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အေးမြသာယာကျေးရွာနေ တောင်သူ ဦးစိုးထိုက်က မတ် ၁၃ ရက်က တောင်ယာခုတ်ရန်သွားရောက်စဉ် ကြံ့သူတော်ဟုယူဆရသည့် တိရစ္ဆာန်သားအမိအားတွေ့ရှိရာ မိခင်အကောင်ကြီးမှာ လန့်၍ တောအတွင်းသို့ ထွက်ပြေးသွားခဲ့ပြီး သားပေါက်မှာ ကျန်ခဲ့သဖြင့် ဦးစိုးထိုက်က ဒေသခံနယ်မြေတပ်ရင်း တာဝန်ရှိသူများမှတစ်ဆင့် စစ်ဗျူဟာအဖွဲ့(ကော့သောင်း)သို့ မတ် ၁၈ ရက်တွင် အပ်နှံခဲ့ခြင်းဖြစ်သည်။

အဆိုပါကြံ့သူတော်မှာ အရှည် ၃၂ လက်မ၊ အမြင့် ၁၈ လက်မခန့်၊ လုံးပတ် ၂၃ လက်မခန့်ရှိ အထီးဖြစ်၍ ကိုယ်ခန္ဓာပေါ်ရှိအမွေးများမှာ ကျားတစ်ကောင်ကဲ့သို့ အဖြူ၊ အနက်အစင်းများပါရှိပြီး ရှားပါးမျိုးစိတ်ဝင် သဘာဝတောရိုင်းတိရစ္ဆာန်ဖြစ်ရာ ကော့သောင်းခရိုင် သစ်တောဦးစီးဌာနက ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားရှိပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ ထပ်မံလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၄ ရက် သတင်းစာတွင် ပါရှိမည်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၄ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)

## ကျောက်စိမ်းအသားကျောက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် မတ် ၂၂**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ရောင်းချပွဲတွင် နိုင်ငံသားရတနာကုန်သည်များသည် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုရွေးချယ်မှတ်သားကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳






နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ
ကြေးမုံ အထူးကဏ္ဍ
၂၃ - ၃ - ၂၀၁၇ (ကြာသပတေးနေ့)

# အောင်မြင်မှုများဖြင့် ရှေ့သို့ချီတက်နေသည့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

သတင်းဆောင်းပါး – သွန်းဝဿန်
ဓာတ်ပုံ – မေဦးမိုး၊ ဟိုတယ်/ခရီး

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေးအပ်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လေကြောင်းလိုင်းမှသည် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအထိ အကျိုးပြုသည့် Ripple Effect ရှိသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ သဘာဝ သယံဇာတများ ထုတ်ယူသုံးစွဲရသည့် လုပ်ငန်းများထက် များစွာအားသာသည့် စီးပွားရေးတစ်ရပ်ဖြစ်ပြီး အောင်မြင်မှုသည် နိုင်ငံတော်သာမက နိုင်ငံသားများအားလုံးထံ တိုက်ရိုက် ဝင်ငွေလမ်းကြောင်း ဖွင့်ပေးနိုင်သည့် ကဏ္ဍတစ်ခုလည်း ဖြစ်သည်။

Tourist များ သုံးစွဲသွားသော ငွေကြေးများသည် လုပ်ငန်းအနှံ့၊ ဒေသအနှံ့၊ ပြည်သူပြည်သားအနှံ့ထံသို့ စီးဝင်ရောက်ရှိသွားသော Fragmentation တစ်ခုဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေမည်မျှရရှိသည်ကို တိကျစွာတိုင်းတာရန် အလွန်ခက်ခဲသည်။ သို့သော် အစိုးရနှင့် နိုင်ငံသားများအတွက် အထူးအကျိုးပြုသော အတ္တ၊ ပရ အမျှဆုံး လုပ်ငန်းဖြစ်သည်ကို တိုင်းပြည်၏ အဓိက စီးပွားရေးလုပ်ငန်းအဖြစ် အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံများကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပါသည်။

အစိုးရသစ်လက်ထက် တစ်နှစ်တာအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးလျက်ရှိပြီး ပိုမိုတွန်းအားပေးညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်အတွက် “ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ”ကို ဒုတိယသမ္မတ (၂) ဦးဆောင်မှုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ကော်မတီ၏ဦးဆောင်မှုဖြင့် အစိုးရ၊ ပုဂ္ဂလိက ပိုမိုညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်သည်ကို မြင်တွေ့ရသည်။

ခရီးသွားလုပ်ငန်းကို အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး၊ ခရီးစဉ်ဒေသများ ဖော်ထုတ်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးတို့အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသစ်တစ်ခုဖွဲ့စည်းသွားရန်လည်း အကောင်အထည်ဖော်လျက်ရှိသည်။

**ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း**

နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ရှမ်းပြည်နယ် ဓနုဒေသ၊ ပင်းတယနှင့် ရှာငံမြို့နယ်များရှိ ကျေးရွာများ၊ ညောင်ရွှေမြို့နယ်ရှိ လွယ်နွဲ့ဘုရားတောင် ရေဆိပ်ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ် စကားကျေးရွာ၊ မကွေးတိုင်းဒေသကြီး စလေမြို့နယ် မကျီးကန်ကျေးရွာ၊ ချင်းပြည်နယ် ကန်ပက်လက်မြို့ ဆော်လောင်းကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်တောင်ကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာ၊ ဇလုံတောင်၊ ဗန်းမောက်မြို့နယ် ခမိုး၊ ညောင်သာယာနှင့် ခိုပြင်ကျေးရွာ စသည့်နေရာဒေသရှစ်ခုကို အသစ်ထပ်မံတိုးချဲ့၍ ဆောင်ရွက်လျက်ရှိသည်။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်။

ယင်းတို့အနက်မှ မကွေးတိုင်းဒေသကြီး စလေမြို့နယ် မကျီးကန်ကျေးရွာ၊ ချင်းပြည်နယ် ကန်ပက်လက်မြို့ ဆော်လောင်းကျေးရွာနှင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ကျိုက်သလဲကျေးရွာ စသည့်ဒေသသုံးခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍လည်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အလားအလာရှိသည့် နေရာဒေသများတွင် ထပ်မံဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**အာဆီယံခရီးသွားဆုချီးမြှင့်ခံရ**

ထိုသို့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်မှုများကို အာဆီယံမှ အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ စင်ကာပူနိုင်ငံ Marina Bay Sands Expo & Convention Centre တွင် ကျင်းပသော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၇တွင် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ပေးအပ်သည့် ASEAN Community Based Tourism Award 2017 ဆုကို မြန်မာနိုင်ငံမှ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပန်ပက်နှင့်

အထူးကဏ္ဍ (ခ) သို့ »»

**နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ရှမ်းပြည်နယ် ဓနုဒေသ ပင်းတယနှင့် ရှာငံမြို့နယ်များရှိ ကျေးရွာများ၊ ညောင်ရွှေမြို့နယ်ရှိ လွယ်နွဲ့ဘုရားတောင် ရေဆိပ်ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ် စကားကျေးရွာ၊ မကွေးတိုင်းဒေသကြီး စလေမြို့နယ် မကျီးကန်ကျေးရွာ၊ ချင်းပြည်နယ် ကန်ပက်လက်မြို့ ဆော်လောင်းကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်တောင်ကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာ၊ ဇလုံတောင်၊ ဗန်းမောက်မြို့နယ် ခမိုး၊ ညောင်သာယာနှင့် ခိုပြင်ကျေးရွာ စသည့်နေရာဒေသရှစ်ခုကို အသစ်ထပ်မံတိုးချဲ့၍ ဆောင်ရွက်လျက်ရှိ**



ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားရာ ကော့သောင်းမြို့၏ အနောက်မြောက်ဘက် အက်ဒမန်ပင်လယ်အတွင်းရှိ ခရင်းခွကျွန်းကို တွေ့ရစဉ်။



နေပြည်တော်တွင် ၂၀၁၆ ခုနှစ် မေလက ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။

## တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသခံပြည်သူလူထု၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း အသစ်များ ပေါ်ပေါက်လာစေရန်၊ တနင်္သာရီတိုင်းဒေသကြီး အတွင်း သဘာဝအတိုင်း တည်ရှိနေသေးသော ကျွန်းများကို ထိခိုက်ပျက်စီးမှု မရှိဘဲ ခရီးသွားလုပ်ငန်းဖြင့် အစားထိုး အလုပ်အကိုင်များ စီစဉ်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အဆင့်မြှင့်တင်နေခြင်းဖြစ်

**အထူးကဏ္ဍ (က) မှ »»**

တနီးလာလဲကျေးရွာများ၊ ရှမ်းပြည်နယ် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ့နှင့် ကက္ကူကျေးရွာများ၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ကျေးရွာများက ရရှိခဲ့ကြောင်း သိရသည်။

**တနင်္သာရီဒေသကို ခရီးသွားလာမှုမြှင့်တင်မည်**

တနင်္သာရီတိုင်းဒေသကြီးသည် သာယာလှသော ဒေသတစ်ခုဖြစ်ပြီး သဘာဝရေမြေတောတောင်များသည် ဖွံ့ဖြိုးမှုအားနည်းသည့်အတွက် ပကတိအတိုင်းကျန်ရှိနေပြီး ပတ်ဝန်းကျင်ဂေဟစနစ်များလည်း အားကောင်းနေဆဲ တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ သာယာလှပသည့် ကျွန်းပေါင်းများစွာတည်ရှိသည့်အတွက် အဆိုပါကျွန်းများကို လူသိများလာပါက ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာတစ်ခုဖြစ်ခြင်းကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောကြားသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကိုဖွဲ့စည်းခဲ့ပြီး ကော့သောင်း လေဆိပ်ကို နိုင်ငံတကာဝင်ပေါက်အဖြစ် အသွင်ကူးပြောင်းနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသခံပြည်သူလူထု၏ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာစေရန်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝအတိုင်း တည်ရှိနေသေးသော ကျွန်းများကို ထိခိုက်ပျက်စီးမှုမရှိဘဲ ခရီးသွားလုပ်ငန်းဖြင့် အစားထိုး အလုပ်အကိုင်များ စီစဉ်ပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် အဆင့်မြှင့်တင်နေခြင်းဖြစ်ကြောင်း သိရသည်။

ရေရှည်တည့်တံ့ခိုင်မြဲမည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရန် အထူးသဖြင့် မြိတ်ကျွန်းစု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသင့်လျော်ဆုံးဖြစ်မည့် ဒေသများ၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် မသွားရနယ်မြေအဖြစ် သတ်မှတ်သင့်သည့် ဒေသများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကန့်အသတ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့်ဒေသများဟူ၍ အသေးစိတ်ဖော်ညွှန်းကာ ပင်မနယ်မြေသတ်မှတ်ခြင်း စီမံကိန်းတစ်ရပ်ကို ရေးဆွဲပြုစုရန် ကော်မတီကတာဝန်ယူဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**နိုင်ငံတကာပြပွဲများသွားရောက်ပြသ**

တစ်နှစ်တာအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုအောင်မြင်စေရေးအတွက် နိုင်ငံတကာခရီးသွားလာမှုဆိုင်ရာ ပြပွဲများသို့ သွားရောက်ကာ မြန်မာနိုင်ငံမှ ခရီးစဉ်အသစ်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြသခဲ့ရာ ၂၀၁၆ ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် Thailand Travel Market 2016 တွင် ပြခန်း လေးခန်းပြသနိုင်ခဲ့ပြီး JATA Tourism Expo 2016 ကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၁၆ စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက် အထိ ကျင်းပရာတွင်လည်း မြန်မာ Pavilion ပြခန်းကြီး ပါဝင်ပြသခဲ့ပြီး ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်မှုလုပ်ငန်းများ ပြုလုပ်ခဲ့သည်။

အာရှ-ပစိဖိတ် ခရီးသွားလုပ်ငန်းအဖွဲ့ (PATA) ၏ ခရီးသွားလုပ်ငန်းပြပွဲ-၂၀၁၆ ကို အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပရာ ခရီးသွားလာမှုဆိုင်ရာ ပြခန်းလေးခန်းဖွင့်လှစ်ခဲ့ပြီး ASEAN Tourism Forum 2017 ကို စင်ကာပူနိုင်ငံ၌ ၂၀၁၇ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံမှ ပြခန်းသုံးခန်း ပါဝင်ပြသခဲ့သည်။ ITB Berlin ကို ၂၀၁၇ မတ် ၈ ရက် မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး ဂျာမနီနိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ မီတာ ၁၀၀ ပတ်လည် ပြခန်း တစ်ခန်း ပါဝင်ပြသခဲ့သည်။ အဆိုပါပြပွဲတွင် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ CBT ကျေးရွာများအတွက် TO DO! 2017 -TO DO! International Contest Socially Responsible Tourism ဆုကို မြန်မာနိုင်ငံက လက်ခံရရှိခဲ့သည်။

**လူ့စွမ်းအားအရင်းမြစ်ကိုမြှင့်တင်**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသည် လူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ

**အထူးကဏ္ဍ (ဂ) သို့ »»**



ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းအဖြစ် ကျေးလက်ဒေသများ၏လူနေမှုဘဝများကိုလေ့လာနေကြသော ကမ္ဘာလှည့်ခရီးသွားများ။

## ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းသည် လူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ခရီးသွားများနှင့် ဒေသခံများ အကြား ဆက်ဆံမှုအဆင်ပြေ ချောမွေ့စေရေးနှင့် ဘာသာစကားနားလည်မှု၊ ယဉ်ကျေးမှုနှင့် ဆောင်ရန် ရှောင်ရန်များ သိရှိလိုက်နာ တတ်စေရန်အတွက် ရည်ရွယ်ကာ ၂၀၁၆ မေပြီမှ ၂၀၁၇ ဖေဖော်ဝါရီအထိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများနှင့် ဆက်စပ် သင်တန်းများ စုစုပေါင်း (၆၁) ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၈၂၄၀ မွေးထုတ်ပေးနိုင်ခဲ့




ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား JFPR Grant Agreement လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အထူးကဏ္ဍ (ခ) မှ »»**

ရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ခရီးသွားများနှင့် ဒေသခံများအကြား ဆက်ဆံမှုအဆင်ပြေချောမွေ့စေရေးနှင့် ဘာသာစကားနားလည်မှု၊ ယဉ်ကျေးမှုနှင့် ဆောင်ရန်ရှောင်ရန်များ သိရှိလိုက်နာတတ်စေရန်အတွက် ရည်ရွယ်ကာ ၂၀၁၆ မေပြီမှ ၂၀၁၇ ဖေဖော်ဝါရီအထိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများနှင့် ဆက်စပ်သင်တန်းများ စုစုပေါင်း (၆၁)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၈၂၄၀ မွေးထုတ်ပေးနိုင်ခဲ့ကြောင်းသိရပြီး ပြည်ပအဖွဲ့အစည်းများနှင့် ပူပေါင်းကာ ပြည်တွင်းပြည်ပ လေ့လာရေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

**တစ်နှစ်တာအတွင်း ဟိုတယ် ၄၂ လုံးခွင့်ပြု**

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၄၂ လုံး၊ အခန်း ၁၉၉၂ ခန်းအား ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း ခွင့်ပြုမိန့်ပေးထားပြီး အဆိုပါကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၂၂လုံး၊ ၅၅၇၇ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း ၇၇၂ ခု၊ ပို့ဆောင်ရေးလုပ်ငန်း ၁၈၄၂ ခုနှင့် ဧည့်လမ်းညွှန်လုပ်ငန်း ၈၂၅ ခုတို့အား ခရီးသွားလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်များပေးအပ်ခဲ့ပြီး http://elicence.tourism.gov.mm မှတစ်ဆင့် လွယ်ကူစွာ လျှောက်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး လိုင်စင်လျှောက်ထားလာရာတွင် ကြန့်ကြာမှုမရှိစေရန် ယာယီလုပ်ငန်းလိုင်စင်ကြိုတင်ခွင့်ပြုပေးနေကြောင်း သိရသည်။

**ဒေသတွင်းနှင့် ပူးပေါင်းဆောင်ရွက်**

မြန်မာ့ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် CLMV လေးနိုင်ငံနှင့် Four Countries One Destination Conference ကို ၂၀၁၆ ဇူလိုင်တွင် ကျင်းပနိုင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ အမြင်ဖလှယ်ခြင်း၊ ပူးပေါင်းဈေးကွက်မြှင့်တင်ခြင်းနှင့် CLMV နိုင်ငံများအကြား ပိုမိုရင်းနှီးချစ်ခင်မှုဖြစ်ပေါ်လာစေခဲ့သည်။ မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၇ ဇန်နဝါရီလတွင် ကျင်းပခဲ့ပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ချယ်ရီပင်စိုက်ပွဲတော်ကို ၂၀၁၇ ဇန်နဝါရီက နေပြည်တော်၌ ကျင်းပခဲ့ပြီး စိုက်ပျိုးရန်လျာထားသော အပင် ၁၀၀၀ အနက် အပင် ၁၀၀ ကို စတင်စိုက်ပျိုးခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ပထမအကြိမ် တရုတ်-မြန်မာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ၂၀၁၇ မတ်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လင်ချန်း မဲခေါင်မြစ်တစ်လျှောက် မြို့များ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ဘဏ္ဍာငွေရှာဖွေမည်**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် အဆင့်အတန်းမီသည့် ဟိုတယ်များထွက်ပေါ်လာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ လူသားရင်းမြစ်များ၏ အသိပညာများ တိုးမြှင့်ရေး၊ ခရီးသွားလာမှုအတွက် ဆွဲဆောင်မှုရှိသည့် ခရီးသွားအသိုက်အဝန်းကို ဖော်ဆောင်ရေး စသည်တို့အတွက် လိုအပ်သည့်ဘဏ္ဍာငွေများကို နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်သို့ တောင်းခံတင်ပြခြင်း၊ ခရီးသွားဧည့်သည်များကို ခရီးသွားခွန် စည်းကြပ်ကောက်ခံခြင်း၊ နိုင်ငံတော်ဂျီဒီပီ၏ ခရီးသွားလုပ်ငန်းများဝင်ငွေမှ ရာခိုင်နှုန်းဖြင့် ခွင့်ပြုပေးခြင်း၊ ပုဂ္ဂလိကမှ

**အထူးကဏ္ဍ (ဃ) သို့ »»**




မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲများပြသ၍ ဆွဲဆောင်လျက်ရှိသည်။

အထူးကဏ္ဍ (ဂ) မှ »»

ရန်ပုံငွေများကောက်ခံခြင်းစသည့် နည်းလမ်းများအနက်မှ သင့်လျော်သည့်နည်းလမ်းကို အသုံးပြုကာ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"ခရီးသွားကဏ္ဍမြှင့်တင်ဖို့အတွက် ရထားတဲ့ ဘတ်ဂျက်သုံးစွဲနိုင်မှုက အလွန်နည်းနေပါသေးတယ်။ အာဆီယံနိုင်ငံတွေအနေနဲ့ဆို ဗီယက်နမ်မှာ ခရီးသွားလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၄ သန်း၊ ဖိလစ်ပိုင်မှာ ၁၀ ဒသမ ၄ သန်း၊ ထိုင်းမှာ ၂၂ ဒသမ ၂ သန်း၊ မလေးရှားမှာ ၈၉ ဒသမ ၈ သန်းအထိ သုံးစွဲနေတာကို တွေ့ရပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ Tourism Promotion Budget ရရှိမှုသည် အာဆီယံဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာလုပ်ငန်းများ မြှင့်တင်ခြင်းအတွက် ခွင့်ပြုငွေမှာ အမေရိကန်ဒေါ်လာ သုံးသိန်းခန့်သာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ခရီးသွားအကျိုးပြုလုပ်ငန်းများဆောင်ရွက်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အစိုးရသစ် တစ်နှစ်တာအတွင်း အခြားခရီးသွားအကျိုးပြုလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် မြန်မာ-လာအို-ကမ္ဘောဒီးယား-ဗီယက်နမ် နိုင်ငံဖြတ်ကျော်ခရီးစဉ်များ စတင်ဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပြီး ညောင်ရွှေမြို့နယ် ကျောက်တိုင်ကွင်းတွင် ညဈေးကို ဖွင့်လှစ်ထားရှိနိုင်ခဲ့သည်။ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်လျက်ရှိသည့်အပြင် ဧည့်စာရင်းကို Email စနစ်ဖြင့် ပေးပို့ခွင့်ရရှိအောင် ဆောင်ရွက်ထားကြောင်း သိရသည်။ ထို့ပြင် ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်နေသော ဟိုတယ်များ အဆင့်မြင့်မားရေးနှင့် လုပ်ငန်းပိုမိုအောင်မြင်ရေး၊ နိုင်ငံတော်မှ အကျိုးအမြတ်ပိုမိုရရှိရေးတို့ကို နည်းလမ်းရှာဖွေကာ ဆောင်ရွက်နေကြောင်း သိရသည်။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဆွဲဆောင်မှုရှိသည့် ခရီးသွားကဏ္ဍဖော်ဆောင်ရေးအတွက် ခရီးသွားများစိတ်ဝင်စားမည့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ထိရှလွယ်သည့် ဟိုတယ်/ခရီး**

ဟိုတယ်နှင့် ခရီးသွားလာခြင်းလုပ်ငန်းသည် တိုင်းပြည်၏ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သော်လည်း ထိလွယ်ရှလွယ်ဆုံးသော လုပ်ငန်းလည်းဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ နိုင်ငံ၏ Image အားနည်းခြင်း၊ ရောဂါဘယများ ကျရောက်ခြင်းစသည့် ဆိုးရွားသောကိစ္စများ ဖြစ်ပွားကြုံတွေ့ပါက မည်မျှပင်ကြိုးပမ်းပါစေ အရာမထင်သည့်လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

"ဟိုတယ်နဲ့ ခရီးသွားလာမှုဆိုင်ရာကို တစ်နှစ်တာအတွင်းမှာ မြှင့်တင်ခွင့်ရသလောက် မြှင့်တင်ပေးခဲ့ပါတယ်။ အစိုးရသစ်ရဲ့ ကျန်ရှိနေသေးတဲ့ သက်တမ်းတွေမှာလည်း ခရီးသွားလာတဲ့နေရာအသစ်တွေကို ဖော်ထုတ်ပေးမယ်။ ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ ပြည်သူတွေအားလုံးကို အသိပညာတွေ၊ နည်းပညာတွေနဲ့ ဘာသာစကားတွေ နားလည်ကျွမ်းကျင်အောင် ပြုစုမယ်။ လုပ်ထုံးလုပ်နည်း အဟောင်းတွေကို ပြန်လည်ပြုပြင်ပြောင်းလဲပေးရင်းနဲ့ ရှေ့ကိုဆက်လက်ချီတက်သွားမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ရှင်းပြသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးသည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်လာရေး၊ တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲပြီး အများပါဝင်မှုရှိသော တာဝန်သိ ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းများအားလုံး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

တစ်နှစ်တာအတွင်း ဟိုတယ်နှင့် ခရီးသွားလာမှုဆိုင်ရာများ မြှင့်တင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် အစိုးရသက်တမ်းအတွင်းတွင်လည်း အမျိုးသားဝင်ငွေ ပိုမိုတိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးတို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးစဉ်ဒေသအလိုက် ဆွဲဆောင်မှုနေရာများ၊ ပြကွင်းပြကွက်များ စုံလင်စွာပြသခြင်းဖြင့် ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု မထိခိုက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးစေရန် ဆောင်ရွက်မည်ဖြစ်ကာ မြန်မာနိုင်ငံကို ထင်ရှားသည့် ခရီးစဉ်ဒေသအဖြစ် ပေါ်ထွက်လာနိုင်စေရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ တစ်နှစ်အတွင်း လုပ်ဆောင်ကြိုးပမ်းချက်များကို တင်ပြလိုက်ရပါသည်။

၀၀၀




ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန မော်လမြိုင်(ရုံးခွဲ) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ

ညီညီဆွေ



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ။

**မြန်မာနိုင်ငံ၏စပါးကျီဟု တင်စားခေါ်ဝေါ်သည့် ဧရာဝတီတိုင်းဒေသကြီးသည် ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသော်လည်း ယခုအခါ ပြန်လည်နာလန်ထူလာခဲ့ပြီဖြစ်သည်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းအပြင် စက်မှုလုပ်ငန်းများထူထောင်ကာ တိုင်းဒေသကြီးအတွက် သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ပါ တစ်ဖက်တစ်လမ်းမှ အဓိကကူညီပံ့ပိုး ဆောင်ရွက်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်**

မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားခေါ်ဝေါ်သည့် ဧရာဝတီတိုင်းဒေသကြီးသည် ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသော်လည်း ယခုအခါ ပြန်လည်နာလန်ထူလာခဲ့ပြီဖြစ်သည်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းအပြင် စက်မှုလုပ်ငန်းများ ထူထောင်ကာ တိုင်းဒေသကြီးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ပါ တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီပံ့ပိုးဆောင်ရွက်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

မော်တင်စွန်းဘုရားဖူးများ၊ ငွေဆောင်၊ ချောင်းသာတို့တွင် အပန်းဖြေအနားယူသူများ၊ ပြည်တွင်းပြည်ပမှ ခရီးသွားများဖြင့် စည်ကားနေသော တိုင်းဒေသကြီးလည်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် ယာယီစာရင်းအရ လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၅၀၀၀၀ ခန့်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၇၀၀၀၀ ကျော် ခန့်မှန်းထားကြောင်း သိရသည်။

**ရင်းနှီးမြှုပ်နှံမှု**

စီးပွားရေးကဏ္ဍ၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၂၁ ခု တန်ဖိုးငွေကျပ် သန်းပေါင်း ၁၉၀၀၀၀ ခန့်နှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ၂၀ တန်ဖိုးငွေ အမေရိကန် ဒေါ်လာ သန်းပေါင်း ၃၇၀ ခန့်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ကြသည်။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စက်နှင့်ဆားစက်များကို ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပေးပြီး နည်းပညာများပံ့ပိုးပေးခဲ့သည်။ SME လုပ်ငန်း ၇၀၀ ကို ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန် SME member Card ထုတ်ပေးပြီး SME လုပ်ငန်းရှင် ၇၀ တို့အား CGI စနစ်ဖြင့် ချေးငွေထုတ်နိုင်ရန် CB Bank နှင့်ချိတ်ဆက်ပေးခဲ့သည်။ SME လုပ်ငန်းရှင်များ Capacity Building များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Training and Workshop များဆောင်ရွက်ပေးကာ ပုဂ္ဂလိက စက်မှုလုပ်ငန်းပေါင်း ၃၆၀ ခန့်ကို မှတ်ပုံတင်ပေးခဲ့သည်။ စက်ရုံ၊ အလုပ်ရုံများ ဘွိုင်လာအန္တရာယ်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းပေါင်း ၂၃၀၀ခန့်ကို စစ်ဆေးဆောင်ရွက်ခဲ့သည်ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**စက်မှုဇုန် သုံးခု**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက "ပုသိမ်၊ မအူပင်၊ ညောင်တုန်း စက်မှုဇုန်တွေ ဖော်ထုတ်နေပါတယ်။ အခုဆိုရင် ပုသိမ်မှာ စက်မှုဇုန်ရှိနေပါပြီ။ ညောင်တုန်းနဲ့ မအူပင်မှာ စတင်ဖော်ထုတ်နေပါပြီ။ ဒီနေရာတွေအများကြီး တိုးတက်လာရင် ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ တိုင်းဒေသကြီးအတွင်းက ပြည်သူတွေ ပြန်လာမှာ မုချမလွဲပါပဲ။ ဒီလူတွေကို ကျွန်တော်တို့က ကြိုဆိုနေမယ်ဆိုတာကို ပြောနိုင်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီး ကမ်းရိုးတန်းတောက်လျှောက်မှာ ဆိပ်ကမ်းတစ်ခုကိုလည်း ဖော်ထုတ်ဖို့ကြိုးစားနေပါတယ်"ဟု ပြောသည်။

စပါးကျီဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၌ မိုးစပါး ဧက ၃၇ သိန်းကျော်နှင့် နွေစပါးဧက ၁၃ သိန်းကျော် စုစုပေါင်း စိုက်ဧက သိန်း ၅၀ ကျော် စိုက်ပျိုးသည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၈ ဒသမ ၂၀ ရာခိုင်နှုန်းရှိသည်။

**တောင်သူဖလှယ်စနစ်**

သီးနှံ အထွက်တိုးရန်အတွက်လည်း သုတေသနနှင့်မျိုးသန့်ခြံများမှ မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed-RS) များကိုရယူပြီး မြို့နယ် ၂၆ မြို့နယ်တွင် မျိုးစေ့ထုတ် အကျိုးဆောင် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed-CS) အဆင့်ရောက်အောင် ပွားများထုတ်လုပ်ပြီး တောင်သူစိုက်ခင်းများသို့ ဌာနအစီအစဉ်နှင့် တောင်သူဖလှယ်စနစ်ဖြင့် စုစုပေါင်း တင်း ၁၆၁၀၀၀၀ ကျော်ကို ဖြန့်ဖြူးစိုက်ပျိုးနိုင်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ပူးပေါင်းပြီး ဘက်စုံစံပြကျေးရွာစီမံကိန်းကို ပုသိမ်နှင့် ကန်ကြီးထောင့်မြို့နယ်များရှိ ကျေးရွာ ၁၀ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စိုက်ပျိုးရေးမှာ အောင်မြင်ဖို့**

"ကျွန်တော်တို့တိုင်းဒေသကြီးဟာ စိုက်ပျိုးရေးတိုင်းဒေသကြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာ အောင်မြင်ဖို့အတွက် အဓိကက မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေး၊ ဓာတ်မြေဩဇာ စံချိန်မီများကို ထုတ်ပေးနိုင်ရေး၊ ဒီလို ထုတ်ပေးနိုင်ဖို့အတွက်ဆိုရင် စိုက်/ဘဏ်ချေးငွေကို ပေးရမှာဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့အခါမှာ အချိန်မီထုတ်ပေးနိုင်ရေးအတွက် ကြိုးစားခဲ့ကြရပါတယ်။ တစ်နှစ်တာအတွင်းမှာ ကျပ်သန်းပေါင်း ၄၈၀၀၀၀ ကျော် ထုတ်ပေးနေတဲ့အတွက် အရင်ကထက် ကျပ်သန်းပေါင်း ၁၆၀၀၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ပါတယ်"ဟု

**အထူးကဏ္ဍ (စ) သို့ »»**





ဧရာဝတီတိုင်းဒေသကြီးအတွင်း ချောင်းကော၊ မြောင်းကောများ ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**အထူးကဏ္ဍ (ဂ) မှ »»**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

"လယ်သမားတွေ အာမခံရရှိဖို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (၇) ထုတ်ပေးဖို့ကလည်း အရေးကြီးပြန်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ထုတ်ပေးနိုင်မှုအနေနဲ့ တစ်နှစ်တာအတွင်းမှာ လယ်ယာမြေ ဧရိယာဧကပေါင်း ၄၁ သိန်းကျော် ထုတ်ပေးနိုင်ခဲ့ပါတယ်။"

"ပုသိမ်-ကြံခင်းရထားလမ်း၊ ဟင်္သာတ-ဇလွန် ရထားလမ်း ဖောက်စဉ်က မြေတွေကို သိမ်းခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့အတွက် ဖြစ်ပါတယ်။ နောက် ဘိုကလေး - စက်ဆန်း - ထော်ပိုင် - အမာကားလမ်းဖောက်စဉ်ကလည်း မြေတွေကို သိမ်းခဲ့ရပါတယ်။ ဒီလမ်းဖောက်စဉ် ပါသွားတဲ့ အိမ်မြေတွေအတွက် လျော်ကြေး နစ်နာငွေ ကျပ်သန်းပေါင်း ၂၂၀၀ ကျော် ပေးအပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ တစ်ချိန်က စီမံကိန်းအတွက် သိမ်းထားတာတို့၊ လမ်းတံတားဆောက်လုပ်ရေးအတွက် သိမ်းထားတာတို့ မြေတွေရှိခဲ့တဲ့ အထဲက စွန့်လွှတ်မြေဧကပေါင်း ၆၇၆၀ ကိုလည်း တောင်သူတွေကို ပြန်လည်ပေးအပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။"

**နွေစပါးနှင့် ဆောင်းသီးနှံ**

"မြန်အောင်-ဟင်္သာတ-ဇလွန်-အင်္ဂပူ-ဓနုဖြူ-ညောင်တုန်း-မအူပင်မြို့ကြီးတွေဟာ အမြဲတမ်းနှစ်စဉ်လိုပဲ တစ်မြို့မဟုတ် တစ်မြို့ကတော့ ကမ်းပြိုလျက်ရှိနေတာကို တွေ့ရပါတယ်။ အဲဒါတွေကိုလည်း မြစ်ကမ်းထိန်းတာကြီးတွေကို ပြီးစီးအောင်လုပ်ပေးနိုင်ခဲ့တဲ့ အတွက် လယ်ဧကပေါင်း သုံးသိန်းကျော်ကို ရေဘေးကနေ ကာကွယ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ တိမ်ကောနေတဲ့ ချောင်းကော၊ မြောင်းကော ၂၆၂ ခုကို ပြုပြင်တူးဖော်ပေးနိုင်ခဲ့ပြီး တာတမံ ၂၄ ခုကိုလည်း မွမ်းမံပြီး အဆင့်မြင့်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဝါးခယ်မမြို့နယ် ရွှေလောင်း ကျုံးပတ်တာအတွင်းမှာ ရေနုတ်မြောင်း ၁၈ မြောင်းကို လုပ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နွေစပါးနဲ့ ဆောင်းသီးနှံကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။"

"ကြံခင်း-မြန်အောင် နွေစပါးစိုက်ပျိုးခင်းတွေအတွက် ကျွန်းချောင်းဆည်ကိုလည်း ဆည်ရေသောက်စနစ်အတွက် လိုအပ်တာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးဟာ မိုးတွင်းမှာ ရေကြောင့် ဒုက္ခရောက်သလို နွေရာသီမှာလည်း ရေတွေ ခန်းခြောက်ပြီး သောက်သုံးရေကို ပို့ပေးနေရတာ ရှိပါတယ်။ ဂျပန်နိုင်ငံ JICA နဲ့ ပူးပေါင်းပြီး မြန်မာကျပ်ငွေ ၂ ဒသမ ၅ ဘီလီယံကျော် အကုန်အကျခံပြီး ရေပေးဝေဖို့ အခုမတ်လမှာ ဖျာပုံမြို့ပေါ် ရပ်ကွက်များကို ရေဂါလန် ခြောက်သိန်းကျော် စတင်ဖြန့်ဝေပေးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

**ဆိုလာပါဝါစနစ်ဖြင့် မီးလင်း**

တစ်နှစ်တာအတွင်း မဟာဓာတ်အားလိုင်းမရရှိသေးသည့် ကျေးရွာ ၄၆၅ ရွာကို ဆိုလာမီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆိုလာပါဝါစနစ်ဖြင့် မီးလင်းရေးအတွက် ကျေးရွာ တစ်ရွာ အိမ်ခြေ ၁၅၀ ကျော်အတွက် ဆောင်ရွက်နိုင်ခဲ့သည်။

**အထူးကဏ္ဍ (ဆ) သို့ »»**





အထူးကဏ္ဍ (စ) မှ »»

တစ်အိမ်ထောင်သုံး ဆိုလာစနစ်မီးလင်းရေးနှင့် ကျေးရွာ ၄၆၀ ကျော်၊ စာသင်ကျောင်း ၃၄၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဆေးပေးခန်း ၇၈ ခန်း၊ ဘာသာရေးကျောင်း ၄၀၁ ကျောင်း၊ ကျေးရွာတွင်းလမ်းမီးတိုင် ၂၃၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်မှုနှင့် ပတ်သက်ပြီး (၆၆) ကေဗွီဓာတ်အားလိုင်း ၁၇ မိုင်၊ (၃၃) ကေဗွီဓာတ်အားလိုင်း ၆ မိုင်၊ (၁၁) ကေဗွီဓာတ်အားလိုင်း မိုင် ၇၀ ကျော်၊ (၀. ၄) ကေဗွီဓာတ်အားလိုင်း မိုင် ၂၀ ကျော်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဓာတ်အားခွဲရုံကြီးများကိုလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ (၆၆/၃၃/၁၁ ) ကေဗွီ (၂၀) အမ်ဗွီအေတိုးချဲ့ပေးနိုင်ခဲ့သည်။

ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင် ခြောက်ခရိုင်တွင် မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၇၄ ခုကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခင် ဆက်သွယ်ရေးလွှမ်းခြုံပေးမှုမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၆၅ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လွှမ်းခြုံနိုင်ခဲ့ပြီး ဝေးလံသောဒေသများဖြစ်သည့် ပြင်စလူ၊ ငရုတ်ကောင်းဒေသ ဂေါ်ရန်ဂျီကျွန်း၊ ရွှေသောင်ယံဘောမိဒေသများတွင်လည်း ဆက်သွယ်နိုင်ပြီဖြစ်သည်။

အထက်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ မူလတန်းကျောင်း၊ မူလတန်းကျောင်း (ခွဲ) စုစုပေါင်း ၃၆၁ ကျောင်း၊ တက္ကသိုလ်ဝင်စာစစ်ဌာန ၂၆ ခုကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး နေ့စားလပေး မူလတန်းပြဆရာ ဆရာမ ၃၃၀၀ ခန့်နှင့် နေ့စားလပေး ပညာရေးရုံးဝန်ထမ်း ၄၄၀ ကျော်ကို ဖြည့်ဆည်း ခန့်ထားပေးနိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ဆုအဖြစ် အထက်တန်း၊ အလယ်တန်း စုစုပေါင်း ၁၄၅ ဦးကိုလည်းကောင်း၊ ပညာသင်ထောက်ပံ့ကြေးအဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်း ၁၉၀၀ ခန့်ကိုလည်းကောင်း ချီးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဗလာစာအုပ် ၃၀၅၀၀၀ ဒါဇင်ခန့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၁၉၀၀၀၀ ခန့် ထောက်ပံ့နိုင်ခဲ့ကာ ပုသိမ်ပညာရေးကောလိပ်မှ ဆရာဆရာမ ၂၃၀၀ခန့် မွေးထုတ်ပေးနိုင်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး သုံးရုံး၊ တိုက်နယ်ဆေးရုံ လေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာန ခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၁ ခု၊ ဆရာဝန်၊ သူနာပြုစုစုပေါင်း ၆၀၆ ဦး ခန့်ထားနိုင်ခဲ့ပြီး အထူးကုဆရာဝန်ကြီးများ ဦးဆောင်ကာ ကွင်းဆင်းဆေးကုသမှုအကြိမ် (၃၀)ဖြင့် လူနာပေါင်း ၂၅၀၀၀ ခန့်ကို ကုသပေးနိုင်ခဲ့သည်။ ပြည်သူများကို ဆေးဝါးဝယ်ယူအသုံးချရေးအတွက် ကျပ်သန်း ၁၇၈၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဆေးရုံများအတွက် ကျပ်သန်း ၄၄၀၀ ခန့် ထောက်ပံ့ပေးနိုင်ခဲ့သည်။

### အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်

အင်း ၁၇၇၇ အင်းအနက်မှ အင်း ၂၀၉ အင်းကို ရေလုပ်သားအစုအဖွဲ့ ၂၀၄ ဖွဲ့သို့ ကြမ်းခင်းဈေးဖြင့် လုပ်ကိုင်ခွင့်များ ချထားပေးကာ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ငါးမွေးမြူရေးလုပ်ငန်းတွင် ရေချိုငါးပိသာ ထောင်ပေါင်း ၆၃၀၀၀၀ ကျော်နှင့် ရေငန်ငါး ပိသာထောင်ပေါင်း ၃၂၈၀၀၀ ခန့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ရေချိုငါးလုပ်ငန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ရေငန်ငါးလုပ်ငန်းမှာ သုည ဒသမ ၆၆ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။



မြို့နယ်လေးမြို့နယ်တွင် မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ တည်ထောင်မှုအနေဖြင့် ရန်ပုံငွေကျပ်သန်း ၁၂၀ အသုံးပြုပြီး ကျေးရွာလေးရွာတွင် ဝက် ၈၇၅ ကောင်၊ ဘဲ ၁၄၀၀ ခန့်၊ ကြက် ၈၀၇ ကောင်တို့ကို တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

### တိုးတက်ပေါက်ဖွား

နွားမေထုန်မဲ့သားစပ်လုပ်ငန်းမှာလည်း မျိုးမြင့်သားစပ်ကောင်ရေ ၅၀၀ တိုးချဲ့ သားစပ်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ကောင်ရေ ၁၅၀ တိုးတက်ပေါက်ဖွားနိုင်ခဲ့သည်။ ရေဘေးသင့်မြို့နယ် ၁၆ မြို့နယ်သို့ စပ်စာတောင့်အိတ် ၁၀၀၀ ကျော်၊ မြက် ၁၄ တန် တန်ဖိုးငွေကျပ် သန်း ၂၀ ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ ကျွဲ၊ နွား ခွာနာလျှာနာရောဂါဖြစ်ပွားသော ကျေးရွာ ၁၀ ရွာမှ နွားအကောင်ရေ ၄၀၀၀ ကို ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင် ထိခိုက်မှုမရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထူးကဏ္ဍ (ဇ) သို့ »»



ရေလုပ်ငန်းခွင်မှ ရေလုပ်သားများ။



ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည်နှင့်အညီ ခေတ်မီဆန်စက်ကြီးများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသည်။

အထူးကဏ္ဍ (ဆ) မှ »»


ဧရာဝတီတိုင်းဒေသကြီးတွင် စက်မှုဇုန်များဖော်ထုတ်၍ အထည်ချုပ်လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။

## ပြည်တွင်းပြည်ပခရီးသွား လေးသိန်းခွဲ

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အနေဖြင့် ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ၊ ဖျာပုံနှင့် မြတ်မော်တင်စွန်းဒေသများတွင် နိုင်ငံခြားဧည့်သည်များ တည်းခိုနိုင်သည့် အဆင့်မြင့်ဟိုတယ် နှစ်လုံး၊ တည်းခိုရိပ်သာ လေးလုံး၊ အခန်းပေါင်း ၁၇၈ ခန်းအား လုပ်ငန်းလိုင်စင်ချထား ခွင့်ပြုဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ လေးသိန်းခွဲကျော်ရှိသည့်အတွက် ယခင်နှစ်ထက် ၆၉ ရာခိုင်နှုန်းတိုးတက်ဝင်ရောက်လျက်ရှိပြီး ဝင်ငွေရရှိမှုမှာ ပြည်တွင်းကျပ် သန်း ၁၃၁၀၀ ကျော်နှင့်ပြည်ပဒေါ်လာ ၁၆၆၀၀၀၀ ကျော် ရရှိခဲ့သည်။

သဘာဝဘေးနှင့်ပတ်သက်ပြီး အိမ်ခြေ ၂၉၀၀၀ ကျော်အတွက် အိမ်ဆောက်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၇ မြို့နယ်တွင် ဆိုင်ကလုန်းရှယ်လ်တာ ၅၅ ခုကို တည်ဆောက်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်သည့် ပြည်သူများအားထောက်ပံ့ရန် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးကို တိုင်းဒေသကြီး ဦးစီးမှူးရုံး ပုသိမ်မြို့တွင် အိမ်ထောင်စု ၅၀၀၀ စာ၊ ဟင်္သာတ၊ မြောင်းမြ၊ ဖျာပုံ၊ လပွတ္တာ ခရိုင်ရုံးများတွင် အိမ်ထောင်စု ၅၀၀၀ စာ စီစဉ်ထားရှိပြီး ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးများအတွက် ရန်ပုံငွေများကိုလည်း စီစဉ်ထားရှိကြောင်း သိရသည်။

## တွင်တွင်ကျယ်ကျယ်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ တိုးပွားစေရန်အတွက် သင်တန်း၊ ဟောပြောပွဲ၊ ဇာတ်တိုက်လေ့ကျင့်ခန်းများကိုလည်း တွင်တွင်ကျယ်ကျယ် ဆောက်ရွက်လျက်ရှိပြီး ကြိုတင်သတိပေးစနစ် ပိုမိုကောင်းမွန်စေရန်အတွက် စက်ကိရိယာများကိုလည်း တိုးချဲ့တပ်ဆင်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ကျေးလက် လမ်း၊ တံတားတွေကောင်းဖို့ သိပ်အရေးကြီးပါတယ်။ ကျွန်တော်တို့မြို့ပေါ်မှာချည်းပဲ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးရှိတာ မဟုတ်ပါဘူး။ ကျေးလက်တွေမှာလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်နေတဲ့ လူတွေအတွက် လမ်း၊ တံတားကောင်းဖို့ သိပ်အရေးကြီးပါတယ်။ ဒီလမ်း၊ တံတားတွေမှာ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ ကွန်ကရစ်တံတား၊ သံကူကွန်ကရစ်တံတား၊ သစ်သားတံတား၊ ဘေလီတံတားတွေကိုလည်း ဆောက်ပေးလျက်ရှိပါတယ်။ လမ်းဦးစီးဌာန လမ်း၊ တံတားအတွက် ငွေကျပ်သန်းပေါင်း ၆၀ ဘီလီယံကျော် သုံးစွဲနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေးကိုလည်း အထူးကြိုးစားပြီးဆောင်ရွက်နေတာကို ပြည်သူတွေကို ပြောကြားလိုပါတယ်။

"ပြည်သူတွေကိုပစ်မထားဘဲ အကောင်းဆုံးကြိုးစားပြီး ပြည်သူတွေကို အလုပ်အကျွေးပြုသွားမယ်ဆိုတာကို ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။ ။


အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများ။


ရေလုပ်ငန်းခွင်မှ ရေလုပ်သားများ။

